*Margaret Hill, Harriet Hill,*
*Richard Baggé, Pat Miersma*

# စိတ်ဒဏ်ရာများ ကျန်းမာစေရန်
# အသင်းတော်သည် မည်သို့ ကူညီနိုင်မည်နည်း။

Burmese Catholic version translated in 2023.

နှင့် တွဲသုံးရန် ဖြစ်သည်။

American Bible Society

Breakthrough Language Center (BLC)
*Transforming lives*

ဤစာအုပ်တွင် ဖော်ပြထားသည့် ဓမ္မသစ်ကျမ်းပိုဒ်များနှင့် ဆာလံကျမ်းပိုဒ်များသည် ကက်သလစ် ကျမ်းစာတော်မြတ်ဘာသာပြန်အဖွဲ့မှ ဘာသာပြန်ထုတ်ဝေထားသော ကက်သလစ် မြန်မာ ကျမ်းစာ တော်မြတ် (Third Edition)မှ ဖြစ်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်သည် ဆိုပါက အဘယ်ကြောင့် ဒုက္ခဆင်းရဲ ခံစားရပါသနည်း။ | 5 |
| ၂။ | ကျွန်ုပ်တို့၏ စိတ်ဒဏ်ရာများကို မည်သို့ ကျန်းမာစေနိုင်ပါမည်နည်း။ | 16 |
| ၃။ | လူတစ်ဦးသည် ဝမ်းနည်းပူဆွေးရချိန်တွင် မည်သို့ဖြစ်တတ်သနည်း။ | 19 |
| ၄။ | ဆိုးဝါးသည့် အခြေအနေများ ကြုံတွေ့ခဲ့ကြသော ကလေးငယ်များကို ကူညီပေးခြင်း။ | 23 |
| ၅။ | မုဒိမ်းကျင့်ခံရသော သူများကို ကူညီပေးခြင်း။ | 25 |
| ၆။ | HIV နှင့် AIDS ရောဂါလူနာများအကြား၌ အမှုတော်ဆောင်ခြင်း။ | 29 |
| ၆(က)။ | အိမ်တွင်းအကြမ်းဖက်မှု | 32 |
| ၆(ခ)။ | မိမိကိုယ်ကို သတ်သေခြင်း | 35 |
| ၆(ဂ)။ | စွဲလမ်းမှုပြဿနာ | 38 |
| ၇။ | သူတစ်ပါးအား ကူညီပေးသူကို ပြုစုစောင့်ရှောက်ခြင်း | 40 |
| ၈။ | မိမိတို့၏ နာကျင်မှုများကို လက်ဝါးကားတိုင်သို့ ယူဆောင်လာခြင်း | 43 |
| ၉။ | ကျွန်ုပ်တို့သည် သူတစ်ပါးကို မည်သို့ခွင့်လွှတ်နိုင်မည်နည်း။ | 45 |
| ၁၀။ | ပဋိပက္ခကြား၌ ယုံကြည်သူ တစ်ဦးအဖြစ် အသက်ရှင်ခြင်း။ | 50 |
| ၁၁။ | အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း။ | 61 |
| ၁၁(က)။ | သဘာဝဘေးအန္တာရာယ် ဖြစ်ပြီးပြီးချင်း လူထုကိုကူညီခြင်း | 65 |
| ခွင့်လွှတ်ခြင်းအခမ်းအနား | | 66 |

ထာဝရဘုရားသည် စိတ်နှလုံးကြေကွဲသောသူတို့၏
အနီးတွင်ရှိတော်မူ၍
စိတ်နှလုံးကျိုးပဲ့ကြေမွသောသူတို့ကို ကယ်တော်မူ၏။
**ဆာလံကျမ်း ၃၄း၁၈။**

## ၁။

# ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်သည် ဆိုပါက အဘယ်ကြောင့် ဒုက္ခဆင်းရဲ ခံစားရပါသနည်း။

**၁။ဓမ္မဆရာကြီး မာကုအကြောင်း**

**၂။ ဆင်းရဲဒုက္ခ ကြုံတွေ့နေရသော အချိန်တွင် ဘုရားသခင်၏ အသွင်ပြင်လက္ခဏာ နှင့်ပတ်သက်၍ မည်သည့် အရာများကို သတိရသင့်ပါသနည်း။**

**(က)___ရောမဩဝါဒစာ ၈း၃၅-၃၉။**

မည်သူသည် ငါတို့ကို ခရစ်တော်၏မေတ္တာတော်နှင့် ကင်းကွာစေနိုင်မည်နည်း။ ဒုက္ခအခက်အခဲများ၊ ဆင်းရဲ နွမ်းပါးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ ငတ်မွတ်ခြင်း၊ အစာခေါင်းပါးခြင်း၊ အဝတ်အစားကင်းမဲ့ခြင်း၊ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရခြင်း၊ ကွပ်မျက်ခံရခြင်းစသည်တို့သည် ငါတို့ကို ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ကွဲကွာစေမည်လော။ အကျွန်ုပ်တို့သည် ကိုယ်တော့်အတွက်ကြောင့် တစ်နေ့လုံး သတ်ဖြတ်ခြင်းကို ခံနေကြရပါ၏။ သတ်ရန် ရည်ရွယ်ထားသော သိုးများကဲ့သို့ အကျွန်ုပ်တို့ကို သတ်မှတ်ထားကြပါ၏ဟူ၍ ရေးသားထားသော ကျမ်း စကားအတိုင်းပင်ဖြစ်မည်လော။ မဖြစ်နိုင်ပေ။ ငါတို့ကိုချစ်တော်မူသော ကိုယ်တော်အားဖြင့် ငါတို့သည် ထိုအမှု ခပ်သိမ်းတို့ ကျရောက်စဉ်၌ပင် အောင်နိုင်သူများ ဖြစ်ကြ၏။ အကြောင်းမူကား သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ ကောင်းကင်တမန်တော်ကဖြစ်စေ၊ အုပ်စိုးသူများကဖြစ်စေ၊ ပစ္စုပ္ပန်ကာလ၌ရှိသောအရာများကဖြစ်စေ၊ အနာဂတ်ကာလ၌ ရှိလာမည့်အရာများကဖြစ်စေ၊ အာဏာတန်ခိုးဖြင့် ဖြစ်စေ၊ အထက်အရပ်မှဖြစ်စေ၊ အောက် အရပ်မှဖြစ်စေ၊ ဖန်ဆင်းထားသော အရာအားလုံးထဲမှ မည်သည့်အရာကပင် ဖြစ်စေ၊ ငါတို့ကို ငါတို့ သခင်ယေရှု ခရစ်တော်၌တည်ရှိသော ဘုရားသခင်၏မေတ္တာတော်မှ မကွဲကွာစေနိုင်ဟု ငါစွဲမြဲစွာ ခံယူသောကြောင့်တည်း။

**ဆာလံကျမ်း ၂၃း ၄-၅။** အကျွန်ုပ်သည် သေခြင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ဝှမ်းအတွင်း၌ လျှောက်လှမ်းရသော် လည်း ဘေးအန္တရာယ်ကို မကြောက်ရွံ့ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူ၍ ကိုယ်တော်၏လှံတံတော်နှင့် တောင်ဝှေးတော်တို့သည် အကျွန်ုပ်ကို နှစ် သိမ့်မှုပေးပါ၏။ ကိုယ်တော်သည် အကျွန်ုပ်၏ရန်သူအပေါင်းတို့ ရှေ့မှောက်တွင် အကျွန်ုပ်အတွက် စားပွဲကို တည်ခင်းတော်မူပြီ။ အကျွန်ုပ်၏ဦးခေါင်းကို ဆီနှင့်သွန်းလောင်း၍ဘိသိက် ပေးတော်မူပြီ။ အကျွန်ုပ်၏ဖလားသည်လည်း ပြည့်လျှံ လျက်ရှိပါ၏။

**ဟေဗြဲဦးဩဝါဒစာ ၁၃း ၅-၆။** သင်တို့၏ဘဝကို ငွေကြေးတပ်မက်ခြင်းနှင့် ကင်းလွတ်စေ၍ မိမိတို့ရရှိသမျှဥစ္စာဖြင့်သာ တင်းတိမ်ရောင့်ရဲ ကြလော့။ အကြောင်းမူကား ကိုယ်တော်က ငါသည် ကမ္ဘာမြေကြီးကိုသာမက ကောင်းကင်ကိုလည်း နောက်တစ်ကြိမ်တုန်လှုပ်စေဦးမည်ဟု မိန့်တော်မူခဲ့သောကြောင့်ဖြစ်၏။ ထို့ကြောင့် ငါတို့သည်လည်း ထာဝရဘုရား သခင်သည် ငါတို့ကို ကူညီမစတော်မူသောသခင်ဖြစ်သဖြင့် ငါသည်ကြောက်ရွံ့လိမ့်မည်မဟုတ်၊ လူတို့သည် ငါ့ကိုအဘယ်သို့ပြုလုပ်နိုင်မည်နည်းဟု ယုံကြည် စိတ်ချစွာပြောဆိုကြစို့။

**ဟေရှာယအနာဂတ္တိကျမ်း ၄၃း ၁-၂။** အိုယာကုပ်အမျိုး ဣသရေလအနွယ်၊ သင့်ကိုဖန်ဆင်းပြုပြင်တော်မူသော ထာဝရဘုရား မိန့်တော်မူသည်ကား၊ မစိုးရိမ်နှင့်။ သင့်ကို ငါရွေးနှုတ်ပြီ။ ငါ့နာမဖြင့် မှည့်ပြီ။ သင့်ကို ငါဆိုင်၏။ သင်သည် ရေကို ရှောက်သွားသောအခါ၊ သင်နှင့်အတူ ငါရှိ၏။ မြစ်တို့ကိုရှောက်သွားသော အခါ မနစ်မမွန်းရ။ မီးကိုချင်းနင်းသောအခါလည်း မလောင်ရ။ မီးလျှံလည်း မညီရ။

## (ခ) ___ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၃း၉-၁၀။

အချို့လူများထင်မှတ်သကဲ့သို့ ထာဝရဘုရားသခင်သည် မိမိ၏ကတိတော်နှင့်ပတ်သက်၍ နှောင့်နှေးခြင်း ရှိတော် မမူပေ။ အမှန်စင်စစ်ကိုယ်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှမပျက်စီးစေဘဲ လူအားလုံးတို့ကို နောင်တရစေရန် အလိုရှိသောကြောင့် သင်တို့အပေါ် သည်းခံနေတော်မူခြင်းကြောင့်ဖြစ်၏။ သို့သော် သခင်ဘုရား၏ နေ့ရက်သည် သူခိုးကဲ့သို့ ရောက်လာလိမ့်မည်။ ထိုအခါ ကောင်းကင်သည်ကျယ်လောင်သော အသံထွက်ပေါ် လျက် ပျောက်ကွယ်သွားလိမ့်မည်။ သဘာဝလောကဓာတ်တို့သည်လည်း မီးအားဖြင့်အရည်ပျော်ကြလိမ့်မည်။ ကမ္ဘာမြေကြီးနှင့်တကွ မြေပေါ်၌ရှိသော အရာတို့သည်လည်း လောင်ကျွမ်းခြင်း ခံကြရလိမ့်မည်။

**ဆာလံကျမ်း ၇၃း၂၅-၂၈။** ကောင်းကင်တွင် ကိုယ်တော်မှတစ်ပါး အကျွန်ုပ်၌ မည်သူရှိပါသနည်း။ မြေကြီးပေါ်တွင်လည်း ကိုယ်တော်နှင့် အတူရှိပါလျှင် အကျွန်ုပ်သည် မည်သည့်အရာကိုမျှ မလိုလားတော့ပါ။ အကျွန်ုပ်၏စိတ်နှလုံးသည် အင်အား ချည့်နဲ့၍လာသော်လည်း ကိုယ်တော်သည် အကျွန်ုပ် စိတ်နှလုံး၏ခွန်အားဖြစ်ပြီး ကာလအဆက်ဆက် အကျွန်ုပ် ၏အမွေအနှစ်ဖြစ်တော်မူ၏။ ကိုယ်တော်နှင့် ဝေးကွာလျက်ရှိသောသူတို့သည် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ ကိုယ်တော့်ကို သစ္စာဖောက်သောသူတို့အားလည်း ကိုယ်တော်သည် အဆုံးစီရင်တော်မူလိမ့်မည်။ အကျွန်ုပ်အတွက်မူ ဘုရားသခင်၏အထံတော်ပါးတွင်ရှိနေရခြင်းသည် ကောင်းမြတ်လှပေ၏။ အကျွန်ုပ် သည် ထာဝရအရှင်ဘုရားသခင်ကို အကျွန်ုပ်၏ခိုလှုံရာဖြစ်စေခဲ့ပါ၏။ ကိုယ်တော်၏အမှုတော်ကို အကျွန်ုပ် ဟောပြော ကြေညာ ပါမည်။

**ရောမဩဝါဒစာ ၉း၂၂-၂၄။** ထိုနည်းတူပင် ဘုရားသခင်သည် မိမိအမျက်တော်ကိုပြရန်နှင့် မိမိ၏တန်ခိုးတော်ကို ထင်ရှားစေရန် အလိုရှိသော်လည်း အမျက်တော်သင့်၍ ဖျက်ဆီးခြင်းခံရမည့် အိုးများအပေါ် လွန်စွာပင် စိတ်ရှည်သည်းခံတော်မူ၏။ ထို့ပြင် ကိုယ်တော်သည် ဘုန်းဂုဏ်တော်အတွက် မိမိကြို တင်ပြင်ဆင်ထားတော်မူသော သနားကရုဏာ ခံထိုက် သည့် အိုးများအား မိမိ၏ကြွယ်ဝသော ဘုန်းဂုဏ်တော်ကို ထင်ရှားပြရန် ဤသို့လုပ်ဆောင်တော်မူ၏။ ထိုသူတို့ တွင် ကိုယ်တော်သည် ဂျူးလူမျိုးများထဲမှသာမဟုတ်ဘဲ လူမျိုးခြားတို့အထဲမှလည်း ခေါ်တော်မူ၏။ ထိုအခြင်းအရာနှင့်စပ်လျဉ်း၍ ပရောဖက်ဟိုဇေးယကျမ်း၌ ကိုယ်တော်မိန့်တော်မူ သည်ကား၊ ငါ၏လူမျိုးတော်မဟုတ်သူတို့ကို ငါ၏လူမျိုးတော်ဟု ငါခေါ်မည်။ ငါချစ်မြတ်နိုးသူမဟုတ်သောလူမျိုးကိုလည်း ငါချစ်မြတ်နိုးသူဟု ခေါ်မည်။

## (ဂ) ___ ဆာလံကျမ်း ၃၄း၁၈။

ထာဝရဘုရားသခင်သည် စိတ်နှလုံးကြေကွဲသောသူတို့၏အနီးတွင် ရှိတော်မူ၍ စိတ်နှလုံးကျိုးပဲ့ ကြေမွသော သူတို့ကို ကယ်တင်တော်မူ၏။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၂၇း၄၆။** သုံးနာရီအချိန်ခန့်တွင် ယေရှုသည် ကျယ်လောင်သောအသံနှင့် ဧလိ၊ ဧလိ၊ လာမားဆဘက္တာနီ ဟု ဟစ်အော်တော်မူ၏။ အဓိပ္ပာယ်ကား အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်ထားတော် မူပါသနည်းဟု ဆိုလိုသတည်း။

**ဟေဗြဲဦးဩဝါဒစာ ၁၂း၂-၃။** ငါတို့၏ယုံကြည်ခြင်းကို အစပျိုးပေးခဲ့ပြီး စုံလင်ခြင်းသို့ ရောက်သည့်တိုင်အောင် ဦးဆောင် ပေးခဲ့သောယေရှုကို မျက်မှောက်ပြုကြကုန်စို့။ ကိုယ်တော်သည် မိမိခံစားရမည့် ဝမ်း မြောက်ခြင်းအတွက် လက်ဝါးကပ်တိုင်တင်ခြင်းကို ရှက်ဖွယ်ရာအဖြစ် မှတ်တော်မမူဘဲ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပြီးလျှင် ဘုရားသခင်၏ပလ္လင်တော်လက်ယာဖက်တွင် စံပယ်တော်မူ၏။ ကိုယ်တော်သည် အပြစ်ရှိသောသူတို့၏ မုန်းတီးဆန့်ကျင်မှုကို မည်မျှအထိခံတော်မူခဲ့ကြောင်း ထောက်ရှုစဉ်းစားကြလော့။ သို့မှသာ သင်တို့သည် စိတ်ပျက်အားလျော့ခြင်းနှင့် ကင်းဝေးကြလိမ့်မည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၂၅း၃၅-၃၆။** အကြောင်းမူကား ငါသည် ဆာလောင်သောအခါ သင်တို့သည် ငါ့အား စားစရာပေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည် ငါ့အား သောက်ရေကိုပေးကြ၏။ ငါသည် သူစိမ်းဧည့်သည်ဖြစ်သောအခါ သင်တို့သည် ငါ့အား ပျူငှာစွာကြိုဆိုကြ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၆၃း၉။** အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှစေလွှတ်သော ကောင်းကင် တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည့်အတိုင်း ရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၅၃း၃-၄။** မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကိုခံရသောသူကဲ့သို့ဖြစ် ၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။ သို့သော်လည်း ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောက်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငှင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငှင်း ခံရသောသူဖြစ် သည်ဟု ငါတို့သည် ထင်မှတ်ကြ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၂း၁၈။** ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသောအဆင်း ရှိသော်လည်း၊ မိုယ်းပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှနီသော်လည်း သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။

## (ဃ) ကမ္ဘာဦးကျမ်း ၆း၅-၆။

မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက် ရှိကြောင်းကို ဘုရားသခင် သိမြင်တော်မူလျှင် မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော်ပူပန်လျက်ရှိတော်မူ၏။

**ပညာအလိမ္မာကျမ်း ၆း၁၆-၁၉။** ထာဝရဘုရားသခင် မုန်းတီးသောအရာခြောက်မျိုးနှင့် စက်ဆုပ်ရွံရှာတော်မူသောအရာ ခုနစ်မျိုးရှိ၏။ ယင်းတို့မှာ ထောင်လွှားသောမျက်စိများ၊ မုသားပြောတတ်သောလျှာ၊ အပြစ်ကင်းသူကို သတ်ဖြတ်တတ်သောလက်၊ ဆိုးယုတ်သောအကြံအစည်ကို ဖန်တီးတတ်သောနှလုံး၊ မကောင်းမှုထဲသို့ လျင်မြန်စွာတိုးဝင်သောခြေထောက်များ၊ မုသားစကားပြော၍ မမှန် မကန်သက်သေခံသောသူနှင့် မိတ်ဆွေအချင်းချင်း စိတ်ဝမ်းကွဲစေရန် သွေးထိုးသူတို့ဖြစ်ကြ၏။

**ရောမဩဝါဒစာ ၁း၁၈။** ဘုရားသခင်၏အမျက်တော်သည်ကား မိမိတို့၏ဆိုးယုတ်မှုဖြင့် အမှန်တရားကို ဖိနှိပ်ထားသောသူတို့၏ ဘုရားမဲ့ခြင်းနှင့် ဆိုးယုတ်ခြင်းအားလုံးတို့အပေါ်သို့ ကောင်းကင်မှ ထင်ရှား စွာသက်ရောက်လာလေပြီ။

## (င) ရှင်မာတေးဦးဧဝံဂေလိကျမ်း ၉း၃၅-၃၆။

ယေရှုသည် မြို့ရွာရှိသမျှတို့ကို လှည့်လည်ကာ ၎င်းတို့၏တရားဇရပ်များတွင် သွန်သင်တော်မူ၍ နိုင်ငံတော်၏ သတင်းကောင်းကို ဟောကြားလျက် အနာရောဂါအမျိုးမျိုးတို့ကို ပျောက်ကင်းစေတော်မူ၏။ ကိုယ်တော်သည် လူအစုအဝေးတို့ကို မြင်တော်မူသောအခါ သူတို့အပေါ်ကရုဏာသက်တော်မူလေ၏။ အကြောင်းမူကား ထိုသူတို့သည် သိုးထိန်း မရှိသောသိုးများကဲ့သို့ အားကိုးရာမဲ့၍ ပူပင်သောကရောက်နေကြသောကြောင့်ဖြစ်၏။

## (စ) ရှင်ယောဟန်ဩဝါဒစာ ပဋ္ဌမစောင် ၄း၉-၁၀။

ငါတို့သည် သားတော်အားဖြင့် အသက်ရှင်နိုင်ကြရန် ဘုရားသခင်သည် မိမိ၏တစ်ပါးတည်း သောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူခြင်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ငါတို့အလယ်တွင် ပေါ်လွင် ထင်ရှားခဲ့၏။ ဤအမှုအရာတွင် ချစ်ခြင်းမေတ္တာတည်ရှိလေ၏။ ထိုချစ်ခြင်းမေတ္တာသည်ကား ငါတို့က ဘုရားသခင်ကို ချစ်ခြင်း မဟုတ်ဘဲ ဘုရားသခင်က ငါတို့ကို ချစ်တော်မူ၍ မိမိ၏သားတော်ကို ငါတို့ပြစ်များအတွက် အပြစ်ဖြေရာယဇ်တော်အဖြစ် စေလွှတ်တော်မူခဲ့ခြင်းပင်ဖြစ်၏။

## ၃။ ဤကမ္ဘာကြီးထဲ၌ ဆင်းရဲဒုက္ခ ရှိနေရခြင်း၏ မူလဇစ်မြစ်မှာ အဘယ်နည်း။

### (က) အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏ စကားတော်ကို နာခံမှုမရှိသော အချိန်မှစ၍ အပြစ် တရားသည် လောကသို့ ဝင်ရောက်လာခဲ့သည်။

**ကမ္ဘာဦးကျမ်း ၃း၁-၂၄။** မြွေသည် ထာဝရအရှင်ဘုရားသခင်ဖန်ဆင်းတော်မူသော မြေတိရိစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍ မိန်းမအား သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကို မစားရဟု ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလောဟု မေး၏။ မိန်းမကလည်း ငါတို့သည် ဥယျာဉ်၌ ရှိသောအပင်တို့၏အသီးကို စားရသောအခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကို ကား သင်တို့သည် မကိုမစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင်အမိန့် တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း သင်သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်း မကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့သည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။ ထိုအပင်သည် စားဘွယ် ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေခြင်းငှါ နှစ်သက်ဘွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင် အသီးကို ယူ၍စား ၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်းစား၏။ ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍ မိမိတို့၌ အဝတ်အချည်းစည်း ရှိသည်ကို သိမြင်လျှင် မိမိတို့ဝတ်ရန်ဘို့ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကိုလုပ်ကြ၏။

နေဇသောအချိန်တွင် ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင် ကြွတော်မူသောအသံကို လူလင်မယားတို့ကြားလျှင် အထံတော်မှ လွတ်ခြင်း ငှါ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။ ထာဝရအရှင်ဘုရားသခင်ကလည်း သင်သည် အဘယ်မှာရှိသနည်းဟု လူကိုခေါ်တော်မူ၏။ လူကလည်း ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင် အဝတ်အချည်းစည်းရှိသောကြောင့် ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ ဘုရား သခင်ကလည်း သင်၌အဝတ်အချည်းစည်းရှိသည်ကို သင်အားဘယ်သူ ပြောသနည်း။ မစားရဟု ငါပညတ်သောအပင်၏အသီးကို စားပြီလောဟု မေးတော်မူ၏။ လူကလည်း ကျွန်တော် ၌အပ်ပေးတော်မူ သောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟုလျှောက်လေ၏။ ထာဝရအရှင် ဘုရားသခင်ကလည်း သင်သည် အဘယ်သို့ ပြုပြီး သနည်းဟု မိန်းမအားမေးတော်မူလျှင် မိန်းမက မြွေသည် ကျွန်တော်မကိုလှည့်စား၍ ကျွန်တော်မသည် စားမိပါပြီဟု လျှောက်လေ၏။ ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကိုပြုသောကြောင့် သားယဉ်သားရဲ အပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့်သွား၍ မြေမှုန့်ကို တသက်လုံးစားရမည်။ သင်နှင့်မိန်းမကိုငှင်း၊ သင်၏ အမျိုး အနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငှင်း ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့် မည်။ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့် မည်ဟု မိန့်တော်မူ၏။

မိန်းမကိုလည်း သင်၌ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာကိုခံ၍ သားဘွားရမည်။ ကိုယ် ခင်ပွန်း၏အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်ဟု မိန့်တော်မူ၏။ ယောကျာ်းကိုလည်း ထိုအပင်၏အသီးကိုမစားရဟု ငါပညတ်သော်လည်း သင်သည် မယား၏စကားကို နားထောင်၍စားမိသောကြောင့် မြေသည်သင်အတွက် ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံးပင်ပန်းစွာစားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင့်အဘို့မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်း ရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မှီတိုင်အောင် သင်၏မျက်နှာမှချွေး ထွက်လျက်အစာကိုစားရမည်။ အကြောင်းမူကား သင်သည်မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ပြန်ရမည်ဟု မိန့်တော်မူ၏။

ထိုအခါ လူသည်မိမိမယားကို ဧဝအမည်ဖြင့်မှည့်လေ၏။ အကြောင်းမူကား သူသည် အသက်ရှင်သောသူ အပေါင်းတို့၏ အမိဖြစ် သတည်း။ ထာဝရအရှင် ဘုရားသခင်သည်လည်း လူလင်မယားဘို့ သားရေဖြင့်ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။ ထာဝရ အရှင် ဘုရားသခင်ကလည်း လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ ကောင်းမကောင်းကိုသိတတ်၏။ ယခုမှာ သူသည် ထာဝရ အသက်ကို ရခြင်းငှါ လက်ကိုဆန့်လျက် အသက်ပင်၏အသီးကို မစားသင့်ဟု မိန့်တော်မူ၍ လူသည် မိမိထွက်သောမြေ၌ လုပ်ရမည် အကြောင်း ထာဝရအရှင်ဘုရားသခင်သည် ဧဒင်၌ဥယျာဉ်ထဲက လွှတ်လိုက်တော်မူ၏။ ထိုသို့ လူကိုနှင်ထုတ်ပြီးလျှင် အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်းငှါ မီးစက်လက်နက်နှင့်တကွ ခေရုဗိမ်တို့ကို ဥယျာဉ်အရှေ့ဘက်၌ ထားတော်မူ၏။

**ရောမသြဝါဒစာ ၅း၁၂။** ထို့ကြောင့် မကောင်းမှုသည် တစ်ယောက်သောသူအားဖြင့် ဤလောကအတွင်းသို့ ဝင်ရောက် လာခဲ့၍ ထိုမကောင်းမှုအားဖြင့် သေခြင်းတရားဝင်ရောက်လာခဲ့၏။ ဤသို့ဖြင့် လူအပေါင်းတို့သည် အပြစ်ကျူးလွန်ကြသောကြောင့် သေခြင်း သည် လူအပေါင်းတို့အပေါ်သို့ သက်ရောက်လေ၏။

## (ခ) စာတန်သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့သလို၊ ကျွန်ုပ်တို့လည်း ဘုရားသခင်ကို ပုန်ကန်သူများဖြစ်လာစေရန် စာတန်က ကြိုးစားနေပါသည်။

**ရှင်လုကာဧဝံဂေလိကျမ်း ၂၂း၃၁။** တစ်ဖန်ကိုယ်တော်က စီမွန်၊ စီမွန် စာတန်သည် သင်တို့ကို ဂျုံစပါးကဲ့သို့ ဆန်ခါနှင့်ချရန် တောင်းဆို၏။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၅း၈-၉။** သင်တို့၏ရန်သူဖြစ်သော စာတန်နတ်ဆိုးသည် ဟိန်းဟောက်သောခြင်္သေ့ကဲ့သို့ တစ်စုံတစ်ယောက်ကိုဝါးမျိုရန် လှည့်လည်ချောင်းမြောင်းလျက်ရှိသောကြောင့် တည်ကြည်လေးနက်၍ သတိဝီရိယရှိကြလော့။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၈း၄၄။** သင်တို့သည် သင်တို့အဖနတ်ဆိုးထံမှဖြစ်၍ သင်တို့၏စိတ်သည် သင်တို့အဖ၏ အလိုဆန္ဒကိုသာ လိုက်နာကြ၏။ သူသည် အစဦးကပင် လူ့အသက်ကိုသတ်သောသူဖြစ်ပြီး သမ္မာတရားနှင့်မည်သည့်အခါမျှ မစပ်ဆိုင်ခဲ့ပေ။ အကြောင်းမူကား သူ၌သမ္မာတရားမရှိသောကြောင့်ဖြစ်၏။ သူသည် မုသားစကားကိုပြောသောအခါ မိမိ၏ဇာတိသဘောအတိုင်း ပြောဆိုတတ်၏။ အကြောင်းမူကား သူသည် လိမ်ညာသူတစ်ဦးဖြစ်ပြီး လိမ်လည်လှည့်ဖြားခြင်း၏ အဖလည်းဖြစ်၏။

## (ဂ) ဘုရားသခင်သည် သူ့အပေါ် နာခံခြင်း (သို့) မနာခံခြင်းစသည့် လွတ်လပ်စွာရွေးချယ် ခွင့်ကို ကျွန်ုပ်တို့ အား ပေးထားသည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၇း၁၃။** ကျဉ်းမြောင်းသောတံခါးမှဝင်ကြလော့။ အကြောင်းမူကား ပျက်စီးခြင်းသို့ပို့ဆောင်သော လမ်းသည် လိုက်ရန်လွယ်ကူ၍ တံခါးသည်လည်း ကျယ်ဝန်းသဖြင့် ထိုလမ်းမှ ဝင်ရောက်သောသူတို့သည် များပြားလှ၏။ သို့သော် ထာဝရအသက်သို့ပို့ဆောင်သောလမ်းသည် ခက်ခဲ၍ တံခါးသည်လည်းကျဉ်းမြောင်းသဖြင့် ထိုလမ်းကို တွေ့ရှိသောသူတို့သည်နည်းကြ၏။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၂၃း၃၇ခ။** ကြက်မသည် မိမိ၏ကြက်ငယ်များကို အတောင်အောက်၌ စုသွင်းထားသကဲ့သို့ သင်၏သားသမီး တို့ကိုလည်း စုရုံးခြင်းငှာ ငါအ ကြိမ်ကြိမ် အလိုရှိခဲ့၏။ သင်မူကား အလိုမရှိခဲ့။

**ရောမဩဝါဒစာ ၃း၁၄-၁၇။** သူတို့၏နှုတ်ခမ်းများအောက်၌ မြွေဆိုး၏ အဆိပ်အတောက်များရှိ၏။ သူတို့၏နှုတ်ခမ်းသည် ကျိန်ဆဲသောစကား၊ ခါးသီးကြမ်းတမ်းသောစကားများနှင့် ပြည့်လျက်ရှိ၏။ သူတို့၏ ခြေတို့သည် လူ၏အသက်ကိုသတ်ရန် လျှင်မြန်ကြ၏။ သူတို့သွားရာလမ်းတို့၌ ပျက်စီးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းတို့ရှိကြ၏။ သူတို့သည် ငြိမ်းချမ်းရေးလမ်းစဉ်ကို မသိကြ။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၂း၂၀-၂၂။** သင်တို့မူကား သန့်ရှင်းသောအရှင်အားဖြင့် ဘိသိက်သွန်းလောင်းခြင်းခံခဲ့ကြရ၍ သင်တို့အားလုံးသည် အသိတရားကို ခံယူရရှိခဲ့ကြလေပြီ။ သင်တို့သည် သမ္မတရားကိုသိကြ၍ လိမ်လည်ခြင်းသည် သမ္မာတရားနှင့် မသက်ဆိုင်သည်ကို သင်တို့သိကြသောကြောင့်ဖြစ်၏။ ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည်ကို ငြင်းပယ်သောသူမှလွဲ၍ မည်သူသည် လိမ်လည်သောသူဖြစ်သနည်း။ ထိုသူသည် ခရစ်တော်အား ဆန့်ကျင်သူဖြစ်၏။ သူသည် ခမည်းတော်နှင့်သားတော်ကို ငြင်းပယ်၏။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၃း၁၄-၁၇။** ငါတို့သည် ညီအစ်ကိုတို့ကို ချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းခဲ့ကြသည်ကို ငါတို့သိကြ၏။ မချစ်တတ်သောသူသည် သေခြင်း၌ ဆက်လက်တည်ရှိနေ၏။ မိမိ၏ညီအစ်ကိုကို မုန်းတီးသေူသူသည် လူသတ်သမားပင်ဖြစ်၏။ မည်သည့်လူသတ်သမား ၌မျှ ထာဝရအသက်မတည်ကြောင်းကို သင်တို့သိကြ၏။ ကိုယ်တော်သည် ငါတို့အတွက် မိမိ၏အသက်တော်ကို စွန့်တော်မူခြင်းကြောင့် ငါတို့သည် ချစ်ခြင်းမေတ္တာကို သိကြရ၏။ ငါတို့သည်လည်း ညီအစ်ကိုတို့အတွက် ငါတို့၏အသက်ကို စွန့်သင့်၏။ သို့သော် တစ်စုံတစ် ယောက်သည် လောကီဥစ္စာပစ္စည်းတို့ကို ပိုင်ဆိုင်လျက်ရှိစဉ် မိမိ၏ညီအစ်ကို၌ ဥစ္စာချို့တဲ့သည်ကိုမြင်သော်လည်း မိမိ၏စိတ်နှလုံး၌ ထိုသူ့အတွက် ကရုဏာစိတ်မရှိလျှင် ဘုရားသခင် ၏ချစ်ခြင်း မေတ္တာသည် ထိုသူ၌ မည်ကဲ့သို့တည်ရှိမည်နည်း။

## ၄။ ဘုရားသခင်သည် ဆင်းရဲဒုက္ခကို မည်သို့အသုံးပြုသနည်း။

### (က) ဘုရားသခင်သည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သန့်စင်စေရန် ဆင်းရဲဒုက္ခကို အသုံး ပြုသည်။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၁း၆-၇။** ငါတို့သည် ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ကြပြီဟုဆိုလျက် မှောင်မိုက်တွင် လျှောက်လှမ်းနေကြပါလျှင် ငါတို့သည် သမ္မာတရားတော်အတိုင်း မနေထိုင်ကြဘဲ လိမ်လည်နေခြင်းသာဖြစ်၏။ သို့ရာတွင် ကိုယ်တော်သည်အလင်း၌ လျှောက်လှမ်းသည့် အတိုင်း ငါတို့သည်လည်း အလင်း၌ လျှောက်လှမ်းကြပါလျှင် ငါတို့သည် အချင်းချင်းတစ်ဦးနှင့်တစ်ဦး မိတ်သဟာယ ဖွဲ့ကြလေပြီ။ ထိုအခါ ကိုယ်တော်၏သားတော် ယေရှုသခင်၏ အသွေးတော်သည်လည်း ငါတို့အား အပြစ်မကောင်းမှုအပေါင်းမှ စင်ကြယ်စေ တော်မူလိမ့်မည်။

**ရှင်ယာကုပ်ဩဝါဒစာ ၁း၂-၄။** ငါ၏ညီအစ်ကိုတို့၊ သင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးတို့နှင့် ကြုံတွေ့ရသောအခါ ဝမ်းမြောက်ကြပါလော့။ အကြောင်းမူကား သင်တို့၏ယုံကြည်ခြင်းသည် စမ်းသပ်ခံရသောအခါ သင်တို့၌ တည်ကြည်ခိုင်မာသောစိတ်တိုးပွားလာကြောင်းကို သင်တို့သိကြသော ကြောင့်တည်း။ ထိုတည်ကြခိုင်မာသောစိတ်၌ အကျိုးသက်ရောက်မှု အပြည့်အဝရှိပါစေ။ ထိုအခါ သင်တို့၌ မည်သည့် အရာမျှ လိုအပ်မည်မဟုတ်ဘဲ သင်တို့သည် စုံလင်ပြည့်ဝကြလိမ့်မည်ဖြစ်၏။

**ရောမဩဝါဒစာ ၈း ၂၈။** ဘုရားသခင်သည် မိမိကိုချစ်၍ မိမိ၏ရည်ရွယ်ချက်အတိုင်း ခေါ်ယူထားသောသူတို့နှင့်အတူ အားလုံးသောအရာတို့၌ ကောင်းကျိုးဖြစ်ပေါ်စေရန် လုပ်ဆောင်တော်မူသည်ကို ငါတို့သိကြ၏။

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၄း၁၆-၁၈။** ထို့ကြောင့် ငါတို့သည် မည်သည့်အခါမျှ စိတ်ပျက်အားလျော့ခြင်းမရှိကြ။ ငါတို့၏ပြင်ပလူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်းယိုယွင်းပျက်စီးလျက်ရှိသော်လည်း ငါတို့၏အတွင်းစိတ် သန္တာန်မူကား နေ့စဉ်နှင့်အမျှ ဆန်းသစ်လျက်ရှိ၏။ ငါတို့ ခေတ္တခဏခံရသော ဆင်းရဲဒုက္ခအနည်းငယ်သည် နှိုင်းယှဉ်၍မရအောင် ကြီးမြတ်သည့် ထာဝရဘုန်းကျက်သရေကို ငါတို့အတွက် ပြင်ဆင်ပေးနေခြင်းဖြစ်၏။ အကြောင်းမူကား ငါတို့သည် မြင်နိုင်သောအရာများကို အာရုံမစိုက်ကြဘဲ မမြင်နိုင်သောအရာများကိုသာ အာရုံစိုက်ကြ၏။ အဘယ်ကြောင့်ဆိုသော် မြင်နိုင်သောအရာများသည် ခေတ္တခဏမျှသာတည်၍ မမြင်နိုင်သောအရာများမူကား အစဉ် ထာဝရတည်သောကြောင့်တည်း။

**ရောမဩဝါဒစာ ၅း၃-၅။** ထိုမျှမကသေး။ ငါတို့သည် မိမိတို့ခံရသော ဆင်းရဲဒုက္ခများ၌ ဝမ်းမြောက်ကြရ၏။ အကြောင်းမူကား ဆင်းရဲဒုက္ခသည် သည်းခံနိုင်စွမ်းကို ဖြစ်ပေါ်စေကြောင်း ငါတို့သိကြ၏။ သည်းခံနိုင်စွမ်းသည် အစမ်းသပ်ခံသော စရိုက်လက္ခဏာကို ဖြစ်ပေါ်စေပြီး ထိုစရိုက်လက္ခ ဏာသည် မျှော်လင့်ခြင်းကို ဖန်တီးပေး၏။ ထိုမျှော်လင့်ခြင်းသည် ငါတို့အား စိတ်ပျက်စေလိမ့် မည်မဟုတ်။ အကြောင်းမူကား ဘုရားသခင်သည် ငါတို့အားပေးထားသည့် ဝိညာဉ်တော်မြတ်အားဖြင့် မိမိ၏မေတ္တာတော်ကို ငါတို့၏ စိတ်နှလုံးများအတွင်းသို့ သွန်းလောင်းတော်မူသော ကြောင့်ဖြစ်၏။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၃း၁၄-၁၇။** ငါတို့သည် ညီအစ်ကိုတို့ကိုချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းခဲ့ကြသည်ကို ငါတို့သိကြ၏။ မချစ်တတ်သောသူသည် သေခြင်း၌ ဆက်လက်တည်ရှိနေ၏။ မိမိ၏ညီအစ်ကိုကို မုန်းတီး သောသူသည် လူသတ်သမားပင်ဖြစ်၏။ မည်သည့်လူသတ်သမား၌မျှ ထာဝရအသက်မတည်ကြောင်းကို သင်တို့သိကြ၏။ ကိုယ်တော် သည် ငါတို့အတွက် မိမိအသက်ကို စွန့်တော်မူခြင်းကြောင့် ငါတို့သည် ချစ်ခြင်းမေတ္တာကိုသိကြရ၏။ ငါတို့သည်လည်း ညီအစ်ကိုတို့အတွက် ငါတို့၏အသက်ကို စွန့်သင့်၏။ သို့သော် တစ်စုံတစ် ယောက်သည် လောကီဉစ္စာချို့တဲ့သည်ကိုမြင်သော်လည်း မိမိ၏စိတ်နှလုံး၌ ထိုသူ့အတွက် ကရုဏာမရှိလျှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ထိုသူ၌ မည်ကဲ့သို့တည်ရှိမည်နည်း။

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၁၂း၈-၁၀။** ထိုဝေဒနာကို ဖယ်ရှားပေးတော်မူပါရန် သခင်ဘုရားထံ သုံးကြိမ်တိုင်တိုင် ငါတောင်းခံခဲ့၏။ သို့သော် ကိုယ်တော်က ငါ၏ကျေးဇူးတော်သည် သင့်အတွက် လုံလောက်ပေ၏။ သင် အားနည်းအသောအခါ ငါ၏ တန်ခိုးတော်မှာ ပြည့်စုံလာလေသည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် ငါ့အပေါ်၌ ခရစ်တော်၏တန်ခိုးတော် ကိန်းဝပ်စေရန်အလို့ငှာ ငါသည် ငါ၏အားနည်းချက်များကို ပို၍ပင်ဝမ်းမြောက်စွာ ဂုဏ်ယူကြွားဝါမည်။ သို့ဖြစ်၍ ငါသည် အားနည်းခြင်းများ၊ ကဲ့ရဲ့စော်ကားခြင်းများ၊ အခက်အခဲများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် ဘေးဒုက္ခများကို ခရစ်တော်အတွက် ခံထမ်းရခြင်းကြောင့် အားရကျေနပ်မိ၏။ အကြောင်းမူကား ငါသည် အားနည်းသောအခါ ခွန်အားနှင့်ပြည့်စုံလာသောကြောင့်ဖြစ်၏။

## (ခ) ဘုရားသခင်သည် အဆိုးကိုအကောင်းအဖြစ်သို့ ပြောင်းလဲအသုံးပြုနိုင်ပါသည်။

**ကမ္ဘာဦးကျမ်း ၅၀း၁၈-၂၀။** အစ်ကိုတို့သည်လည်း တင်၍ ယောသပ်ရှေ့မှာ ပြပ်ဝပ်လျက်၊ ကျွန်တော်တို့သည် ကိုယ်တော်၏ ကျွန်ဖြစ်ကြပါသည်ဟု လျှောက်ကြ၏။ ယောသပ်ကလည်း မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင် ကိုယ်စား ဖြစ်သလော။ သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံကြသော်လည်း ဘုရားသခင်သည် ယနေ့ဖြစ်သည့်အတိုင်း လူများအသက်ချမ်းသာစေခြင်းငှာ ကျေးဇူးပြုမည် ကြံတော်မူ၏။

**တမန်တော်ဝတ္တု ၃း၁၃-၁၅။** အာဘရာဟံ၊ အီဇတ်၊ ယာကုပ်တို့၏ဘုရား၊ ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် မိမိသားတော် ယေရှုကို ဘုန်းဂုဏ်တော်ထင်ရှားစေတော်မူ၏။ သင်တို့သည် ထိုသခင်ကိုအပ်နှံခဲ့ကြလျက် သူ့ကိုလွှတ်ရန် ဆုံးဖြတ်ထားသော ပီလာတုမင်းရှေ့တွင် သူ့ကိုငြင်းပယ်ခဲ့ကြ၏။ သင်တို့သည်ကား သန့်ရှင်းဖြောင့်မတ်သောသူကို ငြင်းပယ်ခဲ့ကြ၍ လူသတ်သမား တစ်ဦးကို လွှတ်ပေးရန် တောင်းဆိုခဲ့ကြပြီး၊ အသက်သခင်ကို သတ်ဖြတ်ခဲ့ကြ၏။ သို့သော် သူ့ကို သေခြင်းမှ ရှင်ပြန်ထမြောက် စေတော်မူခဲ့၏။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ငါတို့ သည်လည်း သက်သေများဖြစ်ကြ၏။

**ဖိလိပ္ပိသြဝါဒစာ ၂း၈-၁၁။** ကိုယ်တော်သည် လူ့အဖြစ်ကိုယူပြီးလျှင် သာမညသေခြင်းမျိုးမဟုတ်ဘဲ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူသည့်တိုင်အောင် နာခံလျက် မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်အား ထူးကဲစွာ ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သောဘွဲ့နာမတော်ကို အပ်နှင်းတော်မူ၏။ ဤသို့ဖြင့် ကောင်းကင်၊ မြေကြီးနှင့် မြေကြီးအောက်၌ရှိကြသော သတ္တဝါအပေါင်းတို့သည် ယေရှု၏နာမတော်၌ ရိုသေပျပ်ဝပ်ကြလျက်၊ ယေရှုခရစ်တော်သည် အရှင်သခင်ဖြစ်တော်မူသည်ဟု နှုတ်ရှိသမျှတို့က ဝန်ခံကြသဖြင့် အဖဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို ထင်ရှားစေကြလိမ့်မည်။

**ရောမသြဝါဒစာ ၈း၂၈။** ဘုရားသခင်သည် မိမိကိုချစ်၍ မိမိ၏ရည်ရွယ်ချက်အတိုင်း ခေါ်ယူထားသောသူတို့နှင့်အတူ အားလုံးသောအရာတို့၌ ကောင်းကျိုးဖြစ်ပေါ်စေရန် လုပ်ဆောင်တော်မူသည်ကို ငါတို့သိကြ၏။

**ရောမသြဝါဒစာ ၁၁း၃၃-၃၆။** ဘုရားသခင်၏ဥဇ္ဇာတော်နှင့် အသိပညာသည် အလွန်ကြွယ်ဝ၍ နက်နဲလှပါ၏။ ကိုယ်တော်၏ စီရင်တော်မူချက်တို့ကို မည်သူမျှစူးစမ်း၍ မတွေ့နိုင်။ ကိုယ်တော်၏တရားလမ်းတော်တို့ကိုလည်း မည်သူမျှနားမလည်နိုင်ပါ တကား။ မည်သူသည် ထာဝရဘုရားသခင်၏ စိတ်အကြံစည်တော်ကို သိနိုင်မည်နည်း။ မည်သူသည် ထာဝရဘုရားသခင်၏ အတိုင်ပင်ခံ ဖြစ်ဖူးသနည်း။ သို့တည်းမဟုတ် ကိုယ်တော်၏ကျေးဇူးတုံ့ပြန်မှုကိုရစေရန် မည်သူသည် ကိုယ်တော်ကို ကျေးဇူးပြုဖူးသနည်း။ အကြောင်းမူကား ခပ်သိမ်းသောအရာတို့သည် ကိုယ်တော့်ထံမှလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော့်အတွက်လည်းကောင်း ဖြစ်တည်လျက်ရှိကြ၏။ ကိုယ်တော်အား ကာလအဆက်ဆက် ဘုန်းတော်ဂုဏ်တော်ရှိစေသ တည်း။ အာမင်။

**ဗျာဒိတ်တော်ကျမ်း ၂၀း၁၀။** သူတို့အားလှည့်ဖြားသွေးဆောင်ခဲ့သော နတ်ဆိုးသည်လည်း သတ္တဝါကြီးနှင့် ပရောဖက်အတု အယောင်တို့ရှိနေသည့် ကန့်မီးအိုင်ထဲသို့ ပစ်ချခြင်းခံရလေ၏။ သူတို့သည် ထိုနေရာတွင် နေ့ညမပြတ် အစဉ်ထာဝရညှဉ်းပန်းနှိပ်စက်ခြင်း ခံကြရလိမ့်မည်။

## (ဂ) ဆင်းရဲဒုက္ခကြုံတွေ့ရစဉ် ဘုရားသခင်သည် ကျွန်ုပ်တို့အား နှစ်သိမ့်မှုပေးသောကြောင့် ကျွန်ုပ်တို့သည်လည်း အခြားသူများကို ပြန်လည်နှစ်သိမ့်ပေးနိုင်ပါသည်။

**ဟေရှာယအနာဂတ္တိကျမ်း ၄၀း၁၁။** မိမိသိုးစုကို သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူမည်။ သိုးသငယ်တို့ကို ချီ၍ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမတို့ကိုလည်း ဖြည်းညှင်းစွာပို့ဆောင်တော်မူမည်။

**ဆာလံကျမ်း ၁၁၉း၅၀၊ ၉၂။** ကိုယ်တော်၏ကတိတော်သည် ကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူသောကြောင့် ဆင်းရဲဒုက္ခ ရောက်သောအချိန်၌ အကျွန်ုပ်အတွက် အားပေးနိုမ့်သိမ့်ဖွယ်ရာဖြစ်ပါ၏။ ကိုယ်တော်၏ ပညတ်တရားသည် အကျွန်ုပ်အတွက် နှစ်သက် မြတ်နိုးဖွယ်ရာဖြစ်ခဲ့ပါလျှင် အကျွန်ုပ်သည် ဆင်းရဲဒုက္ခထဲ၌ ပျက်စီးခဲ့ပြီးဖြစ်ပါလိမ့်မည်။

**ကော်ရိန္သုသြဝါဒစာ ဒုတိယစောင် ၁း၃-၅။** ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်၊ သနားကရုဏာတော်နှင့် ပြည့်စုံတော်မူသောအဖ၊ နှစ်သိမ့်မှုအလုံးစုံကို ပေးတော်မူသောဘုရားသခင်အား မင်္ဂလာရှိစေသတည်း။ ကိုယ်တော်သည် ငါတို့ဒုက္ခဆင်းရဲခံရချိန်တိုင်း၌ ငါတို့ကို အားပေးနှစ်သိမ့်တော်မူ၏။ ဤသို့ဖြင့် ငါတို့သည် ငါတို့ကိုယ်တိုင် ဘုရားသခင်ထံမှရရှိခဲ့ကြသော နှစ်သိမ့်မှုဖြင့်

အတိဒုက္ခရောက်နေကြသောသူတို့အား နှစ်သိမ့်ပေးနိုင်မည်ဖြစ်၏။ အကြောင်းမူကား ငါတို့သည် ခရစ်တော်၏ ဝေဒနာခံစားခြင်း၌ အတိုင်းထက်အလွန်ပါဝင်ခံစားကြသောကြောင့် ခရစ်တော်အားဖြင့် နှစ်သိမ့်ခြင်းကိုလည်း အတိုင်းထက်အလွန်ရရှိကြ၏။

## ၅။ ကျွန်ုပ်တို့ ဆင်းရဲဒုက္ခ ကြုံတွေ့နေရချိန်တွင် အဘယ်ကြောင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ယုံကြည်ရန် ခက်ခဲရပါသနည်း။

### (က) အချို့သော သွန်သင်ချက်များသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ယုံကြည်ရန် ခက်ခဲစေပါသည်။

*i. ဘုရားသခင်၏ အမျက်တော်နှင့် တရားစီရင်ခြင်းအကြောင်းကိုသာ သွန်သင်မှု*

**ယေရမိအနာဂတ္တိကျမ်း ၃၁း၃။** ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ယေရမိမြည်တမ်းစကား ကိုငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြ၏။

**ယေရမိမြည်တမ်းစကား ၃း၂၂-၂၃။** ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲနေကြ၏။ နံနက်တိုင်း ကရုဏာတော်အသစ်ကို ခံရကြ၏။

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၄း၉-၁၀။** ငါတို့သည် သားတော်အားဖြင့် အသက်ရှင်နိုင်ကြရန် ဘုရားသခင်သည် မိမိ၏ တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူခဲ့ခြင်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ငါတို့အလယ်တွင် ပေါ်လွင်ထင်ရှားခဲ့၏။ ဤအမှုအရာတွင် ချစ်ခြင်းမေတ္တာတည်ရှိလေ၏။ ထိုချစ်ခြင်းမေတ္တာသည်ကား ငါတို့က ဘုရားသခင်ကို ချစ်ခြင်း မဟုတ်ဘဲ ဘုရားသခင်က ငါတို့ကိုချစ်တော်မူ၍ မိမိ၏သားတော်ကို ငါတို့၏အပြစ်များအတွက် အပြစ် ဖြေရာ ယဇ်တော်အဖြစ် စေလွှတ်တော်မူခဲ့ခြင်းပင်ဖြစ်၏။

*ii. ဘုရားသခင်အား စိတ်ကျေနပ်အောင် မလုပ်နိုင်၍ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခ ကြုံတွေ့ရ ခြင်းဖြစ်ကြောင်း သွန်သင်မှု*

**ရောမဩဝါဒစာ ၅း၈။** သို့ရာတွင် ငါတို့သည် အပြစ်သားများဖြစ်နေသောအခါ၌ပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူခြင်းဖြင့် ဘုရားသခင်သည် ငါတို့အပေါ်ထားရှိသော သူ၏ချစ်ခြင်းမေတ္တာကို ပြသတော်မူ၏။

**တိတုဩဝါဒစာ ၃း၄-၅။** သို့သော် ငါတို့၏ကယ်တင်ရှင် ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းနှင့် ကရုဏာမေတ္တာတော်တို့ ပေါ်လွင်ထင်ရှား လာသောအခါ ကိုယ်တော်သည် ငါတို့ကို ကယ်တင်တော်မူ၏။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၄း၁၉။** အမျိုးသမီးက သခင်၊ ကိုယ်တော်သည် ပရောဖက်ဖြစ်ကြောင်း ကျွန်မသိပါပြီဟု လျှောက်လေ၏။

**ရောမဩဝါဒစာ ၃း၂၃-၂၄။** အကြောင်းမူကား လူအပေါင်းတို့သည် အပြစ်ပြုမိခဲ့ကြ၍ ဘုရားသခင်၏ဘုန်းဂုဏ်တော်နှင့် ကင်းဝေးခဲ့ကြ၏။ သူတို့သည် ယေရှုခရစ်တော်၌ ခံယူရရှိသော ကယ်တင်ခြင်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို အခမဲ့ရရှိကြသောကြောင့် ဖြောင့်မတ်ခြင်းသို့ ရောက်ကြရ ၏။

**ဧဖက်ဆုဩဝါဒစာ ၂း၈-၉။** အကြောင်းမူကား သင်တို့သည် ယုံကြည်သည့်အတွက်ကြောင့် ကျေးဇူးတော်အားဖြင့် ကယ် တင်ခြင်းခံခဲ့ကြရ၏။ ၎င်းသည် သင်တို့ကိုယ်တိုင်ပြုလုပ်သောအမှုမဟုတ်ဘဲ ဘုရားသခင်၏ ကျေးဇူးတော်သာဖြစ်ပြီး၊ မည်သည့်ကြိုးစား အားထုတ်မှု ကြောင့်မျှ မဟုတ်သောကြောင့် မည်သူမျှကြွားဝါစရာအကြောင်းမရှိပေ။

*iii. ကျန်းမာ၍ ချမ်းသာကြွယ်ဝသူများဖြစ်ရန် ဘုရားသခင် ဂတိပြုထားကြောင်း သွန်သင်မှု*

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၁း၈-၁၀။** ညီအစ်ကိုတို့၊ အာရှပြည်တွင် ငါတို့ခံခဲ့ရသည့် ဒုက္ခဆင်းရဲကို သင်တို့မသိရှိဘဲနေစေရန် ငါတို့အလိုမရှိပေ။ အကြောင်းမူကား ငါတို့သည် ဆင်းရဲဒုက္ခကို မခံမရပ်နိုင်အောင် အပြင်းအထန်ခံခဲ့ရသောကြောင့် အသက်ရှင်ရန်ပင် မျှော်လင့်ချက်ကင်းမဲ့ခဲ့ကြ၏။ ငါတို့သည် သေဒဏ်စီရင်ခြင်းခံကြရလေပြီဟု မိမိတို့ကိုယ်ကို ထင်မှတ်ခဲ့ကြ၏။ သို့ရာတွင် ဤသို့ ထင်မှတ်ခြင်းသည် ငါတို့အား မိမိတို့ကိုယ်ကိုအားမကိုးဘဲ သေသူတို့ကိုထမြောက်စေတော်မူသော ဘုရား သခင်အပေါ် အားကိုးကြစေရန်

ဖြစ်၏။ ကိုယ်တော်သည် ငါတို့ကိုအလွန်ပင်ကြောက်မက်ဖွယ်ကောင်းသောဘေးအန္တရာယ်မှ ကယ်တင်ခဲ့၍နောင်တွင်လည်း ကယ်တင်တော်မူလိမ့်မည်။ ကိုယ်တော်သည် ငါတို့အား တဖန်ကယ်တင်တော်မူဦးမည်ဟူ၍ ငါတို့သည် ကိုယ်တော်၌ မျှော်လင့်ထား ကြ၏။

## (ခ) ယုံကြည်ခြင်းကို ရင့်ကျက်ခိုင်မာလာစေသည့်အရာများ ပြုလုပ်ခြင်းမရှိပါက ဘုရား သခင်၏ ကောင်းမြတ်ခြင်းကို သတိရရန် ခက်ခဲနိုင်ပါသည်။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၈း၃၁-၃၂။** ထိုအခါ ယေရှုသည် မိမိကိုယုံကြည်လာကြသော ဂျူးလူမျိုးတို့အား သင်တို့သည် ငါ၏စကား အတိုင်းလိုက်နာကြလျှင် အမှန်ပင်ငါ၏တပည့်များဖြစ်ကြ၏။ သင်တို့သည် သမ္မာတရားကို သိကြလိမ့်မည်။ ထိုသမ္မာတရားသည်လည်း သင်တို့ကို လွတ်လပ်စေလိမ့်မည်ဟု မိန့်တော်မူ၏။

**တိမောသေဦးသြဝါဒစာ ဒုတိယစောင် ၃း၁၄-၁၇။** သင်မူကား သင်ကိုယ်တိုင်သင်ယူ၍ စွဲမြဲစွာယုံကြည်ခဲ့သည့်အရာကို ဆက်လက်လိုက်နာစောင့်ထိန်းပါလော့။ ၄င်းအား မည်သူ့ထံမှ သင်ယူခဲ့သည်ကိုလည်းကောင်း၊ ခရစ်တော်ယေရှု၌ ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းရရန် သင့်ကိုသွန်သင်လမ်းညွှန်ပေးနိုင်ခဲ့သော ကျမ်းစာတော်မြတ်ကို သင်သည် ငယ်ရွယ်စဉ်ကပင် မည်ကဲ့သို့ သိရှိနားလည်ခဲ့သည်ကိုလည်းကောင်း သတိပြုလော့။ ကျမ်းစာရှိသမျှတို့သည် ဘုရားသခင်၏နှိုးဆော်ခြင်းခံခဲ့ရ၍ သွန်သင်ခြင်း၊ ဆုံးမပြစ်တင်ခြင်း၊ အမှားကိုပြုပြင်ပေးခြင်းနှင့် ဖြောင့်မတ်ခြင်း၌ လမ်းညွှန်ခြင်းစသည်တို့ကို ပြုလုပ်ရန်အသုံးဝင်၏။ ဤသို့ဖြင့် ဘုရားသခင်၏အမှုတော်ဆောင်သူသည် ကောင်းမြတ်ပြည့်စုံ၍ ကောင်းသောအမှုအရာအားလုံးအတွက် အသင့်ပြင်ဆင်ပြီးဖြစ်လိမ့်မည်။

**တမန်တော်ဝတ္ထု ၂း၄၂။** ထိုသူတို့သည် တမန်တော်တို့၏ ဆုံးမသွန်သင်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်း၊ မုန့်ဖဲ့ခြင်းနှင့် ဆုတောင်းပတ္ထနာပြုခြင်းတို့ကို မြဲမြံစွာလိုက်နာကျင့်ကြံကြလေ၏။

**ဖိလိပိသြဝါဒစာ ၄း၆-၇။** မည်သည့်အမှုအတွက်မျှ စိုးရိမ်ပူပန်ခြင်းမရှိကြနှင့်။ အမှုအရာအားလုံးတို့၌ ကျေးဇူးတင်ချီးမွမ်းလျက် ဆုတောင်းပတ္ထနာနှင့် သနားခံတောင်းလျှောက်ခြင်းအားဖြင့် ဘုရားသခင်အား သင်တို့တောင်းလျှောက်သောအရာတို့ကို သိစေကြလော့။ လူတို့သိနားလည်သမျှအရာအား လုံးတို့ထက် ကြီးမြတ်သောဘုရားသခင်၏ ငြိမ်းချမ်းသာယာခြင်းသည်လည်း ခရစ်တော်ယေရှု၌ သင်တို့၏စိတ်နှလုံးများနှင့် အကြံအစည်များကို ထိန်းသိမ်းစောင့်ရှောက်တော်မူလိမ့်မည်။

**ဟေဗြဲဦးသြဝါဒစာ ၁၀း၂၄-၂၅။** ထိုမှတစ်ပါး ငါတို့သည် အချင်းချင်းတယောက်ကိုတစ်ယောက် ချစ်ခင်ရန်နှင့် ကောင်းကျိုးပြုကြရန် မည်သို့တိုက်တွန်းနှိုးဆော်ရမည်ကို ထောက်ရှုဆင်ခြင်ကြစို့။ သင်တို့အထဲမှ အချို့သောသူတို့ ပြုလုပ်လေ့ရှိသကဲ့သို့ စုဝေးဝတ်ပြုခြင်းအမှုများကို မစွန့်လွှတ်ကြနှင့်။ ထိုနေ့ရက် ရောက်လုနီးပြီဖြစ်၍ သင်တို့အချင်းချင်းတစ်ယောက်ကိုတစ်ယောက် အားပေးကြလော့။

## (ဂ) အသင်းတော်သည် မကောင်းမှုနှင့် မတရားမှုအပေါ် ဆန့်ကျင်ပြောဆိုရန် ပျက်ကွက်သည့်အခါ ဘုရား သခင်၏ကောင်းမြတ်မှုကို သတိရရန် ခက်ခဲနိုင်ပါသည်။

**ရှင်လုကာဧဝံဂေလိကျမ်း ၄း၁၈-၁၉။** ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ရှိတော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ဟောပြောစေခြင်းငှာ ကိုယ်တော်သည် ငါ့ကို ဆီဖြင့်လိမ်းကျံတော်မူပြီး။ ချုပ်နှောင်ခံရသောသူတို့အား လွတ်ငြိမ်းခြင်းကို ကြေညာရန်နှင့် မျက်စိမမြင်သောသူတို့အား မျက်စိအလင်းကိုပေးရန်လည်းကောင်း၊ ဖိနှိပ်ခံရသော သူတို့အား ကယ်တင်စေခြင်းငှာလည်းကောင်း၊ ထာဝရဘုရားသခင်၏ ကျေးဇူးတော်မင်္ဂလာနှစ်ကို ကြေညာရန် လည်းကောင်း ကိုယ်တော်သည် ငါ့ကိုစေလွှတ်တော်မူ၏။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၂၅း၃၁-၄၆။** လူသားသည် မိမိ၏ဘုန်းဂုဏ်တော်၌ ကောင်းကင်တမန်တော်များနှင့်အတူ ကြွလာသောအခါ သူသည် ဘုန်းကျက်သရေရှိသောပလ္လင်တော်ပေါ်၌ ထိုင်တော်မူလိမ့်မည်။ ထို့နောက် ရှေ့တော်၌လူမျိုးအပေါင်း တို့ကိုစုဝေးစေပြီး သိုးထိန်းသည် သိုးတို့ကိုဆိတ်တို့ထံမှ ခွဲခြားသကဲ့သို့ သူသည် ၄င်းတို့ကို သီးခြားစီခွဲထားတော်မူလိမ့်မည်။ ထိုအခါ သူသည် သိုးတို့ကို မိမိ၏လက်ယာဘက်၌လည်းကောင်း၊ ဆိတ်တို့ကိုမူ မိမိ၏လက်ဝဲဘက်၌လည်းကောင်း ထားတော်မူလိမ့်မည်။ ထို့နောက် ဘုရင်သည် မိမိ၏လက်ယာဘက်၌ရှိသောသူတို့အား ငါ၏ခမည်းတော်ထံမှ ကောင်းချီးမင်္ဂလာခံရသောသူတို့၊ လာကြလော့။ ကမ္ဘာဦးကပင် သင်တို့အတွက် ပြင်ဆင်ထားသောနိုင်ငံတော်ကို အမွေခံကြလော့။ အကြောင်းမူကား ငါသည် ဆာလောင်သောအခါ သင်တို့သည် ငါ့အား စားစရာပေးကြ၏။ ငါသည်ရေငတ်သောအခါ သင်တို့သည် ငါ့အား သောက်ရေကိုပေးကြ၏။ ငါသည် သူစိမ်းဧည့်သည် ဖြစ်သောအခါ

သင်တို့သည် ငါ့အားပျူငှာစွာကြိုဆိုကြ၏။ ငါ၌အဝတ်မရှိသောအခါ သင်တို့သည် ငါ့ကိုအဝတ်နှင့် လွှမ်းခြုံပေးကြ၏။ ငါသည် ဖျားနာသောအခါ သင်တို့သည် ငါ့ကိုကြည့်ရှုကြ၏။ ငါသည် ထောင်ထဲ၌ရှိနေသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ဟု မိန့်တော်မူလိမ့်မည်။ ထိုအခါ ဖြောင့်မတ်သောသူတို့က အရှင်၊ ကိုယ်တော်ဆာလောင်နေသည်ကို မည်သည့်အခါ၌ အကျွန်ုပ်တို့မြင်ရ၍ ကိုယ်တော့်ကို ကျွေးမွေးခဲ့ပါသနည်း။ သို့မဟုတ် ကိုယ်တော်ရေငတ်နေသည်ကို မည်သည့်အခါ၌မြင်၍ ကိုယ်တော်အား သောက်စရာကိုပေးခဲ့ပါသနည်း။ ထို့အတူ ကိုယ်တော်ဧည့်သည်ဖြစ်သည်ကို မည်သည့်အခါ၌ အကျွန်ုပ်တို့မြင်၍ ကိုယ်တော်အား ပျူငှာစွာ ကြိုဆိုခဲ့ပါသနည်း။ သို့မဟုတ် ကိုယ်တော်၌အဝတ်မရှိသည်ကို မည်သည့်အခါ၌မြင်ရ၍ ကိုယ်တော်အား အဝတ်နှင့်လွှမ်းခြုံပေး ခဲ့ပါသနည်း။ ကိုယ်တော်ဖျားနာသည်ကိုလည်းကောင်း၊ ထောင်ထဲမှာနေရသည်ကိုလည်းကောင်း မည်သည့်အခါ၌ အကျွန်ုပ်တို့မြင်ရ၍ အထံတော်သို့လာရောက်ကြည့်ရှုကြပါသနည်းဟု  ပြန်၍လျှောက်ထားကြလိမ့်မည်။ ထိုအခါ ဘုရင်က သင်တို့အား ငါအမှန်ဆိုသည် ကား အသိမ်ငယ်ဆုံးသော ဤငါ၏ညီအစ်ကိုတို့တွင် တစ်ဦးကို သင်တို့ပြုစုခဲ့ကြလျှင် ငါ့ကိုပင် ပြုစုကြပြီဟု သူတို့အားပြန်ပြော တော်မူလိမ့်မည်။

ထို့နောက် သူသည် မိမိ၏လက်ဝဲဘက်၌ရှိသောသူတို့အား ကျိန်ဆိုခြင်းခံရသောသူတို့၊ ငါ့ထံမှထွက်ခွာ၍ နတ်ဆိုးနှင့် သူ၏ တမန်များအဖို့ ပြင်ထားသောထာဝရမီးထဲသို့သွားကြလော့။ အကြောင်းမူကား ငါသည် ဆာလောင်သောအခါ သင်တို့သည် ငါ့အား စားစရာမပေး။ ငါသည် ရေငတ်သောအခါ သင်တို့သည် ငါ့အား သောက်စရာမပေး။ ငါသည် သူစိမ်းဧည့်သည်ဖြစ်သောအခါ သင်တို့သည် ငါ့အား ပျူငှာစွာမကြိုဆိုကြ။ ငါဖျားနာသောအခါနှင့် ငါထောင်ကျနေသောအခါတို့တွင်လည်း သင်တို့သည် ငါ့အား မကြည့်ရှုကြဟု မိန့်တော်မူလိမ့် မည်။ ထိုအခါ သူတို့ကလည်း အရှင်၊ ကိုယ်တော်သည် ဆာလောင်တော်မူသည်၊ ရေငတ်တော်မူသည်၊ သူစိမ်းဧည့်သည်ဖြစ်တော်မူသည်၊ ကိုယ်၌ အဝတ်ကင်းမဲ့တော်မူသည်၊ ဖျားနာတော်မူသည်၊ ထောင်ကျတော်မူသည်တို့ကို မပြုစုဘဲနေပါသနည်းဟု မေးလျှောက်ကြလိမ့် မည်။ ထိုအခါ ဘုရင်က သင်တို့အားငါအမှန်ဆိုသည်ကား အသိမ်ငယ်ဆုံးသောဤသူတို့တွင် တစ်ဦးကိုမျှ သင်တို့သည် မပြုစုကြလျှင် ငါ့ကိုလည်းမပြုစုကြဟု မိန့်တော်မူလိမ့်မည်။ ဤသူတို့သည် ထာဝရအပြစ်ဒဏ်ခံကြရ၍ ဖြောင့်မတ်သောသူတို့မူကား ထာဝရအသက်ရှင်ခြင်းသို့ ဝင်ရောက်ကြလိမ့်မည်ဟု မိန့်တော်မူ၏။

## (ဃ) တစ်ခါတစ်ရံတွင် ကလေးဘဝအတွေ့အကြုံများက ဘုရားသခင် ကောင်းမြတ်ကြောင်း ကို ယုံကြည်ရန် ခက်ခဲစေတတ်ပါသည်။

**ရှင်မာတေးဦးဝံဂေလိကျမ်း ၆း၉-၁၃။** ထို့ကြောင့် သင်တို့သည် ဤသို့ဆုတောင်းကြရမည်။ ကောင်းကင်ဘုံ၌ ကိန်းဝပ်တော်မူသော ကျွန်ုပ်တို့၏အဖ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော်။ ကိုယ် တော်၏ နိုင်ငံတော်သည်ရောက်ပါစေသော်။ ကောင်းကင်ဘုံ၌ဖြစ်သကဲ့သို့ မြေကြီးပေါ်၌လည်း ကိုယ်တော်၏အလိုတော်သည် ပြည့်စုံစေတော်မူပါ။ နေ့စဉ်မပြတ် အလိုရှိသော အစား အစာကို ကျွန်ုပ်တို့အား ယနေ့၌ပင်ပေးသနားတော်မူပါ။ ကျွန်ုပ်တို့ကို ထိခိုက်ကျူးလွန်သောသူတို့အား ကျွန်ုပ်တို့ ခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်တို့၏အပြစ်များကိုလည်း ခွင့်လွှတ်တော်မူပါ။ နှောင့်ယှက်ခြင်းအမှုတို့၌ ကျွန်ုပ်တို့ကို ပါဝင်ခြင်းမရှိစေဘဲလျက် မကောင်းဟူသမျှနှင့် ကင်းလွတ်စေတော်မူပါဟူ၍ ဆုတောင်းကြရမည်။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၇း၂၄။** အိုအဖ၊ ကမ္ဘာမတည်မီကပင် ကိုယ်တော်သည် ချစ်ခြင်းမေတ္တာ၌ အကျွန်ုပ်ကို ပေးတော်မူသောဘုန်းဂုဏ်တော်ကို အကျွန်ုပ်ထံသို့ ကိုယ်တော်အပ်နှံထားသောသူတို့မြင်ကြစေရန် သူတို့ကိုလည်း အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိစေလိုပါသည်။

**ရောမဩဝါဒစာ ၈း၁၄-၁၇။** အကြောင်းမူကား ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် လမ်းပြဦးဆောင်ခြင်းခံရသောသူတို့ သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ကြောက်ရွံ့စိတ်ပြန်လည်ဖြစ်ပေါ်လာစေရန် ဘုရားသခင် ထံတော်မှ ကျွန်စိတ်ဓာတ်ကို ရရှိခဲ့ကြသည်မဟုတ်ပေ။ သင်တို့သည် သားသမီးစိတ်ဓာတ်ကို ရရှိခဲ့ကြခြင်းသာဖြစ်၏။ အဗ္ဗ၊ အဖဟု သင်တို့ကြွေးကြော်ကြသော်အခါ၊ ငါတို့သည် ဘုရားသခင် ၏သားသမီးများဖြစ်ကြကြောင်းကို ဝိညာဉ်တော်ကိုယ်တိုင်ကပင် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူခြင်းဖြစ် ၏။ ငါတို့သည် သားသမီးများဖြစ်ကြလျှင် အမွေစားအမွေခံများဖြစ်ကြသဖြင့် ခရစ်တော်နှင့်အတူ အမွေတော်ကို ခွဲဝေခံစားကြရမည်ဖြစ်၏။ သို့သော် ငါတို့သည် ခရစ်တော်နှင့်အတူ ဆင်းရဲဒုက္ခခံကြမှသာလျှင် ထိုသခင်နှင့်အတူ ဘုန်းစည်းစိမ်တော်ကိုလည်း စံစားကြရမည်ဖြစ်၏။

## လေ့ကျင့်ခန်း- ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တွေ့ကြုံခံစားစေခြင်း

**ယေရမိမြည်တမ်းစကား ၃း၂၁-၂၃။** ထိုသို့ အကျွန်ုပ်၏စိတ်နှလုံးသည် ဆင်ခြင်၍သတိရသောအခါ မြော်လင့်စရာအခွင့်ရှိပါ၏။ ထာဝရ ဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲနေကြ၏။ နံနက်တိုင်း ကရုဏာတော်အသစ်ကိုခံရကြ၏။

**ဆာလံကျမ်း ၁၀၃း၁၃-၁၄။** ဖခင်သည် မိမိ၏သားသမီးများအပေါ် သနားကရုဏာသက်သကဲ့သို့ ကိုယ်တော်သည် မိမိအား ကြောက်ရွံ့သူတို့အပေါ် သနားကရုဏာသက်တော်မူ၏။ အကြောင်းမူကား ကိုယ်တော် သည် ငါတို့၏ ကိုယ်ခန္ဓာ တည်ဆောက်ပုံကို သိရှိ၍ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကို သတိရတော်မူ၏။

**ရောမဩဝါဒစာ ၈း၁၄-၁၆။** အကြောင်းမူကား ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် လမ်းပြဦးဆောင်ခြင်း ခံရသောသူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ကြောက်ရွံ့စိတ်ပြန်လည်ဖြစ်ပေါ်လာစေရန် ဘုရားသခင်ထံတော်မှ ကျွန်စိတ်ဓာတ်ကို ရရှိခဲ့ကြသည်မဟုတ်ပေ။ သင်တို့သည် သားသမီးစိတ်ဓာတ်ကို ရရှိခဲ့ကြခြင်းသာဖြစ်၏။ အဗ္ဗ၊ အဖဟု သင်တို့ကြွေးကြော်ကြသောအခါ ငါတို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြကြောင်းကို ဝိညာဉ်တော်ကိုယ်တိုင်ကပင် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူခြင်းဖြစ်၏။

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၃း၁-၂။** ငါတို့သည် ဘုရားသခင်၏သားသမီးဟု ခေါ်ဆိုခြင်းခံရသည်ကိုထောက်၍ အဖခမည်းတော်ဘုရားသည် ငါတို့ကို မည်သို့သောချစ်ခြင်းဖြင့် ချစ်တော်မူကြောင်း သိမြင်ကြလော့။ ငါတို့ သည်လည်း အမှန်ပင် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ ချစ်မိတ်ဆွေတို့၊ ယခု ငါတို့ သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ နောင်တွင် ငါတို့သည် မည်ကဲ့သို့သော သူများဖြစ်မည်ကို မသိရသေးသော်လည်း ကိုယ်တော်ကြွလာတော်မူသောအခါ ငါတို့သည် ကိုယ်တော်ကဲ့သို့ဖြစ်ကြလိမ့်မည်ကို ငါတို့သိကြ၏။ အကြောင်းမူကား ငါတို့သည် ကိုယ်တော့်ကို ပကတိအရှိအတိုင်း ဖူးမြင်ကြရမည်ဖြစ်သောကြောင့်တည်း။

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၄း၉-၁၀။** ငါတို့သည် သားတော်အားဖြင့် အသက်ရှင်နိုင်ကြရန် ဘုရားသခင်သည် မိမိ၏ တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူခဲ့ခြင်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ငါတို့အလယ်တွင် ပေါ်လွင်ထင်ရှားခဲ့၏။ ဤအမှုအရာတွင် ချစ်ခြင်းမေတ္တာတည်ရှိလေ၏။ ထိုချစ်ခြင်းမေတ္တာသည်ကား ငါတို့က ဘုရားသခင်ကို ချစ်ခြင်း မဟုတ်ဘဲ ဘုရားသခင်က ငါတို့ကိုချစ်တော်မူ၍ မိမိ၏သားတော်ကို ငါတို့၏အပြစ်များအတွက် အပြစ် ဖြေရာယဇ်တော်အဖြစ် စေလွှတ်တော်မူခဲ့ခြင်းပင်ဖြစ်၏။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၅း၇။** ကိုယ်တော်သည် သင်တို့ကို ဂရုစိုက်တော်မူသောကြောင့် သင်တို့၏ပူပန်သောကများအားလုံးကို ကိုယ်တော့်ထံ၌ အပ်နှံကြလော့။

# ၂။
# ကျွန်ုပ်တို့၏ စိတ်ဒဏ်ရာများကို မည်သို့ ကျန်းမာစေနိုင်ပါမည်နည်း။

**၁။ ဂျွန်၏အကြောင်း**

**၂။ စိတ်ဒဏ်ရာဆိုသည်မှာ အဘယ်နည်း။**

**(က) စိတ်ဒဏ်ရာသည် ခန္ဓာပိုင်းဆိုင်ရာဒဏ်ရာကဲ့သို့ပင်ဖြစ်သည်။**

**(ခ) စိတ်ဒဏ်ရာရှိသူတို့သည် မည်သို့ပြုမူကြသနည်း။**

**ပညာအလိမ္မာကျမ်း ၄း၂၃။** သင်၏စိတ်နှလုံးကို အရာရာထက်ပို၍ စောင့်ရှောက်ပါလော့။ အကြောင်းမူကား ၎င်းသည် အသက်၏ အရင်းအမြစ်ဖြစ်သောကြောင့်တည်း။

**ဆာလံကျမ်း ၅၅း၄-၅။** အကျွန်ုပ်၏စိတ်နှလုံးသည် အတွင်း၌ကြိတ်၍ ပူဆွေးနေရပါ၏။ သေခြင်း၏ကြောက်မက်ဖွယ်ရာများသည် အကျွန်ုပ်ကိုစိတ်ချောက်ချားစေပါ၏။ ကြောက်ရွံ့ခြင်းနှင့် ထိတ်လန့်တုန် လှုပ်ခြင်းတို့သည် အကျွန်ုပ်အပေါ်သို့ သက်ရောက်နေကြပါ၏။ စက်ဆုပ်ဖွယ်ရာတို့သည်လည်း အကျွန်ုပ်ကိုဖိစီးလျက်နေပါ၏။

**(ဂ) မည်သို့သော အခြေအနေများသည် စိတ်ဒဏ်ရာများကို ပို၍ ဆိုးဝါးစေပါသနည်း။**

**၃။ သမ္မာကျမ်းစာက ကျွန်ုပ်တို့၏ခံစားမှုများကို မည်သို့ကိုင်တွယ်ဖြေရှင်းရန် သွန် သင်ထားပါသနည်း။**

**ယေရှု ရှင်မာတေးဦးဝံဂေလိကျမ်း ၂၆း၃၇-၃၈။** ယေရှုသည် ထိုသို့မိန့်တော်မူပြီးမှ ပေတရုနှင့် ဇေဘေဒေးဦး၏ သား နှစ်ယောက်တို့ကို အတူခေါ်တော်မူ၏။ ဤတွင် ကိုယ်တော်သည် ပူဆွေးညှိုးငယ်၍ ပူပန်ခြင်းကို စတင်ခံစားရတော်မူ၏။ ထိုအခါ ကိုယ်တော်က ငါ၏စိတ်နှလုံးသည် သေလုမတတ်ပူဆွေးခြင်းကို ခံစားရ၏။ သင်တို့သည် ဤအရပ်တွင်နေကြ၍ ငါနှင့်အတူနိုးကြားစွာ စောင့်နေကြလော့ဟု မိန့်တော်မူ၏။

**ယေရှု ရှင်ယောဟန်ဝံဂေလိကျမ်း ၁၁း၃၃-၃၅။** ယေရှုသည် မာရိယာငိုကြွေးနေသည်ကိုလည်းကောင်း၊ သူမနှင့် အတူပါလာသော ဂျူးလူမျိုးများ ငိုကြွေးနေကြသည်ကိုလည်းကောင်း တွေ့မြင်တော်မူလျှင် အလွန်စိတ်ထိခိုက်သဖြင့် စိတ်သောက ရောက်တော်မူ ၏။ ထို့နောက် ကိုယ်တော်က သူ့ကိုသင်တို့ အဘယ်မှာထားကြသနည်းဟု မေးတော်မူလျှင် သူတို့က သခင်ဘုရား လာရောက်၍ ကြည့်ရှုတော်မူပါဟုလျှောက်ထားကြ၏။ ယေရှုသည်လည်း မျက်ရည်ကျတော်မူ၏။

**ပေတရု ရှင်မာတေးဦးဝံဂေလိကျမ်း ၂၆း၇၅။** ဤတွင် ပေတရုသည် ကြက်မတွန်မီ သင်သည်ငါ့ကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်လိမ့်မည်ဟု ယေရှုမိန့်တော်မူသောစကားကို အောက်မေ့သတိရသဖြင့် အပြင်သို့ထွက်၍ သည်းထန်စွာငိုကြွေးလေ၏။

**ယောန ယောနဝတ္ထု ၄း၁-၃။** ယောနသည် အလွန်စိတ်ညစ်၍ အမျက်ထွက်သဖြင့်၊ အိုထာဝရဘုရား၊ အကျွန်ုပ်တောင်းပန်ပါ၏။ အကျွန်ုပ်သည် ကိုယ်ပြည်၌ရှိစဉ် ဤသို့ပြောပါသည်မဟုတ်လော။ ထို့ကြောင့် ကိုယ်တော်ထံမှ တာရှုမြို့သို့ ကြိုးစား၍ပြေးပါ၏။ ကိုယ်တော်သည် သနားစုံမက်တတ်သောဘုရားဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သောသဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏။ သို့ဖြစ်၍ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကို နှုတ်ယူတော်မူပါ။ အကျွန်ုပ်အသက်ရှင်ခြင်းထက် သေခြင်းသည် သာ၍ကောင်းပါသည်ဟု တောင်းလျှောက်လေ၏။

**ဟန္န ဓမ္မရာဇဝင် ပဌမစောင် ၁း၁၀၊ ၁၃-၁၆။** ဟန္နသည် ညှိုးငယ်သောစိတ်နှင့်ထ၍၊ မျက်ရည်များစွာကျလျက် ထာဝရဘုရားကို ဆုတောင်းသည်ကား... စိတ်နှလုံးနှင့်ဆုတောင်း၍ နှုတ်ခမ်းလှုပ်သော်လည်း၊ စကားသံမထွက်သော ကြောင့် ယစ်မူးသည်ဟု ဧလိ ထင်လျက် "သင်သည် အဘယ်မျှကာလပတ်လုံး ယစ်မူးလိမ့်မည်နည်း။ သင်၏စပျစ်ရည်ကို ပယ်ရှောင်လော့"ဟု ဆို၏။ ဟန္နကလည်း

"မဟုတ်ပါအရှင် ကျွန်မသည် စိတ်ညှိုးငယ်သောမိန်းမဖြစ်ပါ၏။ စပျစ်ရည်ကို မသောက်ပါ၊ သေရည်သေရက်ကို မသောက်ပါ၊ ထာဝရဘုရားရှေ့တော်၌ စိတ်နှလုံးကို သွန်းလောင်းလျက်နေပါ၏။ ကိုယ်တော်၏ ကျွန်မကို အဓမ္မမိန်းမဟူ၍ မမှတ်ပါနှင့်။ မြည်တမ်းစရာအကြောင်း၊ ဝမ်းနည်းစရာအကြောင်းများသည်ဖြစ်၍ ယခုတိုင်အောင်လျှောက်နေပါသည်"ဟု ပြန်ပြောသော် ဧလိက "ငြိမ်ဝပ်စွာ သွားလော့"။

**ဒါဝိဒ် ဆာလံကျမ်း ၅၅း၄-၆။** အကျွန်ုပ်၏စိတ်နှလုံးသည် အတွင်း၌ကြိတ်၍ ပူဆွေးနေရပါ၏။ သေခြင်း၏ ကြောက်မက်ဖွယ်ရာများသည် ကျွန်ုပ်ကို စိတ်ချောက်ချားစေပါ၏။ ကြောက်ရွံ့ခြင်းနှင့် ထိတ်လန့်တုန်လှုပ်ခြင်းတို့သည် အကျွန်ုပ်အပေါ်သို့ သက်ရောက်နေကြပါ၏။ စက်ဆုပ်ဖွယ်ရာတို့သည်လည်း အကျွန်ုပ်ကို ဖိစီးလျက်နေပါ၏။ သို့ဖြစ်၍ ငါဆိုသည်ကား ငါ၌ ငှက်တစ်ကောင်၏ အတောင်များရှိခဲ့ပါလျှင် ငါသည် အဝေးသို့ ပျံသန်း၍ နားနေမည်။

**ဂလာတိဆီယာသြဝါဒစာ ၆း၂။** သင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦးက ကူညီခံထမ်း၍ ထိုကဲ့သို့ပြုမူခြင်းအားဖြင့် ခရစ်တော်၏ တရားတော်ကို လိုက်နာကျင့်သုံးကြလော့။

**ဖိလိပ္ပိသြဝါဒစာ ၂း၄။** သင်တို့တစ်ဦးစီသည် မိမိကိုယ်ကျိုးကိုသာ မကြည့်ဘဲ အခြားသောသူတို့၏ အကျိုးကိုလည်း ငဲ့ကွက်ကြပါလော့။

**ဆာလံကျမ်း ၁၀၉း၂၂။** အကြောင်းမူကား အကျွန်ုပ်သည် ဆင်းရဲချို့တဲ့ပါ၏။ အကျွန်ုပ်စိတ်နှလုံးသည် နာကျင်လျက်ရှိပါ၏။

## ၄။ စိတ်ဒဏ်ရာရသူတစ်ဦး ကျန်းမာခြင်းသို့ရောက်ရန် ကျွန်ုပ်တို့မည်သို့ ကူညီနိုင်ပါ မည်နည်း။

### (က) နာကျင်မှုများကို ထုတ်ဖော်ခွင့်ပေးခြင်း၏ ရည်ရွယ်ချက်သည် အဘယ်နည်း။

**ဆာလံကျမ်း ၆၂း၈။** အိုလူပေါင်းတို့၊ ကိုယ်တော့်ကို အချိန်ကာလတိုင်း၌ ယုံကြည်အားထားကြလော့။ ကိုယ်တော့်အထံတော်သို့ သင်တို့၏ စိတ်နှလုံးများကို ဖွင့်လှစ်ထားကြလော့။ အကြောင်းမူကား ထာဝရ ဘုရားသခင်သည် ငါတို့၏ခိုလှုံရာဖြစ်တော်မူ၏။

**ဆာလံကျမ်း ၁၀၃း၃။** ကိုယ်တော်သည် သင်၏အပြစ်ဒုစရိုက်များကို ခွင့်လွှတ်၍ သင်၏အနာရောဂါအားလုံးကို ပျောက်ကင်းစေတော်မူ၏။

### (ခ) ကောင်းစွာ နားထောင်ပေးတတ်သူသည် မည်သို့သောသူ ဖြစ်သနည်း။

**ပညာအလိမ္မာကျမ်း ၁၁း၁၃၊ ၂၀း၁၉။** အတင်းအဖျင်းပြောတတ်သူသည် ယုံကြည်စိတ်ချစွာ အသိပေးထားသည့်အမှုကို သစ္စာဖောက်တတ်၏။ ယုံကြည်ထိုက်သောသူမူကား လျှို့ဝှက်ချက်ကို စောင့်ထိန်းတတ်၏။ အတင်းအဖျင်းပြောဆိုတတ်သူသည် လျှို့ဝှက်သောအရာတို့ကို ဖော်ထုတ်၏။ ထို့ကြောင့် မိုက်မဲစွာစကားပြောဆိုသောသူကို ရှောင်ကြဉ်လော့။

**ပညာအလိမ္မာကျမ်း ၁၈း၁၃။** မေးခွန်းကို ကောင်းစွာနားထောင်ခြင်းမပြုဘဲ အဖြေပေးခြင်းသည် မိုက်မဲခြင်းနှင့် အရှက်ကွဲခြင်းပင်ဖြစ်၏။

**ပညာအလိမ္မာကျမ်း ၂၀း၅။** လူ၏အတွင်းစိတ်ထဲရှိ အကြံအစည်တို့သည် နက်ရှိုင်းသောသမုဒ္ဒရာရေနှင့်တူ၏။ သို့သော် အသိဉာဏ်ရှိသောသူသည် ၄င်းတို့ကိုခပ်ယူ၏။

## (ဂ) ___ ကျွန်ုပ်တို့သည် မည်သို့ နားထောင်ပေးနိုင်ပါမည်နည်း။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၃၃း ၁၃-၁၈။** ဘုရားသခင်နှင့် အဘယ်ကြောင့် ဆန့်ကျင်ဖက်ပြုသနည်း။ ပြုတော်မူသော အမှုတို့၏ အကြောင်းကို ပြတော်မမူ။ ဘုရားသခင်သည် တကြိမ်မိန့်မြွက်တော်မူ၏။ လူမရိပ်မိလျှင် နှစ်ကြိမ်တိုင်အောင်မိန့်မြွက်တော်မူ၏။ လူသည်အိပ်ယာပေါ်မှာ ငိုက်လျက်အိပ်ပျော်လျက်နေသောအခါ အိမ်မက်မြင်၍ ညဉ့်ယူပါရုံကိုခံရသောအားဖြင့် ဘုရားသခင်သည် လူ၏နားကို ဖွင့်၍ဆုံးမပေးတော်မူတတ်၏။ ထိုသို့ လူသည် မိမိအကြံကိုစွန့်စေခြင်းငှါ၎င်း၊ မာန်မာနနှင့်ကင်းလွတ်စေခြင်းငှါ၎င်း ပြုတော်မူ၏။ သူ၏အသက်ကို သင်္ချိုင်းတွင်းမှကွယ်ကာ၍ ထားဘေးဖြင့် မသေစေခြင်းငှါ စောင့်မတော်မူ၏။

**ကမ္ဘာဦးကျမ်း ၃၇း၅-၈။** ယောသပ်သည် အိမ်မက်ကိုမြင်၍ အစ်ကိုတို့အားပြန်ပြောသဖြင့် သူတို့သည် သာ၍မုန်းကြ၏။ အိမ်မက်ကို အဘယ်သို့ပြန်ပြောသနည်းဟူမူကား၊ ကျွန်ုပ်မြင်ရသောအိမ်မက်ကို နားထောင်ကြပါလော့။ ကျွန်ုပ်တို့သည် လယ်၌ကောက်လှိုင်းကို စည်း၍ နေကြစဉ်တွင် ကျွန်ုပ်ကောက်လှိုင်းသည် ထ၍မတ်တပ်နေသဖြင့် သင်တို့၏ကောက်လှိုင်းတို့သည် ဝိုင်း၍ရပ်လျက် ကျွန်ုပ်ကောက်လှိုင်းကို ရှိခိုးကြသည်ဟု ပြောဆိုလေ၏။ အစ်ကိုတို့ကလည်း သင်သည်ငါတို့၌ မင်းပြုရလိမ့်မည်လော။ ငါတို့ကို အစိုးရလိမ့်မည်လောဟု ပြန်ဆို၍ သူ၏ အိမ်မက်နှင့် သူ၏စကားကြောင်းကြောင့် သာ၍မုန်းကြ၏။

**ဒံယေလအနာဂတ္တိကျမ်း ၂း၂၀-၂၂။** ထိုအခါ ဒံယေလသည် ကောင်းကင်ဘုံရှင်ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ဘုရားသခင်၏နာမတော်သည် ထာဝရမင်္ဂလာရှိပါစေသတည်း။ ပညာနှင့်၎င်း၊ အစွမ်းသတ္တိနှင့်၎င်း ပြည့်စုံတော်မူ၏။ ကာလအချိန် ဥတုများကို ပြောင်းလဲစေတော်မူ၏။ ရှင်ဘုရင်တို့ကိုလည်း နှိမ့်ချချီးမြှောက်တော်မူ၏။ ပညာရှိတို့အား ပညာကိုပေးတော်မူ၏။ ဉာဏ်ရှိသောသူတို့သည် ကျေးဇူးတော်အားဖြင့်သာ ထိုးထွင်း၍ နားလည်တတ်ကြ၏။ နက်နဲခက်ခဲသောအရာတို့ကို ထင်ရှားစွာပြတော်မူ၏။ မှောင်မိုက်၌ရှိသမျှတို့ကို သိမြင်၍ အလင်း၏တည်ရာဖြစ်တော်မူ၏။

## (ဃ) ___ ဆိုးဝါးလွန်းသည့်ကိစ္စများ

# ၃။
# လူတစ်ဦးသည် ဝမ်းနည်းပူဆွေးရချိန်တွင် မည်သို့ဖြစ်တတ်သနည်း။

**၁။ ဓမ္မဆရာကြီး နစ်ဒရီအကြောင်း**

**၂။ ဝမ်းနည်းပူဆွေးခြင်းဟူသည် အဘယ်နည်း။**

**နေဟမိမှတ်စာ ၁း၃-၄။** သူတို့က သိမ်းသွားခြင်းကိုခံရသော လူစုထဲကလွတ်၍ ထိုပြည်၌နေသောသူတို့သည် ကြီးစွာသောဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်းကို ခံရကြ၏။ ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက် မြို့တံခါးလည်း မီးလောင်၍ကုန်ပြီဟု ပြန်ပြောကြ၏။ ထိုစကားကို ကြားလျှင်၊ ငါသည်ထိုင်၍ အင်တန်ကာလပတ်လုံးငိုကြွေးမြည်တမ်းလျက် အစာရှောင်လျက်နေ၍ ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင့် ရှေ့တော်၌ ဆုတောင်းသော ပဌနာဟူမူကား-

**ဗျာဒိတ်တော်ကျမ်း ၂၁း၄။** ကိုယ်တော်သည် သူတို့၏မျက်စိများထဲမှ မျက်ရည်ရှိသမျှတို့ကို သုတ်ပေးတော်မူလိမ့်မည်။ သေခြင်းသည်လည်း ရှိလိမ့်မည်မဟုတ်။ ဝမ်းနည်းပူဆွေးခြင်း၊ ငိုကြွေးခြင်းနှင့် နာကျင်ခြင်းများသည်လည်း ရှိကြလိမ့်မည်မဟုတ်။ အကြောင်းမူကား ယခင်ကရှိခဲ့သောအရာတို့သည် ပျောက်ကွယ်သွားကြလေပြီဟူ၍ ဖြစ်သတည်း။

**သက်ဆာလောနိကဩဝါဒစာ ပထမစောင် ၄း၁၃။** ညီအစ်ကိုတို့ မျှော်လင့်ခြင်းမရှိသော အခြားသူများကဲ့သို့ သင်တို့သည် ဝမ်းနည်းကြေကွဲခြင်းကို မခံစားရစေရန် သေလွန်သွားသောသူတို့အကြောင်းကို သင်တို့သိရှိစေခြင်းငှာ ငါတို့အလို ရှိကြ၏။

**၃။ ပြန်လည် ကျန်းမာသက်သာလာစေရန်အတွက် ကျွန်ုပ်တို့သည် မည်သို့ဝမ်း နည်းပူဆွေးသင့်ပါသနည်း။**

(က) ___ငြင်းပယ်ခြင်းနှင့် ဒေါသရှာ

(ခ) ___မျှော်လင့်ခြင်းမဲ့ရှာ

(ဂ) ___ဘဝသစ်အစပြုရှာ

(ဃ) ___တိုက်ရိုက်ခရီးစဉ် မဟုတ်ပါ။

**၄။ မည်သည့်အရာများက ဝမ်းနည်းပူဆွေးခြင်းကို ပို၍ ခက်ခဲစေသနည်း။**

(က) ___တချို့သောဆုံးရှုံးမှုပုံစံတို့က ဝမ်းနည်းပူဆွေးမှုကို ပို၍ ခက်ခဲစေနိုင်ပါသည်။

(ခ) ___တံတားမှားက ဝမ်းနည်းပူဆွေးမှုခရီးစဉ်ကို အဟန့်အတားဖြစ်စေပါသည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၂၇း၄၆။** အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်ထားတော်မူပါသနည်း။

### (ဂ) ငိုကြွေးခြင်းဆိုင်ရာ အယူအဆများက ပူဆွေးဝမ်းနည်းခြင်းကို အဟန့်အတားဖြစ်စေ နိုင်ပါသည်။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၁း၃၃-၃၈။** ယေရှုသည် မာရိယာ ငိုကြွေးနေသည်ကိုလည်းကောင်း၊ သူမနှင့်အတူပါလာသော ဂျူးလူမျိုးများ ငိုကြွေးနေသည်ကိုလည်းကောင်း တွေ့မြင်တော်မူလျှင် အလွန်စိတ်ထိခိုက်သဖြင့် စိတ်သောကရောက်တော်မူ၏။ ထို့နောက်ကိုယ်တော်က သူ့ကိုသင်တို့အဘယ်မှာထားကြသနည်းဟု မေးတော်မူလျှင် သူတို့ကသခင်ဘုရားလာရောက်၍ ကြည့်ရှု တော်မူပါဟု လျှောက်ထားကြ၏။ ယေရှုသည်လည်း မျက်ရည်ကျတော်မူ၏။ ထိုအခါ ဂျူးလူမျိုးတို့က သူသည် လာဇရုကို ဤမျှလောက်ချစ်သည်ကို ကြည့်ကြလော့ဟု ပြောဆိုကြ၏။ သို့သော် သူတို့တွင် အချို့က မျက်မမြင်၏မျက်စိများကို ပြန်မြင်စေခဲ့သော ဤသူသည် လာဇရုကို မသေရန်မပြုလုပ်နိုင်သလောဟု ဆိုကြ၏။ ထို့နောက်တဖန် ယေရှုသည် လွန်စွာစိတ်မသာမယာဖြစ်လျက် သင်္ချိုင်းသို့ ကြွလာတော်မူ၏။ သင်္ချိုင်းတွင်းသည်ကား ကျောက်လိုဏ်ဂူတစ်ခုဖြစ်ပြီး ၎င်းကိုကျောက်တုံးတစ်တုံးဖြင့် ပိတ်ထားလျက်ရှိ၏။

**ဆာလံကျမ်း ၆း၆။** အကျွန်ုပ်သည် ဝမ်းနည်းကြေကွဲခြင်းဖြင့် မောပန်းနွမ်းနယ်လျက်ရှိပါ၏။ ညစဉ်ညတိုင်း ငိုကြွေးရသဖြင့် အကျွန်ုပ်၏အိပ်ရာသည် မျက်ရည်များဖြင့် အိုင်ထွန်းလျက်ရှိပါ၏။ အကျွန်ုပ် ၏ခုတင်သည်လည်း မျက်ရည်တို့ဖြင့် စိုစွတ်လျက်ရှိပါ၏။

**ဆာလံကျမ်း ၃၉း၁၂။** အိုထာဝရဘုရားသခင် အကျွန်ုပ်၏ဆုတောင်းပတ္ထနာကို နားညောင်းတော်မူပါ။ အကျွန်ုပ်၏ အော်ဟစ်တောင်းလျှောက်သံကို နားညောင်းတော်မူပါ။ အကျွန်ုပ်ငိုကြွေးအသနားခံသောအခါ လျစ်လျူရှုတော်မမူပါနှင့်။ အကြောင်းမူကား အကျွန်ုပ်သည် ဘိုးဘေးတို့ကဲ့သို့ သူစိမ်းဧည့် သည်အာဂန္တုမျှသာဖြစ်ပါ၏။

**ဆာလံကျမ်း ၄၂း၃။** လူတို့က သင်၏ဘုရားသခင်သည် အဘယ်မှာရှိသနည်းဟု ငါ့ကို အစဉ်မပြတ်ပြောဆိုကြသဖြင့် ငါ၏ မျက်ရည်တို့သည် နေ့ညမပြတ် ငါ၏စားစရာဖြစ်ရပါ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၂၂း၄။** ထို့ကြောင့် ငါဆိုသည်ကား ငါ့ကိုမကြည့်ပါနှင့်။ ပြင်းစွာငိုရမည်။ ငါ့အမျိုးသတို့သမီး ပျက်စီးသည်ဖြစ်၍ ငါ့စိတ်ပြေစေခြင်းငှါ မကြိုးစားပါနှင့်။

**ယေရမိအနာဂတ္တိကျမ်း ၉း၁။** ငါ၏လူမျိုးသတို့သမီးနှင့်ဆိုင်သော အသေကောင်များအတွက် ငါသည် နေ့ညဥ့်မပြတ်ငိုရ မည်အကြောင်း ငါ့ဦးခေါင်းသည် ရေသက်သက်၊ ငါ့မျက်စိတို့သည် မျက်ရည်ထွက်သော စမ်းဖြစ်ပါစေသော။

**ဒေသနာကျမ်း ၃း၄။** ငိုရသောအချိန်နှင့် ရယ်ရသောအချိန်လည်းရှိ၏။ ညည်းတွားရသောအချိန်နှင့် ကခုန်ရသောအချိန်လည်းရှိ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၃၈း၃-၅။** အိုထာဝရဘုရား အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာစောင့်လျက် စုံလင်သောစိတ်နှလုံးနှင့်ကျင့်၍ နှစ်သက်တော်မူသည်အတိုင်း ပြုကြောင်းကို အောက်မေ့တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု အလွန်ငိုကြွေးလျက် ထာဝရဘုရားကို ဆုတောင်းလေ၏။ တဖန် ထာဝရ ဘုရား၏နှုတ်ကပတ်တော်သည် ဟေရှာယသို့ရောက်၍ သင်သည် ဟေဇကိမင်းထံသို့ သွားပြီးလျှင် သင့်အဘဒါဝိတ်၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည်ကား သင်၏ပဌနာစကားကို ငါကြား၏။ သင်၏မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏အသက်၌ တဆယ်ငါးနှစ်ကို ငါဆက်၍ပေးမည်။

## ၅။ ဝမ်းနည်းပူဆွေးနေသူများကို မည်သို့ ကူညီနိုင်ပါမည်နည်း။

### (က) အကူအညီမဖြစ်စေခဲ့သည့် ယောဘကို နှစ်သိမ့်သူများ ဥပမာ

**ယောဘဝတ္ထု ၄း၃-၆။** သင်သည် လူအများတို့ကို ဆုံးမပြီ။ လက်မစွမ်းသောသူတို့ကို ခိုင်ခံ့စေပြီ။ သင်၏စကားသည် လဲလုသောသူကို ထောက်မပြီ။ နုန့်နဲ့သောဒူးတို့ကိုလည်း တည့်စေပြီ။ ယခုမူကား၊ ကိုယ်တိုင်အမှုတွေ့၍ စိတ်ပျက်၏။ အထိအခိုက်ခံရသော ကြောင့် မိန်းမောတွေဝေလျက် နေ၏။ သင်၏ရိုသေသောသဘော၊ ယုံကြည်ကိုးစားသောသဘော၊ မျော်လင့်သောသဘော၊ တည်ကြည်သောသဘော၊ တရားသဖြင့် ကျင့်တတ်သောသဘောသည် အဘယ်မှာရှိသနည်း။

**ယောဘဝတ္ထု ၄း၇-၈။** အပြစ်နှင့်ကင်းလွတ်လျက်ပင် ပျက်စီးခြင်းသို့ အဘယ်သူရောက်သနည်း။ ဖြောင့်မတ်သောသူသည် အဘယ်အရပ်၌ ဆုံးသနည်းဟု ဆင်ခြင်ပါလော့။ ငါသိမြင်သည်အတိုင်း၊ မတရားသော လယ်ထွန်ခြင်းကို ပြုသောသူနှင့် အဓမ္မမျိုးစေ့ကို ကြဲသောသူတို့ သည် ထိုသို့နှင့်အညီ စပါးရိတ်တတ်ကြ၏။

**ယောဘဝတ္ထု ၈း၆-၈။** စင်စစ်သင့်အတွက် ကိုယ်တော်သည် ထပြီးလျှင် သင်၏ဖြောင့်မတ်သောနေရာကို ကောင်းစားစေ တော်မူသဖြင့် သင်သည် အစအဦး၌ငယ်သော်လည်း နောက်ဆုံး၌ အလွန်ကြီးပွါးလိမ့်မည်။ လွန်လေပြီးသောကာလကိုစစ်၍ ရှေးဘိုးဘေးတို့ကို မေးမြန်းခြင်းငှါအားထုတ်ပါလော့။

**ယောဘဝတ္ထု ၁၁း၂-၄။** စကားများ၍ အကျိုးရှိသည်မဟုတ်။ နှုတ်သီးကောင်းသောသူသည် မိမိအပြစ်နှင့်လွတ်ရမည်လော။ သင်ပြောသောမုသာစကားကြောင့် သူတပါးတို့သည် တိတ်ဆိတ်စွာနေရမည်လော။ သင်ကဲ့ရဲ့သောအခါ အဘယ်သူသည် အရှက် မကွဲဘဲ နေရမည်နည်း။ သင်က ငါ့စကားဖြောင့် ၏။ ဘုရားသခင့်ရှေ့တော်၌ ငါသန့်ရှင်း၏ဟု ဆိုမိသည်။

**ယောဘဝတ္ထု ၂၂း၂၁-၃၀။** ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိဿဟာရဖွဲ့လော့။ ထိုသို့ပြုမှ ကောင်းစားခြင်းသို့ ရောက်ရလိမ့်မည်။ နှုတ်တော်ထွက်တရားကို ခံယူ၍ စကားတော်ကို နှလုံး၌သွင်းပါလော့။ အနန္တတန်ခိုးရှင်ထံတော်သို့ ပြန်လာလျှင် တည်ဆောက်ခြင်း ရှိလိမ့်မည်။ သင့်အိမ်မှ ဒုက္ခရိုက်ကိုပယ်ရှားလျှင် ရွှေကိုမြေမှုန့်ကဲ့သို့၄င်း၊ သြဖိရရွှေကို မြစ်၌ရှိသောကျောက်စရစ်ကဲ့သို့၄င်း သိုထားရလိမ့်မည်။ ထိုအခါ အနန္တတန်ခိုးရှင်သည် သင်၌ရွှေရတနာ သင်သုံးရသောငွေဘဏ္ဍာဖြစ်တော်မူလိမ့်မည်။ သင်သည် အနန္တတန်ခိုးရှင်၌ မွေ့လျော်၍ ဘုရားသခင်ကို ဖူးမျှော်ရသောအခွင့် ရှိလိမ့်မည်။ သင်ဆုတောင်းသောအခါ နားထောင်တော်မူမည်။ သစ္စာဂတိထား သည်အတိုင်း သစ္စာဝတ်ဖြေရသောအခွင့်ရှိလိမ့်မည်။ သင်ကြံစည်သောအကြံအစည်သည် ထမြောက်၍ သင်သွားသောလမ်း၌ ရောင်ခြည်ထွန်းလိမ့်မည်။ သူတပါးတို့သည် နှိမ့်ချခြင်းကိုခံရသော အခါ သင်ကချီးမြှောက်သောအခွင့်ရှိသည်ဟု ဆိုရလိမ့်မည်။ စိတ်နှိမ့်ချသောသူကို ကယ်တင်တော်မူလိမ့်မည်။ အပြစ်မကင်းသောသူကိုပင် ကယ်နှုတ်တော်မူလိမ့်မည်။ သင်ပြုသောအမှု သန့်ရှင်းသောအားဖြင့် သူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်ဟု မြွက်ဆို၏။

**ယောဘဝတ္ထု ၁၆း၂။** ထိုသို့သောစကားများတို့ကို ငါကြားဘူးပြီ။ သင်တို့ရှိသမျှတို့သည် နှစ်သိမ့်စေခြင်းငှါပြုသော်လည်း ပင်ပန်းစေသော သူဖြစ်ကြပါသည်တကား။

## (ခ) ___ဝမ်းနည်းပူဆွေးနေသူများကို မည်သို့ကူညီနိုင်ပါမည်နည်း။

**ဖေက်ဆုသြဝါဒစာ ၆း၁၈။** အမျိုးမျိုးသော ဆုတောင်းပတ္ထနာများနှင့် အသနားခံတောင်းလျှောက်ခြင်းတို့ဖြင့် ဝိညာဉ်တော်၌ အစဉ်မပြတ်ဆုတောင်းကြလော့။ သူတော်သူမြတ်အပေါင်းတို့အတွက် အသနားခံဆုတောင်းကြလျက် မဆုတ်မနစ်ကြိုးစား၍ နိုးနိုးကြားကြား ရှိကြလော့။

**ယောဘဝတ္ထု၂၁း၂။** ငါ့စကားကိုစေ့စေ့နားထောင်၍ ငါ့အားနှစ်သိမ့် ခြင်းကို ပြုကြလော့။

**ပညာအလိမ္မာကျမ်း ၁၈း၁၃။** မေးခွန်းကို ကောင်းစွာ နားထောင်းခြင့်မပြုပဲ အဖြေပေးခြင်းသည် မိုက်မဲခြင်းနှင့် အရှက်ကွဲခြင်းပင် ဖြစ်သည်။

**ရှင်ယာကုပ် သြဝါဒစာ ၁း၂၇။** ခမည်းတော်ဘုရားသခင်ရှေ့တော်၌ စစ်မှန်သောဘုရားတရားကြည်ညိုမှုသည်ကား ဒုက္ခရောက် သောမိဘမဲ့ကလေးများနှင့် မုဆိုးမတို့ကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ လောကီအညစ် အကြေးတို့မှ ကင်းစင်အောင် မိမိတို့ကိုယ်ကို စောင့်ထိန်းခြင်းတို့ပင် ဖြစ်သတည်း။

**ဆာလံကျမ်း ၃၄း၁၈။** ထာဝရဘုရားသခင်သည် စိတ်နှလုံးကြေကွဲ သောသူတို့၏ အနီးတွင် ရှိတော်မူ၏။

## မြည်တမ်းခြင်း

**ဆာလံကျမ်း ၁၃း၁-၆။** အို ထာဝရဘုရား၊ ကိုယ်တော်သည် ကျွန်တော်မျိုးအား အဘယ်ကာလတိုင်အောင် မေ့လျော့၍ နေတော်မူပါမည်နည်း။ ထာဝစဉ်မေ့လျော့၍နေတော်မူမည်လော။ အဘယ်ကာလတိုင်အောင်မျက်နှာတော်ကို လွှဲတော်မူပါမည်နည်း။ ကျွန်တော်မျိုးသည် အဘယ်ကာလတိုင်အောင် ဒုက္ခခံရပါမည်နည်း။ အဘယ်ကာလတိုင်အောင် နေ့ရောညပါ ဝမ်းနည်းကြေကွဲလျက် နေရပါမည်နည်း။ ကျွန်တော်မျိုး၏ရန်သူများသည် အဘယ်ကာလတိုင်အောင် ကျွန်တော်မျိုးအပေါ်တွင် အနိုင်ရကြပါမည်နည်း။

ကျွန်တော်မျိုး၏ ဘုရားသခင်ထာဝရဘုရား၊ ကျွန်တော်မျိုးခေါ်သောအခါကြည့်တော်မူ၍ ထူးတော်မူပါ။ ကျွန်တော်မျိုးကို ပြန်လည်၍ ခွန်အားဖြင့် ပြည့်ဝစေတော်မူပါ။ ကျွန်တော်မျိုးအား သေစေတော်မမူပါနှင့်။ ကျွန်တော်မျိုး၏ ရန်သူများသည် ``ငါတို့သူ့ကို အနိုင်ရပြီ''ဟူ၍ ပြောဆိုနိုင်ခွင့်ကိုပေးတော်မမူပါနှင့်။ သူတို့အား ကျွန်တော်မျိုး၏ပြိုလဲမှုကြောင့် ဝမ်းမြောက်နိုင်ခွင့်ကို ပေးတော်မမူပါနှင့်။

ကျွန်တော်မျိုးသည် ကိုယ်တော်ရှင်၏ခိုင်မြဲသော မေတ္တာတော်ကိုအားကိုးပါ၏။ ကိုယ်တော်ရှင်သည် ကျွန်တော်မျိုးအား ကယ်တော်မူမည်ဖြစ်၍ ကျွန်တော်မျိုးသည် ရွှင်လန်းဝမ်းမြောက်ပါမည်။ အိုထာဝရဘုရား ကိုယ်တော်သည်ကျွန်တော်မျိုးအား ကျေးဇူးပြု တော်မူသဖြင့် ကျွန်တော်မျိုးသည် ကိုယ်တော်အား ထောပနာသီချင်းဆိုပါမည်။

**ဆာလံကျမ်း ၆၂း၈။** အိုလူအပေါင်းတို့ ကိုယ်တော့်ကို အချိန်ကာလတိုင်း၌ ယုံကြည်အားထားကြလော့။ ကိုယ်တော့်အထံတော်သို့ သင်တို့၏စိတ်နှလုံးများကို ဖွင့်လှစ်ထားကြလော့။ အကြောင်းမူကား ထာဝရဘုရားသခင်သည် ငါတို့၏ခိုလှုံရာဖြစ်တော်မူ၏။

**ဆာလံကျမ်း ၂၈း၃-၄။** မကောင်းမှုကိုပြုသော သူယုတ်မာတို့နှင့်အတူ အကျွန်ုပ်ကိုဆွဲခေါ်တော်မမူပါနှင့်။ ထိုသူတို့သည် နီးစပ် သောသူတို့အား ငြိမ်းချမ်းသောစကားကို ပြောကြသော်လည်း စိတ်နှလုံး၌မူ ကား မကောင်းမှုများရှိနေကြပါ၏။ ထိုသူတို့ပြုကျင့်ခဲ့သော အပြုအမူများအတိုင်း သူတို့ကို ဒဏ်ခတ်တော်မူပါ။ ထိုသူတို့ပြုကျင့်ခဲ့သော မကောင်းမှုများအတိုင်း သူတို့ကို တုံ့ပြန်တော်မူပါ။ သူတို့လက်များ၏ ဆောင်ရွက်ချက်များနှင့်အညီ သူတို့ကို တုံ့ပြန်တော်မူပါ။ သူတို့နှင့်ထိုက်တန်သောအရာကို ပေးအပ်တော်မူပါ။

# ၄။
# ဆိုးဝါးသည့် အခြေအနေများ ကြုံတွေ့ခဲ့ကြသော ကလေးငယ်များကို ကူညီပေးခြင်း။

**၁။ ကာစီအကြောင်း**

**၂။ ရက်စက်ကြမ်းတမ်းသော အခြေအနေများကို တွေ့ကြုံခဲ့ရသော ကလေးများ သည် မည်သို့ပြုမူတတ်ကြသနည်း။**

(က)___သူတို့၏အတွင်းစိတ်ကို ထိခိုက်စေသည်။

(ခ)___သူတို့၏ခန္ဓာကိုယ်ကို ထိခိုက်စေသည်။

(ဂ)___သူတို့၏အမူအကျင့်များကို ထိခိုက်စေသည်။

**၃။ ကာစီကဲ့သို့သော ကလေးငယ်များကို မည်သို့ကူညီနိုင်မည်နည်း။**

(က)___မိဘများအနေဖြင့် မိသားစုကို ပြန်လည်စုစည်းရန် လိုအပ်သည်။ ဖြစ်နိုင်ပါက ပုံမှန် အတိုင်း ပြန်လည်လှုပ်ရှားနိုင်ရန် ကြိုးစားသင့်ပါသည်။

(ခ)___မိဘများသည် သားသမီးများ၏ စိတ်နာကျင်မှုများကို နားထောင်ပေးသင့်ပါသည်။

(ဂ)___မိဘများသည် သားသမီးများအား အခြေအနေမှန်ကို ပြောပြရန်လိုသည်။

(ဃ)___မိဘများသည် မိသားစုဘုရားရှိခိုးခြင်းကို နေ့စဉ်ပြုလုပ်ပေးသင့်သည်။

**ဆာလံကျမ်း ၁၂၁း၄။** အစ္စရာအဲလ်လူမျိုးကို စောင့်ရှောက်တော်မူသောကိုယ်တော်သည် ငိုက်မျဉ်းအိပ်စက်လိမ့် မည်မဟုတ်။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၅း၇။** ကိုယ်တော်သည် သင်တို့ကို ဂရုစိုက်တော်မူသောကြောင့် သင်တို့၏ပူပန်သောကများ အားလုံးကို ကိုယ်တော့်ထံ၌ အပ်နှံကြလော့။

**ဆာလံကျမ်း ၂၃း၁။** ထာဝရဘုရားသခင်သည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါ၌မည်သည့်အရာမျှ လိုလေသေးရှိမည်မဟုတ်။

**ဆာလံကျမ်း ၄၆း၁။** ဘုရားသခင်သည် ငါတို့၏ခိုလှုံရာနှင့် ခွန်အားဖြစ်တော်မူ၍ ဘေးဒုက္ခရောက်ချိန်၌ ကူညီမစရန် အဆင်သင့် ရှိတော်မူ၏။

**ပညာအလိမ္မာကျမ်း ၃း၅။** ထာဝရဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်အားကိုးလော့။ သင်၏ကိုယ်ပိုင်သိနားလည်ခြင်းကို မှီခိုအားထားခြင်း မပြုလေနှင့်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၁း၂၉။** ငါ၏ထမ်းပိုးကိုယူ၍ ထမ်းလျက် ငါ့ထံမှ သင်ယူကြလော့။ အကြောင်းမူကား ငါသည် သိမ်မွေ့၍ နှိမ့်ချသောစိတ်နှလုံးရှိ၏။ သင်တို့၏စိတ်ဝိညာဉ်သည်လည်း သက်သာရာရလိမ့် မည်။

**ရှင်မာကုဧဝံဂေလိကျမ်း ၁၀း၁၃-၁၆။** ထိုအခါ လူတို့သည် ကလေးသူငယ်များကို ကိုယ်တော်၏လက်ဖြင့် တို့ထိစေခြင်းငှာ အထံတော်သို့ ခေါ်ဆောင်လာကြသဖြင့် တပည့်တော်တို့သည်လည်း သူတို့ကို အပြစ်တင်ကြ၏။ သို့သော် ထိုအခြင်းအရာကို ယေရှုမြင်လျှင် အမျက်ထွက်၍ သူတို့အားမိန့်တော်မူသည် ကား...“ကလေးသူငယ်တို့ကို ငါ့ထံသို့ လာကြပါစေ။ သူတို့ကို မတားဆီးကြနှင့်။ အကြောင်းမူကား ဘုရားသခင်၏နိုင်ငံတော်သည် ဤကဲ့သို့သောသူတို့၏ နိုင်ငံဖြစ်၏။ သင်တို့အား ငါအမှန်ဆိုသည်ကား ဘုရားသခင်၏နိုင်ငံတော်ကို ဤကလေးသူငယ်တစ်ဦးကဲ့သို့ လက်မခံသောသူ မည်သူမဆို နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏။ ထို့နောက် ကိုယ် တော်သည် ကလေးသူငယ်တို့ကို ချီပိုက်၍ သူတို့အပေါ်၌ လက်တော်ကိုတင်လျက် ကောင်း ချီးပေးတော်မူ၏။

**တရားဟောရာကျမ်း ၆း၄-၉။** အိုဣသရေလအမျိုး နားထောင်လော့။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ယနေ့ငါမှာထားသောစကားကို နှလုံးသွင်းရမည်။ ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်။ ထိုစကားကိုလည်း သင်၏လက်၌ လက္ခဏာသက်သေဘို့ရာငှင်း၊ သင်၏မျက်စိကြားမှာ သင်းကျစ်ကဲ့သို့ငှင်း ချည်ထားရမည်။ အိမ်တံခါး မြို့တံခါးတို့၌လည်း ရေးထားရမည်။

## (င) ဆယ်ကျော်သက်များ၌ သီးသန့် လိုအပ်ချက်များရှိတတ်သည်။

## (စ) မိဘများသည် ကျောင်းဆရာများနှင့် ကျောင်းအုပ်ချုပ်ရေးမှူးများကို ကလေးကြုံခဲ့သည့်အရာများ နားလည်သဘောပေါက်ရန် အသိပေးသင့်သည်။

## (ဆ) အထူးဂရုပြုရမည့် အခြေအနေ

## ၄။ ကလေးစစ်သားများကို မည်သို့ကူညီမည်နည်း။

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၁း၈-၉။** ငါတို့၌အပြစ်မရှိဟုဆိုကြလျှင် ငါတို့သည် မိမိတို့ကိုယ်ကို လှည့်စားခြင်းသာဖြစ်ပြီး သမ္မာတရား သည်လည်း ငါတို့၌မတည်ချေ။ ငါတို့သည် မိမိတို့၏အပြစ်များကို ဝန်ခံကြလျှင် ကိုယ် တော်သည် သစ္စာတည်တော်မူ၍ တရားမျှတသဖြင့် ငါတို့၏အပြစ်များကို ခွင့်လွှတ်ပြီးလျှင် ငါတို့အား မကောင်းမှုအပေါင်းမှ စင်ကြယ်စေတော်မူလိမ့်မည်။

# ၅။
# မုဒိမ်းကျင့်ခံရသော သူများကို ကူညီပေးခြင်း။

### ၁။ မုဒိမ်းကျင့်ခံရသည့် အဖြစ်အပျက်အကြောင်းအရာနှစ်ခု

**မအေမာအကြောင်း**

**အာမနုန်နှင့် တာမာအကြောင်း**

**ဓမ္မရာဇဝင်ဒုတိယစောင် အခန်းကြီး ၁၃။** ဒါဝိတ်၏သား အဗရှလုံ၌ တာမာအမည်ရှိသော အဆင်းလှသောနှမတယောက်ရှိ၏။ ဒါဝိတ်၏သား အာမနုန်သည် ထိုနှမကို ချစ်လေ၏။ ချစ်အားကြီးသောကြောင့် နာ၍နေ၏။ နှမတော်သည် အပျိုကညာဖြစ်၏။ သူ၌အဘယ်သို့အလိုပြည့်စုံမည်ကို အာမနုန်သည်ကြံ၍မရနိုင်။ ဒါဝိတ်အစ်ကို ရှိမာသား ယောနဒပ်သည် အာမနုန်၏အဆွေခင်ပွန်းဖြစ်၏။ ထိုယောနဒပ်သည် လိမ္မာသောသူဖြစ်၏။ ကိုယ်တော်သည် ရှင်ဘုရင်၏သားတော်ဖြစ်လျက် အဘယ်ကြောင့် တနေ့ထက်တနေ့ ပိန်ချုံးတော်မူသနည်း။ ကျွန်တော့်ကို မပြောချင်သလောဟု မေးလျှင်၊ ငါ့ညီအဗရှလုံ၏နှမ တာမာကို တပ်သောစိတ်ရှိသည်ဟု ပြန်ပြော၏။ ယောနဒပ်ကလည်း ခုတင်ပေါ်မှာ တုံးလုံးနေ၍နာဟန်ဆောင်ပါ။ ခမည်းတော်သည် အကြည့်အရှုကြွလာတော်မူသောအခါ အကျွန်ုပ်နှမတာမာလာ၍ ကျွေးမွေးပါစေ။ သူချက်သောစားစရာကို အကျွန်ုပ်သည်မြင်၍ သူ့လက်၌စားရမည်အကြောင်း အကျွန်ုပ်ရှေ့မှာ ချက်ပါစေဟု အခွင့်တောင်းရမည်ဟု အကြံပေးသည်အတိုင်း အာမနုန်သည် တုံးလုံးနေ၍ နာဟန်ပြု၏။ ရှင်ဘုရင်သည် အကြည့်အရှုကြွလာတော်မူသောအခါ အာမနုန်က အကျွန်ုပ်နှမတာမာ လာပါစေ။ သူလက်၌ အကျွန်ုပ်သည် စားရမည်အကြောင်း အကျွန်ုပ်ရှေ့မှာ မုန့်ပြားနှစ်ပြားကို လုပ်ပါစေဟု ရှင်ဘုရင်အား အခွင့်တောင်းလေ၏။ ဒါဝိတ်သည်လည်း တာမာအိမ်သို့ လူကိုစေလွှတ်၍ သင်၏ မောင်အာမနုန်၏ အိမ်သို့သွားပြီးလျှင် စားစရာကို ချက်ပေးပါဟုမှာလိုက်သည်အတိုင်း တာမာသည် မောင်အာမနုန်အိမ်သို့သွား၍ အာမနုန်သည် တုံးလုံးနေ၏။ တာမာသည် မုန့်ညက်ကိုယူ၍ နယ်ပြီးမှ မောင်ရှေ့မှာမုန့်ပြားတို့ကိုလုပ်၍ ဖုတ်လေ၏။ ပုကန်ပြားကိုလည်းယူ၍ အာမနုန်ရှေ့မှာ လောင်းထားသော်လည်း သူသည်မစားဘဲ လူအပေါင်းတို့ကို ငါ့ထံမှထွက်သွားစေဟုဆိုသဖြင့် လူအပေါင်းတို့သည် ထွက်သွားကြ၏။ တာမာအားလည်း သင့်လက်၌ ငါစားရအောင် အခန်းထဲသို့ယူခဲ့လော့ဟု ဆိုသည်အတိုင်း တာမာသည် မိမိလုပ်သောမုန့်ပြားတို့ကိုယူ၍ မောင်အာမနုန်ရှိရာအခန်းထဲသို့ ဝင်လေ၏။ ထိုသို့ အာမနုန်စားစရာဘို့ ယူခဲ့သောအခါ သူသည် နှမလက်ကိုဆွဲ၍၊ ငါ့နှမ ငါနှင့်အိပ်ပါဟုဆို၏။ တာမာကလည်းမပြုပါနှင့်ငါ့မောင်။ ငါ့ကို မရှုတ်ချပါနှင့်။ ဣသရေလအမျိုး၌ ဤသို့သောအမှုကို မပြုသင့်။ ဤအမှုဆိုးကို မပြုပါနှင့်။ ပြုလျှင် ငါသည်ရှက်ခြင်းနှင့် အဘယ်သို့ကင်းလွတ်မည်နည်း။ သင်သည်လည်း ဣသရေလအမျိုး၌ လူမိုက်ကဲ့သို့ဖြစ်လိမ့်မည်။ သို့ဖြစ်၍ ရှင်ဘုရင်ကို လျှောက်ပါလော့။ လျှောက်လျှင် မပေးစားဘဲနေတော်မမူပါဟု ပြောဆိုသော်လည်း အာမနုန်သည် နားမထောင်။ နှမထက်အားကြီးသဖြင့် အနိုင်ပြု၍အိပ်လေ၏။ တဖန် အာမနုန်သည်နှမကို အလွန်မုန်းပြန်၏။ အရင်ချစ်အားကြီးသည်ထက် မုန်းအားသာ၍ကြီးသဖြင့်၊ သင်ထ၍သွားလော့ဟုဆို၏။ နှမကလည်း အကြောင်းမရှိပါ။ ငါ၌ပြုဘူးသောအပြစ်ထက် ယခုနှင်ထုတ်သောအပြစ် သာ၍ကြီးသည်ဟု ဆိုသော်လည်း အာမနုန်သည် နားမထောင် အစေခံကျွန်တယောက်ကိုခေါ်၍ ဤမိန်းမကိုနှင်ထုတ်လော့။ သူ့နောက်မှာ တံခါးကျင်ထိုးလော့ဟု စီရင်၏။ အပျိုကညာဖြစ်သော ရှင်ဘုရင်၏သမီးတော် ဝတ်တတ်သည်အတိုင်း အဆင်းအရောင်ထူးခြားသောအဝတ်ကို ဝတ်လျက်ရှိသောတာမာကို အစေခံကျွန်သည်နှင်ထုတ်၍ သူ့နောက်မှာ တံခါးကျင်ထိုးလေ၏။ တာမာသည်လည်း ခေါင်းပေါ်မှာ ပြာကိုတင်၍ အဆင်းအရောင်ထူးခြားသောအဝတ်ကို ဆုတ်ပြီးမှ ခေါင်းပေါ်၌လက်တင်၍ ငိုကြွေးလျက်ပြန်သွား၏။ မောင်ရင်းအဗရှလုံကလည်း၊ ငါ့အစ်ကိုအမနုန်သည် သင်နှင့်အတူရှိပြီလော။ သို့သော် ငါ့နှမ တိတ်ဆိတ်စွာနေလော့။ သူသည် သင်၏မောင်ဖြစ်၏။ ဤအမှုကို မမှတ်နှင့်ဟုဆိုသော်၊ တာမာသည် မိမိမောင်အဗရှလုံအိမ်၌ ဆိတ်ညံ့စွာနေ၏။ ဒါဝိတ်မင်းကြီးသည် ထိုအမှုအလုံးစုံကို ကြားသိသောအခါ အလွန်အမျက်ထွက်၏။ အဗရှလုံသည် အစ်ကိုအာမနုန်အား ကောင်းသောစကား၊ မကောင်းသောစကားကို မပြော။ သို့ရာတွင် နှမတာမာကို ရှုတ်ချသောကြောင့် အငြိုးထား၏။

ထိုနောက် နှစ်နှစ်စေ့သောအခါ အဗရှလုံသည် ဧဖရိမ်မြို့အနား ဗာလာဟာဇော်ရွာ သိုးမွေးညှပ်ပွဲကိုခံ၍ ရှင်ဘုရင်၏ သားတော်အပေါင်းတို့ကို ခေါ်ဘိတ်လေ၏။ အဗရှလုံသည်လည်း ရှင်ဘုရင်ထံတော်သို့သွား၍ ကိုယ်တော်ကျွန်သည် သိုးမွေးညှပ်ပွဲကိုခံပါ၏။ ကျွန်များတို့ကိုခေါ်၍ ကိုယ်တော်ကျွန်နှင့်အတူ ကိုယ်တော်တိုင်ကြွတော်မူပါဟုလျှောက်လျှင် ရှင်ဘုရင်က မသွားသင့် ငါ့သား။ လူအပေါင်းတို့ကို မသွားစေနှင့်။ စရိတ်များမည်ကို စိုးရိမ်စရာရှိသည်ဟုဆိုသဖြင့် အဗရှလုံသွေးဆောင်သော်လည်း ကိုယ်တော်တိုင်

မလိုက်ဘဲ ကောင်းကြီးပေး၏။ အဗရှလုံကလည်း လိုက်တော်မမူလျှင် နောင်တော်အာမနုန်လိုက်ရသောအခွင့်ကို ပေးတော်မူပါဟု လျှောက်ပြန်သော် ရှင်ဘုရင်က အဘယ်ကြောင့်လိုက်စေရမည်ဟုဆိုသော်လည်း အဗရှလုံပူဆာသောကြောင့် အာမနုန်မှစ၍ သားတော် ရှိသမျှ လိုက်ရသောအခွင့်ကို ပေးတော်မူ၏။ အဗရှလုံကလည်း၊ အာမနုန်သည် စပျစ်ရည်ကိုသောက်၍ ရွှင်လန်းသောအခါ စောင့်နေကြ။ အာမနုန်ကို ထိုးခုတ်ကြဟု ငါဆိုသောအခါ သေအောင်လုပ်ကြကြ။ မစိုးရိမ်ကြနှင့်။ ငါစီရင်သည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိကြလော့ဟု မိမိကျွန်တို့အား မှာထားနှင့်သည်အတိုင်း သူတို့သည် အာမနုန်ကို ပြုကြ၏။ ထိုအခါ ရှင်ဘုရင်၏ သားတော် အပေါင်းတို့သည် ထ၍ လားကိုစီးလျက်ပြေးသွားကြ၏။ သူတို့မရောက်မီ အခြားသူလာ၍ အဗရှလုံသည် အရှင်မင်းကြီး၏ သားတော် အပေါင်းတို့ကို သတ်ပါပြီ။ တယောက်မျှမကျန်ကြွင်းပါဟု နားတော်လျှောက်လေ၏။ ရှင်ဘုရင်သည်ထ၍ အဝတ်တော်ကိုဆုတ်၍ မြေပေါ်မှာတုံးလုံးနေ၏။ ကျွန်တော်အပေါင်းတို့သည်လည်း မိမိတို့အဝတ်ကိုဆုတ်လျက် အနားတော်၌ နေကြ၏။ ဒါဝိတ်အစ်ကို ရှိမာ၏ သားယောနဒပ်က အရှင်မင်းကြီး၏သားတော်အပေါင်းတို့ကို သတ်လေပြီဟူသော စကားကို ယုံတော်မမူပါနှင့်။ အာမနုန် တယောက်တည်းသာ သေပါပြီ။ အဗရှလုံနှမတာမာကို အာမနုန်သည်ရှုတ်ချသောနေ့မှစ၍ ဤအမှုကို သူ၏မောင်စီရင်ပါပြီ။ ယခုမှာ ကျွန်တော် သခင်အရှင်မင်းကြီး၏ သားတော်အပေါင်းတို့သည် သေကြပြီဟုထင်လျက် စိတ် ညှိုးငယ်တော်မမူပါနှင့်။ အာမနုန် တယောက်တည်းသာသေ၍ အဗရှလုံလည်း ပြေးပါလိမ့်မည်ဟု လျှောက်လေ၏။ ထိုအခါ ကင်းစောင့်လုလင်သည် မြော်ကြည့်၍ မိမိနောက်၌ တောင်ခြေ ရင်းလမ်းမှာ လူများလာသည်ကိုမြင်၏။ ယောနဒပ်ကလည်း အရှင်မင်းကြီး၏သားတော်တို့သည် လာကြ ပါပြီ။ ကိုယ်တော်ကျွန်ပြောသောစကား မှန်ပါ၏ဟု လျှောက်သည်အဆုံး၌ ရှင်ဘုရင်၏သားတော်တို့သည် ရောက်လာ၍ အသံကို လွှင့်လျက် ငိုကြွေးကြ၏။ ရှင်ဘုရင်နှင့် ကျွန်တော်အပေါင်းတို့သည် ပြင်းစွာငိုကြွေးကြ၏။ အဗရှလုံသည်ပြေး၍ ဂေရှုရမင်းကြီး အမိဟုဒ်သား တာလမဲထံသို့သွား၏။ ဒါဝိတ်သည် မိမိသားကြောင့် နေ့တိုင်းငိုကြွေးမြည်တမ်းလေ၏။ အဗရှလုံသည် ဂေရှုရမြို့သို့ ပြေးပြီးမှ သုံးနှစ်နေ၏။ တဖန်ဒါဝိဒ်မင်းကြီးသည် အာမနုန်သေသောကြောင့်၊ ထိုသူကို အောက်မေ့သောစိတ်အား လျော့သဖြင့် အဗရှလုံကို လွမ်းဆွတ်လျက်နေ၏။

**၂။ မုဒိမ်းကျင့်ခြင်းဆိုသည်မှာ အဘယ်နည်း။**

**၃။ မုဒိမ်းကျင့်ခံရခြင်း၏ ဆိုးကျိုးများမှာ အဘယ်နည်း။**

**(က) မုဒိမ်းကျင့်ခံရခြင်းက လူတစ်ဦးအပေါ် မည်သို့ထိခိုက်စေသနည်း။**

**(ခ) မုဒိမ်းမှုကြောင့် အိမ်ထောင်ရေးနှင့် မိသားစုအရေး မည်သို့ထိခိုက်စေသနည်း။**

**(ဂ) မုဒိမ်းမှုက မုဒိမ်းကျင့်သူအပေါ် မည်သို့ထိခိုက်စေသနည်း။**

**၄။ မုဒိမ်းကျင့်ခံရသူ တစ်ဦးအား မည်သို့ကူညီနိုင်မည်နည်း။**

**(က) ဆေးဝါးကုသမှု ခံယူရန်လိုအပ်သည်။**

**(ခ) ရင်ဖွင့်ပြောပြနိုင်မည့် ယုံကြည်ရသူတစ်ဦးရှိရန်လိုအပ်သည်။**

**(ဂ) ဆက်လက်ချစ်ခင်နေကြကြောင်းကို သိရှိခံစားစေပါ။**

**ဆာလံကျမ်း ၉း၉-၁၀။** ကိုယ်တော်သည် ဖိနှိပ်ချုပ်ချယ်ခြင်းခံရသူတို့၏ ခိုလှုံရာ၊ ဆင်းရဲဒုက္ခရောက်သောအချိန်များ၌ ဘေးကင်း လုံခြုံရာလည်းဖြစ်တော်မူ၏။ ကိုယ်တော်၏နာမတော်ကို သိရှိသောသူတို့သည် ကိုယ်တော်၌ ယုံကြည်အားကိုးကြလိမ့်မည်။ အကြောင်းမူကား အိုထာဝရဘုရားသခင် ကိုယ် တော်သည် မိမိကိုရှာဖွေသောသူတို့အား စွန့်ပစ်တော်မမူသောကြောင့်ဖြစ်၏။

**ဆာလံကျမ်း ၁၀း၁၇-၁၈။** အိုထာဝရဘုရားသခင် ကိုယ်တော်သည် နှိမ့်ချသောသူတို့၏ လိုလားတောင့်တချက်ကို လက်ခံတော်မူ၏။ ကိုယ်တော်သည် သူတို့၏စိတ်နှလုံးကို အားဖြည့်ပေးတော်မူ၏။ ကိုယ်တော်သည် မိဘမရှိသူတို့နှင့် ဖိနှိပ်ခြင်းခံရသောသူတို့အတွက်

တရား မျှတမှုရှိစေရန် ကိုယ်တော်၏နားကို စွင့်တော်မူ၏။ ဤသို့ဖြင့် မြေကြီးမှဖြစ်လာသောထိုသူသည် အကြမ်းဖက်မှုကို နောက်တစ်ဖန် ကျူးလွန်တော့မည်မဟုတ်ပေ။

### (ဃ) နာကျင်ခံစားမှုများကို ဘုရားသခင်ထံ ယူဆောင်လာရန် လိုအပ်သည်။

**ဆာလံကျမ်း ၇၁း၂၀-၂၁။** အကျွန်ုပ်အား များစွာသောဆင်းရဲခြင်းများနှင့် ဘေးဒုက္ခတို့ကို ကြုံတွေ့စေတော်မူသော ကိုယ်တော်သည် အကျွန်ုပ်ကို ပြန်လည်အသက်သွင်းပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် အကျွန်ုပ်ကို ကမ္ဘာမြေကြီး၏ နက်ရှိုင်းရာအရပ်များမှ တစ်ဖန်ခေါ်ဆောင်တော်မူလိမ့်မည်။ ကိုယ်တော်သည် အကျွန်ုပ်၏ဂုဏ်သတင်းကို တိုးပွားစေ၍ နှစ်သိမ့်မှုကို ထပ်မံ၍ပေးတော်မူလိမ့်မည်။

### (င) မုဒိမ်းကျင့်ခဲ့သူကို ခွင့်လွှတ်ရန် လိုအပ်သည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၆း၁၄-၁၅။** အကြောင်းမူကား သင်တို့သည် လူတို့၏အပြစ်များကို ခွင့်လွှတ်ကြလျှင် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့၏အဖသည်လည်း သင်တို့ကို ခွင့်လွှတ်တော်မူလိမ့်မည်။ သို့သော် သင်တို့သည် လူတို့၏အပြစ်များကို ခွင့်မလွှတ်ကြလျှင် သင်တို့၏အဖသည်လည်း သင်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်မဟုတ်။

## ၅။ မုဒိမ်းကျင့်ခံရခြင်းကြောင့် မွေးဖွားလာသည့် ကလေးငယ်များကို မည်သို့ကူညီ နိုင်မည်နည်း။

### (က) အဓမ္မပြုကျင့်မှုမှ မွေးဖွားလာသည့် ကလေးငယ်၏ အထူးလိုအပ်ချက်များမှာ အဘယ် နည်း။

### (ခ) ဤသို့သော ကလေးငယ်များကို မည်သို့ကူညီမည်နည်း။

**တရားဟောရာကျမ်း ၁၀း၁၈။** မိဘမရှိသောသူငယ် မုတ်ဆိုးမဘက်၌ တရားစီရင်၍ ဧည့်သည်အာဂန္တုတို့ကို စုံမက်သဖြင့် အဝတ်အစား တို့ကို ပေးသနားသော ဘုရားဖြစ်တော်မူ၏။

**ဆာလံကျမ်း ၆၈း၅-၆။** ဖခင်မရှိသောသူတို့၏ဖခင်နှင့်မုဆိုးမတို့၏ကွယ်ကာရာအရှင်ဖြစ်သူကားမိမိ၏သန့်ရှင်းရာဌာနတွင် စံပယ်တော်မူသောဘုရားသခင်ပေတည်း။ ဘုရားသခင်သည် အထီးကျန်ဖြစ်သူတို့အား အတူနေထိုင်ရန် မိသားစုကိုပေး၍ အကျဉ်းခံနေရသူများအား ကြွယ်ဝချမ်းသာခြင်းသို့ခေါ်ဆောင်လာတော်မူ၏။ ပုန်ကန်ထကြွသူတို့မှာမူကား ပူပြင်းသောအရပ်များတွင် နေ ထိုင်ကြ ရ၏။

**ဆာလံကျမ်း ၁၃၉း၁၃-၁၈။** အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများကို ဖန်ဆင်း၍ အကျွန်ုပ်ကိုအမိဝမ်းတွင်း၌အတူတကွဆက်စပ်ထားတော်မူ၏။ ကိုယ်တော်သည်ကြောက်ရွံ့အံ့သြဖွယ်ကောင်းသောကြောင့် အကျွန်ုပ်သည် ကိုယ်တော့်ကို ချီးမွမ်းထောမနာပြုပါ၏။ ကိုယ်တော်ပြုလုပ်တော်မူသော အမှုအရာတို့သည် ထူးဆန်းအံ့သြဖွယ် ကောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုကောင်းစွာသိတော်မူပါ၏။ အကျွန်ုပ်သည် မထင်ရှားသောနေရာတွင် ဖန်ဆင်းခံရ၍ ကမ္ဘာမြေကြီးအောက်နက်ရှိုင်းသောအရပ်၌ သေချာစွာပုံသွင်းခြင်းခံရချိန်တွင် အကျွန်ုပ်၏အရိုးတို့သည် ကိုယ်တော်၏မျက်မှောက်တော်မှ ဖုံး ကွယ်ခြင်းမရှိပါ။ အကျွန်ုပ်၏ ကိုယ်ခန္ဓာရုပ်လုံးမပေါ် မီကပင် ကိုယ်တော်သည် အကျွန်ုပ်ကိုကြည့်မြင်တော်မူပြီးဖြစ်ပါ၏။ အကျွန်ုပ်၏ နေ့ရက်များသည်လည်း ယင်းတို့မဖြစ်ပေါ် မီကတည်းကပင် ကိုယ်တော်၏မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားပြီးဖြစ်ပါ၏။ အိုဘုရားသခင် ကိုယ်တော်၏အကြံအစည်တော်တို့သည် အကျွန်ုပ်အတွက် လွန်စွာအဖိုးတန်ပါ၏။ ကိုယ်တော်၏ အကြံအစည်တော်တို့သည် များပြားလှပေသည်တကား။ အကျွန်ုပ်သည် ထိုအကြံ အစည်တော်တို့ကို ရေတွက်ရပါလျှင် ယင်းတို့သည် သဲပွင့်များ ထက် ပို၍များပြားပါလိမ့်မည်။ အကျွန်ုပ်သည် အိပ်ရာမှနိုးထသောအခါ ကိုယ်တော်နှင့်အတူရှိနေပါ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၄၉း၁၅။** မိန်းမသည် မိမိဘွားသောသားကို မသနားသည်တိုင်အောင် မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍ မေ့လျော့သော်လည်း သင့်ကိုငါမမေ့လျော့။

## ၆။ မုဒိမ်းမှုကျူးလွန်သူကို မည်သို့ကူညီနိုင်မည်နည်း။

**ရှင်လုကာဧဝံဂေလိကျမ်း ၃း၈။** နောင်တတရားနှင့် ထိုက်တန်သောအသီးများကို သီးကြလော့။ ငါတို့၌ ငါတို့၏အဖ အာဗြဟံ ရှိသည်ဟု သင်တို့ကိုယ်သင်တို့ မဆိုကြနှင့်။ အကြောင်းမူကား သင်တို့အား ငါဆိုသည်မှာ ဘုရားသခင်သည် အာဗြဟံအတွက် သားသမီးများကို ဤကျောက်ခဲများမှ ပေါ်ထွန်းလာစေရန် တတ်နိုင်တော်မူ၏။

# ၆။

# hiv နှင့် aids ရောဂါလူနာများအကြား၌ အမှုတော်ဆောင်ခြင်း။

**၁။ ဒီးတားနှင့် မေရီအကြောင်း**

**၂။ hiv နှင့် aids ရောဂါအကြောင်း သင်မည်မျှသိထားပါသနည်း။**

**၃။ hiv ရောဂါ ပျံ့နှံ့မှုနှုန်း မြင့်မားစေခြင်းဆိုင်ရာ အယူအဆမှားများ။**

**ဂလားဆီယာ ၅း၁၉။** အသွေးအသား၏လုပ်ဆောင်ချက်များသည် ထင်ရှားလှပေ၏။ ယင်းတို့သည်ကား ကာမ ဂုဏ်ကျူးလွန်ခြင်း၊ မစင်ကြယ်ခြင်း၊ အကျင့်တရားဖောက်ပြန်ခြင်း။

**ရှင်ယာကုပ်ဩဝါဒစာ ၄း၇။** ထို့ကြောင့် သင်တို့သည် ဘုရားသခင်၏အလိုတော်ကို လိုက်နာကြလော့။ နတ်ဆိုးကိုခုခံကြလော့။ သို့ဖြစ်လျှင် သူသည် သင်တို့ထံမှ ထွက်ပြေးလိမ့်မည်။

**ကော်ရိန္သုဩဝါဒစာ ပထမစောင် ၁၀း၁၃။** သင့်အပေါ်ကျရောက်လာသော စုံစမ်းနှောင့်ယှက်ခြင်းများသည် လူတစ်ဦး ခံထမ်းနိုင်သည်ထက်မပိုပေ။ ဘုရားသခင်သည် သစ္စာရှိတော်မူသဖြင့် သင်တို့ခံနိုင်သည်ထက်ပိုသော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့အား ခံစေတော်မူလိမ့်မည်မဟုတ်။ သို့ရာတွင် သင်တို့အားတည်ကြည်မြဲမြံစေခြင်းငှါ စုံစမ်းနှောင့်ယှက်ခြင်းနှင့်အတူကိုယ်တော်သည် လွတ်မြောက်ရာလမ်းကိုလည်း ပေးသနားတော်မူလိမ့်မည်။

**၄။ hiv ရောဂါ ပျံ့နှံ့မှု နှုန်းကို ပို၍တိုးပွားစေသည့် လုပ်ဆောင်ချက်များ။**

**၅။ လိင်မှုကိစ္စ၊ hiv/aids နှင့် ပတ်သက်၍ ကလေးများကို မည်သို့သင်ကြားပေး မည်နည်း။**

**၆။ hiv/aids ရောဂါရှိနေသူ တစ်ဦးကို အသင်းတော်သည် မည်သို့ကူညီနိုင်မည် နည်း။**

**(က) သခင်ယေရှုနှင့် သမ္မာကျမ်းစာအကြောင်း ပြောပြပါ။**

**ဆာလံကျမ်း ၃၈။** အိုထာဝရဘုရားသခင် ကိုယ်တော်၏အမြက်တော်၌ အကျွန်ုပ်ကို ဒဏ်ခတ်တော်မမူပါနှင့်။ အမျက်ဒေါသထွက်၍ အကျွန်ုပ်ကို ဆုံးမတော်မမူပါနှင့်။ အကြောင်းမူကား ကိုယ်တော်၏ မြားတို့သည် အကျွန်ုပ်၌စူးဝင်၍ ကိုယ်တော်၏လက်တော်သည် အကျွန်ုပ်အပေါ်သို့ သက် ရောက်လျက်ရှိပါ၏။ ကိုယ်တော်၏အမျက်တော်ကြောင့် အကျွန်ုပ်၏ကိုယ်ခန္ဓာ၌ ကျန်းမာခြင်းကင်းမဲ့ပါ၏။ အကျွန်ုပ်၏အပြစ်ဒုစရိုက်များကြောင့် အကျွန်ုပ်၏အရိုးများသည် သန့်စွမ်းခြင်းမရှိပါ။ အကြောင်းမူကား အကျွန်ုပ်ပြုမိသော ဒုစရိုက်အပြစ်များသည် အကျွန်ုပ်အပေါ်၌ရှိကြ၍ ၎င်းတို့သည် အကျွန်ုပ်မထမ်းနိုင်လောက်အောင် လေးလံသောဝန်ထုပ်ကဲ့သို့ အကျွန်ုပ်ကို ဖိစီး လျက်ရှိပါ၏။ အကျွန်ုပ်၏မိုက်မဲမှုကြောင့် ရရှိသောဒဏ်ရာများသည် ပုပ်စပ်၍စက်ဆုပ်ရွံရှာဖွယ်ဖြစ်လာပါ၏။ အကျွန်ုပ်သည် ပြင်းထန်စွာခံရပြီး အလွန်သိမ်ငယ်ရကာ တစ်နေ့လုံးငိုကြွေးမြည်တမ်းလျက် သွားလာရပါ၏။ အကြောင်းမူကား အကျွန်ုပ်၏ ခါးတစ်ပြင် လုံးသည် ပူလောင်လျက် ခန္ဓာကိုယ်သည်လည်း ကျန်းမာခြင်းမရှိပါ။ အကျွန်ုပ်သည် ခွန်အားကုန်ခန်း၍ နွမ်းလျနေပါ၏။ အကျွန်ုပ်စိတ်နှလုံး၏ ပူဆွေးမှုကြောင့် ညည်းညူနေရပါ၏။ အိုထာဝရဘုရားသခင် အကျွန်ုပ်၏အလိုဆန္ဒဟူသမျှကို ကိုယ်တော်သိတော်မူပါ၏။ အကျွန်ုပ်၏ညည်းတွားခြင်းသည်လည်း ကိုယ်တော့်ထံမှ ဝှက်ကွယ်လျက်မရှိပါ။ အကျွန်ုပ်၏နှလုံးသည် ပြင်းစွာ ရိုက်ခတ်၍ ခွန်အားလည်းကုန်ခန်းနေပါပြီ။ အကျွန်ုပ်၏မျက်စိအလင်းသည်လည်း အကျွန်ုပ်ထံမှ ကွယ်ပျောက်သွားပါပြီ။ အကျွန်ုပ်၏ မိတ်ဆွေများနှင့် အပေါင်း အသင်းများသည် အကျွန်ုပ်၏အနာရောဂါကြောင့် အကျွန်ုပ်ကို တိမ်းရှောင်နေကြပါ၏။ အကျွန်ုပ်၏ အိမ်နီးနားခြင်းတို့သည်လည်း အကျွန်ုပ်ထံမှ ဝေးဝေးနေကြပါ၏။ အကျွန်ုပ်၏အသက်ကို ရန်ရှာကြသောသူတို့သည် ကျော့ကွင်းများကို ထောင်ထား ကြပါ၏။ အကျွန်ုပ်ကို ဘေးဥပဒ်ပြုလိုသောသူတို့သည် အကျွန်ုပ်၏ပျက်စီးရာပျက်စီးကြောင်းကို ပြောဆိုကြပါ၏။ သူတို့

သည် ကောက်ကျစ်စဉ်းလဲခြင်းအမှုကို တစ်နေကုန်ကြံစည်နေကြပါ၏။ သို့သော် အကျွန်ုပ်သည် နားပင်းနေသူကဲ့သို့ မည်သည့်အရာကိုမျှ မကြားရပါ။ ဆွံ့အနေသူကဲ့သို့ စကားတစ်ခွန်းကိုမျှ မပြောနိုင်ပါ။ အမှန်စင်စစ် အကျွန်ုပ်သည် နားမကြားသောသူကဲ့သို့ဖြစ်ပြီး အကျွန်ုပ်၏နှုတ်သည်လည်း ပြန်ပြောနိုင်စွမ်းမရှိပါ။ သို့ရာတွင် အိုထာဝရဘုရားသခင် အကျွန်ုပ်သည် ကိုယ်တော့်ကို စောင့်မျှော်နေပါ၏။ အကျွန်ုပ်၏သခင် အကျွန်ုပ်၏ဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို ပြန်ထူးတော်မူမည်သာဖြစ်၏။ အကြောင်းမူကား အကျွန်ုပ်က အကျွန်ုပ်၏ရန်သူတို့သည် အကျွန်ုပ်အပေါ် ဝမ်းသာအားရမရှိပါစေနှင့်။ အကျွန်ုပ်၏ခြေချော်ကျမှုကို အကြောင်းပြု၍ ရန်သူတို့ကို ကြွားဝါခွင့်ပြုတော်မမူပါနှင့်ဟု တောင်းလျှောက်သောကြောင့်ဖြစ်ပါ၏။ အကျွန်ုပ်သည် ပြိုလဲလုနီးပြီဖြစ်၍ ဝေဒနာကို အမြဲခံစားနေရပါ၏။ အကျွန်ုပ်၏ပြစ်မှားမှုများကို ဖော်ပြဝန်ခံပါ၏။ အကျွန်ုပ်၏အပြစ်များအတွက် ဝမ်းနည်းခြင်းရှိပါ၏။ အကျွန်ုပ်ကို အကြောင်းမဲ့ဆန့်ကျင်ကြသောသူတို့သည် ခွန်အားကြီးမားကြပါ၏။ အကျွန်ုပ်အား မတရားသဖြင့် မုန်းတီးကြသောသူတို့သည်လည်း များပြားလှပါ၏။ အကောင်းကိုအဆိုးဖြင့် တုံ့ပြန်ကြသောသူတို့သည် အကျွန်ုပ် ကောင်းသောအမှုကိုပြုလုပ်ရန် ကြိုးစားသော အခါ အသရေဖျက်ကြပါ၏။ အိုထာဝရဘုရားသခင် အကျွန်ုပ်ကို စွန့်ပစ်ထားတော်မမူပါနှင့်။ အကျွန်ုပ်၏ဘုရား အကျွန်ုပ်နှင့် ဝေးလံစွာနေတော်မမူပါနှင့်။ အိုထာဝရဘုရားသခင် အကျွန်ုပ်၏ကယ်တင် ရှင် အကျွန်ုပ်ကို ကူညီမစရန် အလျင်အမြန်ကြွလာတော်မူပါ။

**(ခ) ___ ရောဂါရှိကြောင်း အခြားသူများကို ထုတ်ဖော်ပြောပြရန် ကူညီပေးပါ။**

**(ဂ) ___ မိသားစု (သို့) မိတ်ဆွေများမှ သီးခြားနေထိုင်ရန် ခွဲခြားဖယ်ထားခြင်းမျိုး မပြုသင့်ပါ။**

**(ဃ) ___ ဝမ်းနည်းပူဆွေးမှုအဆင့်ဆင့်ကို နားလည်သဘောပေါက်စေရန် ကူညီပေးပါ။**

**(င) ___ ကိုယ်ခန္ဓာကို ပြုစုပေးပါ။**

**ရှင်ယာကုပ်သြဝါဒစာ ၁း၂၇။** ဘုရားသခင်၏ရှေ့တော်၌ စစ်မှန်ပြီး သန့်ရှင်းသောဘုရားတရားကြည်ညိုမှုသည်ကား ဒုက္ခ ရောက်နေသော မိဘမဲ့တို့နှင့် မုဆိုးများကို သွားရောက်ကြည့်ရှုခြင်းနှင့် မိမိကိုယ်ကို လောကီမကောင်းမှုများမှ ကင်းစင်စေရန် စောင့်ထိန်းခြင်းတို့ဖြစ်ကြ၏။

**အဆုံးသတ်လေ့ကျင့်ခန်း**

**ကော်ရိန္သုသြဝါဒစာ ပထမစောင် ၆း၁၃-၂၀။** အစားအစာသည် ဝမ်းဗိုက်အတွက်ဖြစ်၍ ဝမ်းဗိုက်သည်လည်း အစားအစာအတွက်ဖြစ်ပြီး ဘုရားသခင်သည် ထိုအရာနှစ်ခုစလုံးကို ဖျက်ဆီးလိမ့်မည်။ ကိုယ်ခန္ဓာသည် ကာမဂုဏ် လိုက်စားခြင်း အတွက်မဟုတ်ပေ။ ၎င်းသည် သခင်ဘုရားအတွက်သာဖြစ်ပြီး သခင်ဘုရားသည်လည်း ကိုယ်ခန္ဓာအတွက်ဖြစ်၏။ ဘုရားသခင်သည် သခင်ဘုရားကို ရှင်ပြန်ထမြောက်စေခဲ့ပြီး မိမိတန်ခိုးတော်အားဖြင့် ငါတို့ကိုလည်း ရှင်ပြန်ထမြောက်စေတော်မူလိမ့်မည်။ သင်တို့၏ခန္ဓာကိုယ်များ သည် ခရစ်တော်၏ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်ကြောင်း သင်တို့မသိကြသလော။ သို့ဖြစ်လျက်နှင့် ငါသည် ခရစ်တော်၏ခန္ဓာကိုယ် အစိတ်အပိုင်းများကိုယူ၍ ပြည့်တန်ဆာတစ်ဦး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအဖြစ် ပြုလုပ်ရမည်လော။ မည်သည့် အခါမျှ မဖြစ်စေရ။ ပြည့်တန်ဆာတစ်ဦးနှင့် ပေါင်းစပ်သောသူသည် သူမနှင့်တစ်သားတစ်ကိုယ်တည်းဖြစ်သွားကြောင်း သင်တို့မသိကြသလော။ အကြောင်းမူကား ထိုသူနှစ်ဦးသည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ဆိုထား၏။ သခင်ဘုရားနှင့် ပေါင်းစပ်သူမူကား ကိုယ်တော်နှင့် စိတ်တစ်လုံးတစ်ဝတည်းဖြစ်၏။ ကာမဂုဏ်လိုက်စားခြင်းကို ရှောင်ကြဉ်ကြလော့။ လူတစ်ဦးကျူးလွန် သည့် အခြားအပြစ်များသည် ကိုယ်ခန္ဓာ၏ပြင်ပတွင်သာဖြစ်၏။ သို့သော် ကာမဂုဏ်လိုက်စားသူသည် မိမိ၏ကိုယ်ခန္ဓာကို ထိခိုက်၍ အပြစ်ကျူးလွန်၏။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ထံမှ သင်တို့ခံယူရရှိထားသော သင်တို့အတွင်း၌ရှိတော်မူသည့် ဝိညာဉ်တော်မြတ်၏ ဗိမာန်တော်ဖြစ်ကြောင်းကို သင်တို့မသိကြသလော။ သင်တို့ကိုယ်ကို သင်တို့ မပိုင်ဆိုင်ကြ။ သင်တို့ကို အဖိုးအခပေး၍ ဝယ်ယူထားခြင်းဖြစ်၏။ ထို့ကြောင့် သင်တို့၏ ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို ထင်ရှားစေကြလော့။

**ကော်ရိန္သုသြဝါဒစာ ဒုတိယစောင် ၁း၃-၅။** ငါတို့သခင် ယေရှုခရစ်တော်၏ ခမည်းတော်၊ သနားကရုဏာတော်နှင့် ပြည့်စုံတော်မူသောအဖ၊ နှစ်သိမ့်မှုအလုံးစုံကို ပေးတော်မူသော ဘုရားသခင်အား မင်္ဂလာရှိစေသတည်း။ ကိုယ်တော်သည် ငါတို့ဒုက္ခဆင်းရဲခံ ရချိန်တိုင်း၌ ငါတို့ကို အားပေးနှစ်သိမ့်တော်မူ၏။ ဤသို့ဖြင့် ငါတို့သည် ငါတို့ကိုယ်တိုင် ဘုရားသခင်ထံမှရရှိခဲ့ကြသော နှစ်သိမ့်မှုဖြင့် အတိ

ဒုက္ခရောက်နေကြသောသူတို့အား နှစ်သိမ့်ပေးနိုင်မည်ဖြစ်၏။ အကြောင်းမူကား ငါတို့သည် ခရစ် တော်၏ဝေဒနာခံစားခြင်း၌ အတိုင်းထက်အလွန် ပါဝင်ခံစားကြသောကြောင့် ခရစ်တော်အားဖြင့် နှစ်သိမ့်ခြင်းကိုလည်း အတိုင်းထက်အလွန်ရရှိကြ၏။

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၁၆-၂၀။** သို့ဖြစ်၍ ငါတို့သည် မည်သူ့ကိုမျှ လူတို့၏ရှုထောင့်မှမကြည့်တော့ပေ။ ငါတို့သည် ယခင်က ခရစ်တော်ကို လူတို့၏ရှုထောင့်မှ ကြည့်ရှုခဲ့ကြသော်လည်း ယခုအခါတွင် ထိုကဲ့သို့ မကြည့်ရှုကြတော့ပေ။ ထို့ကြောင့် ခရစ်တော်၌ရှိသောသူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်လေ၏။ ဘဝဟောင်းသည်ပျောက်ကွယ်သွားသဖြင့် ဘဝအသစ်ရောက်လာလေပြီ။ ဤ အရာအားလုံးတို့သည် ဘုရားသခင်ထံတော်မှ ဖြစ်တည်လာခြင်းဖြစ်၏။ ကိုယ်တော်သည် ခရစ်တော်အားဖြင့် ငါတို့ကို မိမိကိုယ်တော်တိုင်နှင့် ပြန်လည်ကျေအေးသင့်မြတ်စေ၍ ငါတို့အား ပြန်လည်သင့်မြတ်စေသည့်အမှုတော် ထမ်းဆောင်ရန် ခန့်ထားတော်မူ၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် ခရစ်တော်အားဖြင့် လောကီသားတို့အား မိမိနှင့်ပြန်လည်ကျေအေးသင့်မြတ်စေ၍ လူသားတို့အချင်းချင်း ကျူးလွန်ခဲ့သောအပြစ်ဒုစရိုက်များကို မှတ်ထားခြင်းမရှိဘဲ ပြန်လည်ကျေအေးသင့်မြတ်စေသည့် သတင်းကို ဟောပြောရန် ငါတို့အား တာဝန်အပ်နှင်းတော်မူ၏။ ထို့ကြောင့် ငါတို့သည် ခရစ်တော်၏သံတမန်များဖြစ်ကြ၍ ဘုရားသခင်သည် ငါတို့မှတစ်ဆင့် သင်တို့ကို မေတ္တာရပ်ခံတော်မူ၏။ သင်တို့သည် ဘုရားသခင်နှင့် ပြန်လည်ကျေအေးသင့်မြတ်ကြမည့်အကြောင်း ခရစ်တော်၏ကိုယ်စား ငါတို့တောင်းပန်ပါ၏။

**ကော်ရိန္သုဩဝါဒစာ ပထမစောင် ၁၃း၃-၈။** ငါ၌ရှိသမျှဥစ္စာတို့ကို ပေးကမ်းစွန့်ကြဲ၍ ငါ၏ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှာ အပ်နှံပူဇော်သော်လည်း ချစ်ခြင်းမေတ္တာမရှိလျှင် ငါ၌အကျိုးမခံစားရ။ ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲစိတ်ရှည်၍ ကြင်နာသနားတတ်၏။ ချစ်ခြင်း မေတ္တာသည် မနာလိုခြင်းမရှိ။ ဝါကြွားခြင်းလည်းမရှိ။ ငှင်း၌မာန်မာနမရှိသကဲ့သို့ ရိုင်းပျမှုလည်းမရှိ။ ချစ်ခြင်းမေတ္တာသည် ကိုယ်ကျိုးကိုမရှာတတ်၊ အမျက်ဒေါသမထွက်တတ်၊ အငြိုးအတေးလည်း မထားတတ်။ ချစ်ခြင်းမေတ္တာသည် မကောင်းသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌မူ ဝမ်းမြောက်တတ်၏။ ချစ်ခြင်းမေတ္တာသည် အရာရာကို ခံထမ်းနိုင်၏။ အရာအားလုံးကို ယုံကြည်၏။ အရာအားလုံးကို မျှော်လင့်၏။ အရာအားလုံးကိုလည်း ကြံ့ကြံ့ခံနိုင် ၏။ ချစ်ခြင်းမေတ္တာသည် အဆုံးမရှိ။ ပရောဖက်တို့၏ ဟောထားချက်များသည် ပျောက်ကွယ်သွားကြလိမ့်မည်။ ဘာသာစကားအမျိုးမျိုးတို့ကို ပြောနိုင်သောလျှာတို့သည်လည်း တိတ်ဆိတ်သွားကြလိမ့်မည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၂၅း၃၅-၄၀။** အကြောင်းမူကား ငါသည် ဆာလောင်သောအခါ သင်တို့သည် ငါ့အားစားစရာပေးကြ၏။ ငါသည်ရေငတ်သောအခါ သင်တို့သည် ငါ့အား သောက်ရေကိုပေးကြ၏။ ငါသည် သူစိမ်းဧည့်သည်ဖြစ်သောအခါ သင်တို့သည် ငါ့အား ပျူငှာစွာ ကြိုဆိုကြ၏။ ငါ၌အဝတ်မရှိသောအခါ သင်တို့သည် ငါ့ကို အဝတ်နှင့်လွှမ်းခြုံပေးကြ၏။ ငါသည် ဖျားနာသောအခါ သင်တို့သည် ငါ့ကို ကြည့်ရှုကြ၏။ ငါသည် ထောင်ထဲ၌ရှိနေသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ဟု မိန့်တော်မူလိမ့်မည်။ ထိုအခါ ဖြောင့်မတ်သော သူတို့က အရှင်၊ ကိုယ်တော်ဆာလောင်နေသည်ကို မည်သည့်အခါ၌ အကျွန်ုပ်တို့မြင်ရ၍ ကိုယ်တော့်ကို ကျွေးမွေးခဲ့ပါသနည်း။ သို့မဟုတ် ကိုယ်တော်ရေငတ်နေသည်ကို မည်သည့်အခါ၌မြင်၍ ကိုယ်တော့်အား သောက်စရာကို ပေးခဲ့ပါသနည်း။ ထို့အတူ ကိုယ်တော်ဧည့်သည်ဖြစ်သည်ကို မည်သည့်အခါ၌ အကျွန်ုပ်တို့မြင်၍ ကိုယ်တော်အား ပျူငှာစွာကြိုဆိုခဲ့ပါသနည်း။ သို့မဟုတ် ကိုယ်တော်၌ အဝတ်မရှိသည်ကို မည်သည့်အခါ၌မြင်ရ၍ ကိုယ်တော့်အား အဝတ်နှင့်လွှမ်းခြုံပေးခဲပါသနည်း။ ကိုယ်တော် ဖျားနာသည်ကိုလည်းကောင်း၊ ထောင်ထဲမှာနေရသည်ကိုလည်းကောင်း မည်သည့်အခါ၌ အကျွန်ုပ်တို့မြင်ရ၍ အထံတော်သို့ လာရောက် ကြည့်ရှုကြပါသနည်းဟု ပြန်၍လျှောက်ထားကြလိမ့်မည်။ ထိုအခါ ဘုရင်က သင်တို့အားငါအမှန်ဆိုသည်ကား၊ အသိမ်ငယ်ဆုံးသော ဤငါ၏ညီအစ်ကိုတို့တွင် တစ်ဦးကို သင်တို့ပြုစုခဲ့ကြလျှင် ငါ့ကိုပင်ပြုစုကြပြီဟု သူတို့အား ပြန်ပြောတော်မူလိမ့်မည်။

# ၆(က)။
# အိမ်တွင်းအကြမ်းဖက်မှု

**၁။ အေမီက ဂျိုးကို ထားခဲ့ခြင်း**

**၂။ အိမ်တွင်းအကြမ်းဖက်မှုဆိုတာ ဘာလဲ။**

**၃။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ သင့်ယဉ်ကျေးမှုနှင့် သမ္မာကျမ်းစာက ဘာပြောသလဲ။**

**ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၃း၇။** ထိုနည်းတူပင် အသင်ခင်ပွန်းသည်တို့၊ သင်တို့၏ဇနီးသည်တို့သည် သင်တို့ထက်အားနွဲ့သူများဖြစ်ကြသော်လည်း အသက်ရှင်ခြင်းကျေးဇူးတော်ကို သင်တို့နှင့်အတူ အမွေခံရသည့်အဖော်ဖြစ်သောကြောင့် သူတို့ကို ဂုဏ်ယူလေးစားလျက် သဘောထားပြည့်ဝစွာဖြင့် သူတို့နှင့်အတူ ပေါင်းသင်းနေထိုင်ကြပါလော့။ ဤသို့ပြုလျှင် သင်တို့၏ ဆုတောင်းပတ္ထနာများကို မည်သည့်အရာကမျှ တားဆီးနိုင်လိမ့်မည်မဟုတ်ပေ။

**ကော်ရိန္သုဩဝါဒစာ ပဌမစောင် ၁၃း၄-၇။** ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲစိတ်ရှည်၍ ကြင်နာသနားတတ်၏။ ချစ်ခြင်း မေတ္တာသည် မနာလိုခြင်းမရှိ။ ဝါကြွားခြင်းလည်းမရှိ။ ၄င်း၌ မာန်မာနမရှိသကဲ့သို့ ရိုင်းပျမှုလည်းမရှိ။ ချစ်ခြင်းမေတ္တာသည် ကိုယ်ကျိုးကိုမရှာတတ်၊ အမျက်ဒေါသမထွက်တတ်၊ အငြိုးအတေးလည်း မထားတတ်။ ချစ်ခြင်းမေတ္တာသည် မကောင်းသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌မူ ဝမ်းမြောက်တတ်၏။ ချစ်ခြင်းမေတ္တာသည် အရာရာကို ခံထမ်းနိုင်၏။ အရာအားလုံးကို ယုံကြည်၏။ အရာအားလုံးကို မျှော်လင့်၏။ အရာအားလုံးကိုလည်း ကြံ့ကြံ့ခံနိုင်၏။

**ကမ္ဘာဦးကျမ်း ၁း၂၆-၂၇။** တဖန် ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်တညီ တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုင၄်း၊ မိုဃ်းကောင်းကင်ငှက်တို့ကို၄င်း၊ သားယဉ်တို့ကို၄င်း၊ မြေတပြင်လုံးနှင့်တကွ မြေပေါ်မှာတွားသွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို၄င်းအုပ်စိုးစေဟုအမိန့်ရှိတော်မူ၏။ ထိုဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရား သခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျာ်း၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊ အချင်းတို့ များပြားစွာမွေးဘွားကြလော့ဟု မိန့်တော်မူ၏။

**ကော်လောဆေဩဝါဒစာ ၃း၁၉။** ခင်ပွန်းသည်တို့ သင်တို့၏ဇနီးသည်တို့ကို ချစ်ကြလော့။ သူတို့အား ကြမ်းတမ်းစွာ မဆက်ဆံကြနှင့်။

**ဖေက်ဆုဩဝါဒစာ ၅း၂၁-၃၀။** ခရစ်တော်ကို ရိုသေလေးစားသောအားဖြင့် သင်တို့သည် တစ်ဦးကိုတစ်ဦး နာခံကြလော့။ ဇနီးမယားတို့၊ သင်တို့သည် သခင်ဘုရားကို နာခံကြသကဲ့သို့ သင်တို့၏ခင်ပွန်းတို့ကို နာခံကြလော့။ အကြောင်းမူကား ခရစ်တော်သည် မိမိ၏ကိုယ်ခန္ဓာ တည်းဟူသော အသင်းတော်၏ ဦးခေါင်းဖြစ်၍ မိမိကိုယ်တော်တိုင် အသင်းတော်၏ ကယ်တင်ရှင်ဖြစ်တော်မူသကဲ့သို့ ခင်ပွန်းသည်လည်း မိမိဇနီးသည်၏ဦးခေါင်းဖြစ်၏။ အသင်းတော်သည် ခရစ်တော်ကို နာခံသကဲ့သို့ ဇနီးသည်တို့သည်လည်း အရာရာ၌ မိမိတို့၏ခင်ပွန်းတို့ကို နာခံကြပါစေ။ ခင်ပွန်းသည်တို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍ ၄င်းအတွက် မိမိကိုယ်ကို ဆက်ကပ် ပူဇော်တော်မူသကဲ့သို့ သင်တို့သည်လည်း သင်တို့၏ဇနီးများကို ချစ်ကြလော့။ ကိုယ်တော်သည် မိမိကိုယ်ကို ထိုသို့ပူဇော်တော်မူခြင်းမှာ အသင်းတော်ကို ရေ၌ဆေးကြောခြင်းအားဖြင့်လည်း ကောင်း၊ နှုတ်တော်ထွက်စကားအားဖြင့်လည်းကောင်း စင်ကြယ်စေခြင်းဖြင့် ၄င်းကို သန့်ရှင်းမြင့်မြတ်စေရန် ဖြစ်၏။ ဤသို့ဖြင့် ကိုယ်တော်သည် အသင်းတော်ကို မိမိကိုယ်တော်တိုင်အတွက် သိမ်းပိုက်တော်မူရာတွင် ၄င်းသည် အညစ်အကြေးမရှိ၊ အစွန်းအကွက်မရှိဘဲ သန့်ရှင်း၍ အပြစ်ကင်းစင်လျက် ဂုဏ်ကျက်သရေနှင့်ပြည့်စုံနေစေရန်ဖြစ်၏။ ဤနည်းတူ ခင်ပွန်းတို့သည် မိမိတို့၏ခန္ဓာကိုယ်ကို ချစ်သကဲ့သို့ မိမိတို့၏ဇနီးများကို ချစ်ရမည်။ မိမိဇနီးကိုချစ်မြတ်နိုးသောသူသည် မိမိကိုယ်ကို ချစ်မြတ်နိုးသောသူဖြစ်၏။ မည်သူမျှ မိမိကိုယ်ခန္ဓာကို မုန်းသည်ဟူ၍ မရှိချေ။ မမုန်းသည့်အပြင် သူသည် မိမိကိုယ်ခန္ဓာကို ကျွေးမွေးပြုစုသည်မှာ အသင်းတော်အား ခရစ်တော်ကျွေးမွေးပြုစုတော်မူသကဲ့သို့ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ကိုယ်တော့်ခန္ဓာတော်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်ကြသောကြောင့်တည်း။

**ဖေက်ဆုဩဝါဒစာ ၄း ၂၉-၃၂။** သင်တို့၏နှုတ်မှ မကောင်းသောစကား ထွက်မလာစေနှင့်။ သင်တို့၏စကားကို ကြားသောသူတို့သည် အကျိုးခံစားရစေခြင်းငှာ အခွင့်အခါကြုံလျှင် ကောင်းသောသဘောကို ဆောင်သည့်စကားကို ပြောဆိုကြလော့။ ကယ်တင်ခြင်း

ခံရမည့် နေ့ရက်အတွက် သင်တို့ကို တံဆိပ်ခတ်နှိပ်ပေးတော်မူသော ဘုရားသခင်၏ဝိညာဉ်တော်မြတ်ကို စိတ်ကြေကွဲစေရန် မပြုလုပ်ကြနှင့်။ သင်တို့သည် ခါးသီးနာကြည်းခြင်း၊ ဒေါသစိတ်မထိန်းနိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်းနှင့် အသရေဖျက်ခြင်းစသော မကောင်းမှုအားလုံးတို့ကို ဖယ်ရှားကြပြီးလျှင် တစ်ဦးကိုတစ်ဦးသနားကြင်နာ၍ ညှာတာကြလော့။ ဘုရားသခင်သည် ခရစ်တော်၌ သင်တို့ကို ခွင့်လွှတ်တော်မူသကဲ့သို့ သင်တို့သည်လည်း တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ကြလော့။

## ၄။ အိမ်တွင်းအကြမ်းဖက်မှုများ ဘာကြောင့် စဉ်ဆက်မပြတ် ဖြစ်နေရတာလဲ။

## ၅။ အိမ်တွင်းအကြမ်းဖက်မှုခံနေရသူကို ဘယ်လိုကူညီမလဲ။

**ဆာလံကျမ်း ၁၀။** အိုထာဝရဘုရားသခင် အဘယ်ကြောင့် ကိုယ်တော်သည် အဝေး၌ ရပ်နေတော်မူပါသနည်း။ ဒုက္ခရောက်သော အချိန်၌ ကိုယ်တော်သည် အဘယ်ကြောင့် မျက်နှာတော်လွှဲထားတော်မူပါသနည်း။ ဆိုးယုတ်သောသူတို့သည် ဆင်းရဲသောသူတို့ကို မောက်မာရိုင်းပျစွာဖြင့် လိုက်လံညှဉ်းဆဲကြ၏။ သူတို့သည် မိမိတို့ဉာဏ်ဆင်၍ထောင်ထားသော ပရိယာယ်ကျော့ကွင်း၌ ပြန်မိကြပါစေ။ အကြောင်းမူကား ဆိုးယုတ်သောသူသည် မိမိတို့စိတ်နှလုံး၏ လိုအင်ဆန္ဒများကို ကြွားဝါပြောဆိုတတ်၍ လောဘကြီးသော သူသည်ထာဝရဘုရားသခင်ကို ကျိန်ဆဲရှုတ်ချပါ၏။ ဆိုးယုတ်သောသူသည် မောက်မာခက်ထန်သော မျက်နှာထားနှင့် ထာဝရဘုရားသခင်ကို ရှာဖွေခြင်းမရှိပေ။ သူသည် ဘုရားသခင်မရှိဟူ၍ အစဉ်တွေးတောလေ၏။ သူပြုလုပ်လေ သမျှတို့သည် အောင်မြင်တတ်၏။ သူသည် အထက်အရပ်၌ရှိသော ကိုယ်တော်၏ တရားစီရင်ချက်တို့ကို မတွေ့ပေ။ သူသည် မိမိ၏ရန်သူများကို ပြက်ရယ်ပြု၏။ သူ၏စိတ်နှလုံး၌ ငါသည် မည်သည့်အခါမျှ ရှုံးနိမ့်လိမ့်မည်မဟုတ်၊ ငါသည် သားစဉ်မြေးဆက် မည်သည့်အခါမျှ ဒုက္ခရောက်လိမ့်မည်မဟုတ်ဟု တွေးထင်လေ၏။ သူ၏နှုတ်သည် ကျိန်ဆိုခြင်း၊ လှည့်ဖြားခြင်းနှင့် အနိုင်အထက် ပြုခြင်း တို့ဖြင့် ပြည့်လျှံနေလေ၏။ သူ၏လျှာအောက်၌ ဆိုးသွမ်းခြင်းနှင့် မကောင်းမှုဒုစရိုက်တို့သာရှိကြ၏။ သူသည်ရွာများ၏အနီးတွင် ချုံခို၍ စောင့်နေတတ်ပြီး အပြစ်ကင်းမဲ့သောသူကို ဆိတ်ကွယ်ရာအရပ်၌ သတ်ဖြတ်တတ်ပါ၏။ သူ၏မျက်လုံး များသည် မိမိ၏လက်တွင်းသို့ ကျရောက်လာမည့် သားကောင်ကို စောင့်ကြည့်နေတတ်၏။ သူသည် ပုန်းအောင်းနေသောခြင်္သေ့ကဲ့သို့ ဆိတ်ကွယ် ရာမှ ချောင်းမြောင်းနေတတ်၏။ သူသည် ဆင်းရဲသားများကို အမိဖမ်းရန် ချောင်းမြောင်းနေ၏။ သူသည် ဆင်းရဲသား များကို မိမိ၏ ပိုက်ကွန်တွင် အမိအရဖမ်း၍ ဆွဲခေါ်သွားလေ၏။ သူ၏ခွန်အားကြောင့် သားကောင်သည် ချေမှုန်းခြင်းခံရ၍ ပြိုလဲကာ အရှုံးပေးလိုက် ရ၏။ သူက ဘုရားသခင်သည် မေ့လျော့ထားတော်မူပြီ။ ကိုယ်တော်သည် မိမိ၏မျက်နှာတော်ကို ဖုံးကွယ်ထားသဖြင့် ဤအမှုကို မည်သည့်အခါမျှ မြင်တွေ့လိမ့်မည်မဟုတ်ဟု မိမိစိတ်ထဲ၌ ဆိုလေ၏။

အိုထာဝရဘုရားသခင်၊ ကြွလာတော်မူပါ။ အိုဘုရားသခင်၊ ကိုယ်တော်၏လက်တော်ကို မြှောက်တော်မူပါ။ ညှဉ်းပန်းနှိပ်စက်ခြင်းခံရသော သူတို့ကို မေ့လျော့တော်မမူပါနှင့်။ ဆိုး ယုတ်သောသူသည် ဘုရားသခင်ကို အဘယ်ကြောင့် မထီမဲ့မြင်ပြုရပါသနည်း။ ကိုယ်တော်သည် အပြစ်စီရင်တော်မူလိမ့်မည်မဟုတ်ဟု အဘယ်ကြောင့် သူ့စိတ်ထဲ၌ ထင်မှတ်ရပါသနည်း။ သို့သော် ကိုယ်တော်သည် အမှန်တကယ်ပင် မြင်တော်မူပြီ။ ကိုယ်တော်သည် ဆင်းရဲဒုက္ခနှင့် ပူပန်သောကတို့ကို ဂရုပြုတော်မူ၏။ ကိုယ်တော်သည် ဤအမှုအရာတို့ကို ကိုယ်တော်တိုင် ကိုင်တွယ်ဖြေရှင်းတော်မူ၏။ ခိုကိုးရာမဲ့သောသူသည် မိမိကိုယ်ကို ကိုယ်တော်၏လက်တော်သို့ အပ်နှံလေ၏။ ကယ်တော်သည် မိဘမရှိသူတို့ကို ကူညီစောင့်ရှောက်သောသူဖြစ်တော်မူ၏။ ဆိုးယုတ်၍ ဒုစရိုက်ကျူးလွန်သော သူ၏လက်ရုံးကို ချိုးတော်မူပါ။ သူ၏မကောင်းမှုများကို တစ်ခုမကျန်ရှာဖွေစစ်ဆေးတော်မူပါ။ ထာဝရဘုရားသခင်သည် ကာလအဆက်ဆက် ဘုရင်ဖြစ်တော်မူပါ၏။ လူမျိုးခြားတို့သည် ကိုယ်တော်၏နိုင်ငံတော်မှ ကွယ်ပျောက်ကြပါလိမ့်မည်။

အိုထာဝရဘုရားသခင်၊ ကိုယ်တော်သည် နှိမ့်ချသောသူတို့၏ လိုလားတောင့်တချက်ကို လက်ခံတော်မူ၏။ ကိုယ်တော်သည် မိဘမရှိသူတို့နှင့် ဖိနှိပ်ခြင်းခံရသောသူတို့အတွက် တရားမျှတစေရန် ကိုယ်တော်၏နားကို စွင့်တော်မူ၏။ ဤသို့ဖြင့် မြေကြီးမှ ဖြစ်လာသော ထိုသူသည် အကြမ်းဖက်မျှကို နောက်တစ်ဖန်ကျူးလွန်တော့မည် မဟုတ်ပေ။

## ၆။ အကြမ်းဖက်သူကို မည်သို့ ကူညီနိုင်မည်နည်း။

**ဧဖက်ဆုံသြဝါဒစာ ၆း၄။** ဖခင်တို့၊ သင်တို့၏ သားသမီးများကို အမျက်မထွက် စေကြနှင့်။ သို့သော် သူတို့ကို သခင် ဘုရား ၏ ဆုံးမသွန်သင်ချက်အတိုင်း ပြုစုပျိုးထောင်ကြလော့။

**ကောလောဆဲသြဝါဒစာ ၃း၁၉။** ခင်ပွန်းသည်တို့ သင်တို့၏ဇနီးသည်တို့ကို ချစ်ကြလော့။ သူတို့အား ကြမ်းတမ်းစွာမဆက်ဆံကြနှင့်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၅း၁၈-၁၉။** ခံတွင်းမှထွက်လာသောအရာမူကား စိတ်နှလုံးအတွင်းမှထွက်လာသဖြင့် ၄င်းသည် လူကို ညစ်ညူးစေ၏။ အကြောင်းမူကား လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ ကာမဂုဏ်လိုက်စားခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေခံခြင်း၊ သူ့အသရေကို ဖျက်ခြင်းစသည့် ဆိုးယုတ်သောအကြံအစည်များသည် စိတ်နှလုံးအတွင်းမှ ထွက်ပေါ်လာကြ၏။

# ၆(ခ)။
# မိမိကိုယ်ကို သတ်သေခြင်း

## ၁။ အဘယ်ကြောင့် သူ့ကိုယ်သူ သတ်သေသွားရတာလဲ။

## ၂။ လူများသည် အဘယ့်ကြောင့် မိမိကိုယ်မိမိ သတ်သေကြသနည်း။

## ၃။ သမ္မာကျမ်းစာတွင်တွေ့ရသည့် မျော်လင့်ချက်မဲ့သူများ

**အဘိမလက်/ တရားသူကြီး ၉း၅၀-၅၄။**

ထိုနောက်မှ အဘိမလက်သည် သေဗက်မြို့သို့သွား၍ တပ်ချပြီးလျှင် တိုက်ယူလေ၏။ သို့ရာ တွင် မြို့ထဲမှာ ခိုင်ခံ့သောရဲတိုက်တခုရှိ၍ မြို့သား ယောကျာ်းမိန်းမအပေါင်းတို့သည် ထိုရဲ တိုက်ထဲသို့ ပြေးဝင်ကြ၏။ တံခါးကိုလည်း ပိတ်ထား၍ တိုက်အပေါ်သို့တက်ကြ၏။ အဘိမလက်သည် ရဲတိုက်ကိုလာ၍တိုက်လျက် ရဲတိုက်တံခါးကို မီးရှို့ခြင်းငှါ ချဉ်းကပ်သောအခါ၊ မိန်းမတယောက်သည် ကြိတ်ဆုံကျောက်တဖဲ့ကို အဘိမလက်ခေါင်းပေါ်သို့ပစ်ချ၍ ဦးခေါင်း ခွံပေါက်ကွဲလေ၏။ သူသည် လက်နက်ကိုင်လုလင်ကို အလျင်အမြန်ခေါ်၍ မိန်းမသည် အဘိမလက်ကိုသတ်သည်ဟု ပြောစရာမရှိစေခြင်းငှါ၊ သင့်ထားကိုထုတ်၍ ငါ့ကိုသတ်လော့ဟု ဆိုသည်အတိုင်း၊ လုလင်သည် ထိုး၍ အဘိမလက် သေလေ၏။

**ရှံဆုန်/ တရားသူကြီး ၁၆း၂၃-၃၀-၃၁)။**

ဖိလိတ္တိမင်းတို့ကို၊ ငါတို့ဘုရားသည် ငါတို့ရန်သူကို ငါတို့လက်သို့ အပ်တော်မူပြီဟုဆိုလျက်၊ သူတို့ဘုရားဒါဂုန်အား ယဇ်ကြီးကိုပူဇော်၍ ပျော်မွေ့ခြင်းကို ပြုအံ့သောငှါ စည်းဝေးကြ၏။ လူများတို့သည် ရှံဆုန်ကိုမြင်သောအခါ၊ ငါတို့ဘုရားသည် ငါတို့ပြည်ကိုဖျက်ဆီး၍ ပြည်သားအများတို့ကိုသတ်သော ငါတို့၏ရန်သူကို ငါတို့လ်ကသို့အပ်တော်မူပြီဟု မိမိတို့ဘုရားကို ချီးမွမ်းကြ၏။ စိတ်နှလုံးရွှင်လန်းသောအခါ ရှံဆုန်ကိုခေါ် ခဲ့။ ငါတို့အဘို့ ကစားပါလေစေဟုဆိုသဖြင့် ရှံဆုန်ကိုထောင်အိမ်မှခေါ် ခဲ့၍ သူသည် ကစားရ၏။ သူ့ကိုလည်း စရပ်တိုင်ကြားမှာ ထားကြ၏။ ရှံဆုန်ကလည်း စရပ်တိုင်တို့ကို ငါမှီ၍နေရအောင် လက်နှင့်တွေ့ပါရစေဟု လက်ဆွဲသောလူကလေးကို အခွင့်တောင်း၏။ ထိုစရပ်၌ ယောကျာ်းမိန်းမအပေါင်းတို့သည် အပြည့်ရှိကြ၏။ စရပ်မိုးပေါ်မှာလည်း သုံးထောင်မျှလောက်သော ယောကျာ်း မိန်းမတို့သည် ရှံဆုန်ကစားသည်ကို ကြည့်ရှုလျက်ရှိကြ၏။ ရှံဆုန်ကလည်း၊ အိုအရှင်ထာဝရဘုရား၊ အကျွန်ုပ်ကို အောင့်မေ့တော်မူပါ။ အကျွန်ုပ်မျက်စိနှစ်ဘက်ကိုဖောက်သော ဖိလိတ္တိလူတို့၌ တပြိုင်နက်အပြစ်ဒဏ်ပေးနိုင်မည်အကြောင်း၊ ယခုတကြိမ်မျှသာ ခွန်အားကို ပြန်ပေးတော်မူပါဘုရားဟု ထာဝရဘုရားအားဆုတောင်းပြီးမှ၊ စရပ်တိုင်နှစ်တိုင်တို့ကို လက်ျာလက်၊လက်ဝဲ လက်နှစ်ဘက်နှင့်ကိုင်၍ မှီနေလျက်၊ အကျွန်ုပ်သည် ဖိလိတ္တိလူတို့နှင့်အတူ သေပါရစေဟုဆိုလျက်၊ အားထုတ်၍ ကိုယ်ကိုညွတ်ချသဖြင့် စရပ်သည် မင်းများ၊ လူများအပေါင်းတို့အပေါ်မှာလဲ၍ဖိလေ၏။ ထိုသို့ အသက်ရှင်စဉ်အခါ သတ်ခဲ့သည်ထက် သေစဉ်အခါ သာ၍များသော သူတို့ကို သတ်လေ၏။ သူညီများ၊ အဆွေအမျိုးများအပေါင်းတို့သည်လာ၍ အလောင်းကောင်ကိုထမ်းသွားပြီးလျှင် ဇောရာမြို့နှင့် ဧရှတောလမြို့စပ်ကြားတွင် အဘမာနော်၏သင်္ချိုင်း၌ သင်္ဂြိုဟ်ကြ၏။

**ဟေဗြဲဦးသြဝါဒစာ ၁၁း၃၂-၃၄။** ငါသည် မည်သည့်အရာကို ဆက်လက်ဖော်ပြရန် လိုပါသေးသနည်း။ ဂိဒေအွန်၊ ဘာရ၊ ဂျက်ဖသာ၊ ဒါဝိတ်၊ ဆာမူအဲလ်နှင့်တကွ ပရောဖက်အပေါင်းတို့၏ အကြောင်းများကိုဖော်ပြရန်ကား အချိန်လုံလောက်မည်မဟုတ်။ ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် အခြားသောတိုင်းနိုင်ငံများကို နှိမ်နင်းအောင်မြင်ကြခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ကတိထားတော်မူ သောအရာများကို ခံစားရရှိခြင်း၊ ခြင်္သေ့တို့၏နှုတ်များကိုပိတ်ခြင်း၊ အလျှံညီးညီးတောက်လောင်သောမီးကို ငြိမ်းအေးစေခြင်း၊ ဓားဘေးမှ ကင်းလွတ်ခြင်း၊ အားနည်းရာမှ ခွန်အားပြည့်လာခြင်း၊ စစ်ပွဲ၌ စွမ်းအားသတ္တိနှင့်ပြည့်စုံ၍ တိုင်းတစ်ပါးသားတို့၏တပ်များကို ဆုတ်ခွာထွက်ပြေး စေခြင်းစသည့်အမှုတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြ၏။

**ဆောလု၏သက်တော်စောင့်/ ဓမ္မရာဇဝင် ပဌမစောင် ၃၁း၅။**

ရှောလုသေသည်ကို လက်နက်ဆောင်လုလင်မြင်လျှင် သူသည်လည်း ထိုထားကိုထောင်၍ ရှောလုနှင့်အတူ ထားဖျားပေါ်မှာလှဲ၍ သေလေ၏။

**အဟိသောဖေလ/ ဓမ္မရာဇဝင်ဒုတိယစောင် ၁၇း၁-၇၊ ၁၄၊ ၂၃။**

တဖန် အဟိသောဖေလက၊ ကျွန်တော်သည် လူတသောင်းနှစ်ထောင်တို့ကို ရွေးကောက်ပါရစေ။ ယနေ့ညဉ့်ပင် ကျွန်တော်ထ၍ ဒါဝိတ်ကို လိုက်ပါမည်။ သူသည် မောလျက်လက်အားနည်းလျက်နေစဉ်အခါ ကျွန်တော်တိုက်၍ သူ့ကိုထိတ်လန့်စေမည်။ သူ၌ပါသော လူအပေါင်းတို့သည် ပြေးကြ၍၊ ရှင်ဘုရင်ကိုသာ ကျွန်တော်လုပ်ကြံပါမည်။ လူအပေါင်းတို့ကို ကိုယ်တော်ထံသို့ ဆောင်ခဲ့ပါမည်။ ကိုယ်တော်ရှာသောသူ တယောက်တည်းကိုရလျှင် လူအပေါင်းတို့ သည် ပြန်လာ၍ ငြိမ်ဝပ်ကြပါလိမ့်မည်ဟု လျှောက်လျှင်၊ ထိုစကားကို အဗရှလုံနှင့် ဣသရေလအမျိုးအသက်ကြီးသူတို့သည် နှစ်သက်ကြ၏။ ထိုအခါ အဗရှလုံက၊ အာခိလုဟုရှဲကိုလည်း ခေါ်ခဲ့။ ငါတို့သည် သူ၏စကားကို နားကြားကြကုန်အံ့ဟု ဆို၏။

အဗရှလုံနှင့် ဣသရေလအမျိုးအပေါင်းတို့က၊ အာခိလုဟုရှဲပေးသောအကြံသည် အဟိသောဖေလပေးသောအကြံထက် သာ၍ကောင်းသည်ဟု ပြောဆိုကြ၏။ အကြောင်းမူကား၊ ထာဝရ ဘုရားသည် အဗရှလုံ၌ဘေးရောက်စေခြင်းငှါ၊ အဟိသောဖေလပေးသော အကြံ ကောင်းကို ဖျက်စေမည်အကြောင်း စီရင်တော်မူ၏။

အဟိသောဖေလသည် မိမိပေးသောအကြံသို့ မလိုက်ကြသည်အကြောင်းကို သိမြင်သော အခါ၊ မြည်းကို ကုန်းနှီးတင်စေပြီးလျှင် ထ၍ မိမိနေရင်းမြို့ မိမိအိမ်သို့သွားသဖြင့် အိမ်မှုအိမ်ရေးများကို စီရင်ပြီးမှ လည်ကြိုးတပ်၍သေလေ၏။ သူ့ကို ဘိုးဘေးတို့သင်္ချိုင်း၌ သင်္ဂြိုလ်ကြ ၏။

**ဧလိယ/ ဓမ္မရာဇဝင် တတိယစောင် ၁၉း၁-၄။**

ဧလိယပြုသောအမှုနှင့် ပရောဖက်အပေါင်းတို့ကို ထားနှင့်ကွပ်မျက်သောအမှုကို အာဟပ်သည် ယေဇဗေလအား အကုန်အစင်ကြားပြော၏။ ယေဇဗေလက၊ နက်ဖြန်နေ့ ယခုအချိန်ရောက်မှ သင့်အသက်သည် ထိုပရောဖက် တို့၏ အသက်ကဲ့သို့ ငါမဖြစ်စေလျှင် ဘုရားတို့ သည် ငါ၌ ထိုမျှမပါစေသောဟု တမန်ကို ဧလိယထံသို့ စေလွှတ်၍ ကြားလိုက်၏။ ထိုအခါ ဧလိယသည် ကြောက်သဖြင့် ထ၍ အသက်လွတ်အောင် ယုဒခရိုင် ဗေရရှေဘမြို့သို့ သွား၏။ ထိုမြို့၌ ကျွန်ကိုထားခဲ့၍ သူကိုယ်တိုင်သည် တောသို့ တနေ့ ခရီးသွားပြီးလျှင်၊ ရသမ်ပင်အောက်သို့ရောက်၍ ထိုင်လေ၏။ ထိုအခါ ကိုယ်အသက်သေရမည်အကြောင်း ဆုတောင်းလျက်၊ အိုထာဝရဘုရား၊ ယခုတန်ပါ၏။ အကျွန်ုပ်အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ထက်သာ၍ မကောင်းပါဟု မြည်တမ်းပြီးလျှင် ရသမ်ပင်အောက် ၌ အိပ်ပျော်လေ၏။

**ယောဘ/ ယောဘဝတ္ထု ၃း၁၁-၁၄။**

ငါသည် မွေးစက အဘယ်ကြောင့် မသေသနည်း။ အမိဝမ်းထဲမှထွက်စက အဘယ်ကြောင့် အသက်မချုပ်သနည်း။ ငါ့ကို အဘယ်ကြောင့် ပိုက်ပွေ့ရသနည်း။ အဘယ်ကြောင့် နို့တိုက်ရသနည်း။ ထိုသို့မပြုလျှင် ငါသည် အိပ်၍ငြိမ်းပြီ။ ပျော်လျက်နေရပြီ။

**ယောန/ ယောနဝတ္ထု ၄း၁-၃။**

ယောနသည် အလွန်စိတ်ညစ်၍ အမျက်ထွက်သဖြင့်၊ အိုထာဝရဘုရား အကျွန်ုပ်တောင်းပန်ပါ၏။ အကျွန်ုပ်သည် ကိုယ်ပြည်၌ရှိစဉ်၊ ဤသို့ပြောပါပြီမဟုတ်လော။ ထို့ကြောင့် ကိုယ်တော်ထံမှ တာရှုမြို့သို့ ကြိုးစား၍ ပြေးပါ၏။ ကိုယ်တော်သည် သနားစုံမက်သောဘုရားဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သော သဘော ရှိတော်မူ ကြောင်းကို အကျွန်ုပ်သိပါ၏။ သို့ဖြစ်၍ အိုထာဝရ ဘုရား၊ အကျွန်ုပ်ကိုနှုတ်ယူတော်မူပါ။ အကျွန်ုပ်အသက်ရှင်ခြင်းထက် သေခြင်းသည်သာ၍ ကောင်းပါသည်ဟု တောင်းလျှောက်လေ၏။

**ထောင်မှူး/ တမန်တော်ဝတ္ထု ၁၆း၂၅-၂၈။**

ညသန်းခေါင်အချိန်၌ ပေါလုနှင့်စီလပ်တို့သည် ဘုရားသခင်ထံသို့ဆုတောင်းပတ္ထနာပြုလျက် ဓမ္မသီချင်းကို သီဆိုနေကြသောအခါ အခြားသောအကျဉ်းသားတို့သည် နားထောင်နေကြ၏။ ထိုအခါ ရုတ်တရက် မြေလျှင်ပြင်းစွာလှုပ်သဖြင့် အကျဉ်းထောင် တံခါးရှိ သမျှ တို့သည် ချက်ချင်းပွင့်လာကြ၍ အကျဉ်းသားတိုင်း၏ သံကြိုးများသည်လည်း ပြုတ်သွားကြလေ၏။ ထိုအခါ ထောင်မှူးသည် နိုးလာပြီး ထောင်တံခါးပွင့်နေသည်ကိုမြင်သဖြင့် အကျဉ်းသားများ ထွက်ပြေးသွားကြပြီဟု ထင်မှတ်၍ ဓားကိုဆွဲထုတ်ကာ မိမိကိုယ်ကို သတ်သေမည်ပြု၏။ သို့သော်လည်း ပေါလုက ကျယ်သောအသံဖြင့် သင့်ကိုယ်ကို အန္တရာယ်မပြုနှင့်။ ငါတို့အားလုံး ဤနေရာတွင်ရှိနေကြသည်ဟု အော်ဟစ်ပြောဆိုလေ၏။

**ဟေဗြဲဦးသြဝါဒစာ ၁၁း၆။** ယုံကြည်ခြင်းမရှိလျှင် ကိုယ်တော်အား ကျေနပ်နှစ်သက်စေရန် မပြုလုပ်နိုင်ပေ။ အကြောင်း မူကား ဘုရား သခင်၏အထံတော်သို့ ချဉ်းကပ်သောသူဟူသမျှသည် ကိုယ်တော်တည်ရှိတော်မူကြောင်းကိုလည်းကောင်း၊ ကိုယ်တော်သည် မိမိအား ရှာ သော သူတို့အား အကျိုးကျေးဇူးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ကြရမည်။

**ရောမသြဝါဒစာ ၈း၃၈–၃၉။** အကြောင်းမူကား သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ ကောင်းကင်တမန်တော်ကဖြစ်စေ၊ အုပ်စိုး သူများ က ဖြစ်စေ၊ ပစ္စုပ္ပန်ကာလ၌ရှိသောအရာများကဖြစ်စေ၊ အနာဂတ်ကာလ၌ ရှိလာမည့်အရာများကဖြစ်စေ၊ အာဏာတန်ခိုး ဖြင့်ဖြစ်စေ၊ အထက် အရပ်မှဖြစ်စေ၊ အောက်အရပ်မှ ဖြစ်စေ၊ ဖန်ဆင်းထားသောအရာအားလုံးထဲမှ မည်သည့်အရာကပင်ဖြစ်စေ ငါတို့ကို ငါတို့၏ သခင်ယေရှု ခရစ်တော် ၌တည်ရှိသော ဘုရားသခင်၏ မေတ္တာတော်မှ မကွဲကွာစေနိုင်ဟု ငါစွဲမြဲစွာ ခံယူသော ကြောင့်တည်း။

## ၄။ သတိပေးသော လက္ခဏာများ

## ၅။ မိမိကိုယ်မိမိသတ်သေရန် ကြိစည်သူများကို မည်သို့ကူညီနိုင်မည်နည်း။

**ကော်ရိန္သုသြဝါဒစာ ပထမစောင် ၁၀း၁၃။** သင့်အပေါ်ကျရောက်လာသော စုံစမ်း နှောင့်ယှက်ခြင်းများသည် လူတစ်ဦးခံထမ်း နိုင်သည်ထက် မပိုပေ။ ဘုရားသခင်သည် သစ္စာရှိတော်မူသဖြင့် သင်တို့ခံနိုင်သည်ထက်ပိုသော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့အား ခံစေတော်မူ လိမ့်မည်မဟုတ်။ သို့ရာတွင် သင်တို့အား တည်ကြည်မြဲမြံစေခြင်းငှာ စုံစမ်းနှောက်ယှက်ခြင်းနှင့်အတူ ကိုယ်တော်သည် လွတ်မြောက်ရာ လမ်းကို လည်း ပေးသနားတော်မူလိမ့်မည်။

## ၆။ မိမိကိုယ်မိမိ သတ်သေသူ၏ မိသားစုဝင်များကို မည်သို့ကူညီမည်နည်း။

## နိဂုံးချုပ်လေ့ကျင့်ခန်း

**ယေရေမိ မြည်တမ်းစကား ၃း၁၉-၂၃။** အကျွန်ုပ်ခံရသော ဆင်းရဲငြိုငြင်ခြင်းကိုင်း၊ ဒေါနနှင့်သည်းခြေအရည်ကိုင်း အောက်မေ့တော် မူပါ။ ဧကန်အမှန် အောက်မေ့တော်မူလိမ့်မည်။ ထိုသို့ အကျွန်ုပ်၏စိတ်နှလုံးသည် ဆင်ခြင်၍ သတိရသောအခါ မျှော်လင့် စရာအခွင့်ရှိပါ၏။ ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲ နေကြ၏။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၁း ၂၈-၂၉။** ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် သင်တို့ကို အား ဖြည့်ပေးမည်။ ငါ၏ထမ်းပိုးကိုယူ၍ထမ်းလျက် ငါ့ထံမှ သင်ယူကြလော့။ အကြောင်းမူကား ငါသည် သိမ်မွေ့၍ နှိမ့်ချသော စိတ်နှလုံး ရှိ၏။ သင်တို့၏စိတ်နှလုံးသည်လည်း သက်သာရာရလိမ့်မည်။

# ၆(ဂ)။
# စွဲလမ်းမှုပြဿနာ

**၁။ နောက်ဆုံးတစ်ခွက်**

**၂။ စွဲလမ်းမှုဆိုတာ ဘာလဲ။**

**၃။ လူတို့တွင် အဘယ်ကြောင့် စွဲလမ်းမှုဖြစ်ပေါ်ရသနည်း။**

**၄။ သမ္မာကျမ်းစာက စွဲလမ်းမှုပြဿနာနှင့်ပတ်သက်၍ မည်သို့သွန်သင်ထားပါ သနည်း။**

**ရှင်ယာကုပ်ဩဝါဒစာ ၁း၁၃**-၁၅။ မည်သူမဆို နှောင့်ယှက်ခြင်းခံရသောအခါ ဘုရားသခင်သည် ငါ့ကိုစုံစမ်းနှောင့်ယှက် တော်မူသည်ဟူ၍ မပြောဆိုစေနှင့်။ အကြောင်းမူကား မကောင်းမှုသည် ဘုရားသခင်ကို သွေးဆောင်နှောင့်ယှက်ခြင်းမပြုနိုင်သကဲ့သို့ ကိုယ်တော်သည်လည်း မည်သူ့ကိုမျှ သွေးဆောင်နှောင့်ယှက်ခြင်း ပြုတော်မမူပေ။ သို့သော် လူတစ်ဦးစီသည် မိမိ၏အလိုဆန္ဒအားဖြင့် သွေးဆောင် ဖြားယောင်းခံရချိန်၌ စုံစမ်းနှောင့်ယှက်ခံရခြင်းဖြစ်လေ၏။ ထို့နောက် အလိုဆန္ဒဖြစ်ပေါ်လာသော အခါ ၎င်းသည် မကောင်းမှုကို ဖန်တီးလေ၏။ မကောင်းမှုသည်လည်း ကြီးမားလာသောအခါ သေခြင်းကို ဖြစ်ပေါ်လာစေ၏။

**ရောမဩဝါဒစာ ၆း၁၁-၁၃။** သို့ဖြစ်၍ သင်တို့သည်လည်း သင်တို့ကိုယ်သင်တို့ အပြစ်တရား၌ သေပြီးဖြစ်သည်ဟူ၍ လည်းကောင်း၊ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၌ အသက်ရှင်သည်ဟူ၍လည်း ကောင်း မှတ်ယူကြလော့။ ထို့ကြောင့် အပြစ်မကောင်းမှုသည် သင်တို့၏သေနိုင်သောကိုယ်ခန္ဓာများကို အစိုးမရစေနှင့်။ သင့်ကိုယ်ခန္ဓာ၏အလိုတပ်မက်ခြင်းနောက်သို့ မလိုက်နှင့်။ သင်တို့၏ ကိုယ်လက်အင်္ဂါများကို မကောင်းမှုပြုရန်လက်နက်များအဖြစ်အသုံးမပြုကြနှင့်။ သို့သော် သင်တို့သည် သေခြင်းမှထမြောက်၍ အသက်ရှင်သောသူတို့ကဲ့သို့ မိမိတို့ကိုယ်ကို ဘုရားသခင်အား ပေးဆပ်ကြလော့။ အကြောင်းမူကား သင်တို့သည် ပညတ်တရား၏ အောက်၌ မရှိဘဲ ကျေးဇူးတော်၏ လက်အောက်၌ ရှိနေသောကြောင့် မကောင်းမှုသည် သင်တို့ကို အစိုးရလိမ့်မည်မဟုတ်။

**ဖေက်ဆုဩဝါဒစာ ၄း၂၂-၂၄။** သို့ဖြစ်၍ လှည့်ဖြားတတ်သော တပ်မက်ခြင်းများကြောင့် ယိုယွင်းပျက်စီးနေပြီး ယခင်က အပြုအမူအကျင့်အကြံများနှင့် ဆက်နွယ်နေသည့် သင်တို့၏ဘဝဟောင်းကို စွန့်ခွာကြလော့။ ထို့နောက် သင်တို့၏စိတ်နှလုံးများကို အသစ်ပြုပြင်ကြပြီးလျှင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းဖြူစင်ခြင်းတို့၌ ဖန်ဆင်းခြင်းခံရသော ဘဝအသစ်ကို ဆင်မြန်းကြလော့။

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၁၀း၃-၅။** အဘယ်ကြောင့်ဆိုသော် ငါတို့သည် လောကထဲတွင် အသက်ရှင်နေထိုင်ကြသော်လည်း လောက၏စစ်မက်ကို တိုက်ခိုက်နေကြသည်မဟုတ်ပေ။ အကြောင်းမူကား ငါတို့၏စစ်လက်နက်များမှာ လောကီနှင့်ဆိုင်သော လက်နက်များ မဟုတ်ဘဲ ခံတပ်များကိုဖျက်ဆီးနိုင်သော ဘုရားသခင်၏တန်ခိုးတော်ဖြစ်သောကြောင့်တည်း။ ငါတို့သည် ဘုရား သခင်ကို သိရှိနိုင်ရေးတွင် အဟန့်အတားဖြစ်နေသည့် အငြင်းပွားမှုများကိုလည်းကောင်း၊ မောက်မာသော အတားအဆီးမှန်သမျှကို လည်းကောင်း၊ ဖျက်ဆီး၍ အကြံအစည်မှန်သမျှကိုလည်း ခရစ်တော် ၌နာခံရန် ဆွဲဆောင်ကြ၏။ သင်တို့အပြည့်အဝ နာခံပြီး သောအခါတွင် နာခံခြင်းမရှိသောအမှုတိုင်းကို အပြစ်ဒဏ်ပေးရန် ငါတို့အဆင်သင့်ရှိကြ၏။

**ကော်လောဆေဩဝါဒစာ ၃း၁-၃။** သင်တို့သည် ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခဲ့ကြသည်ဖြစ်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌ ထိုင်နေတော်မူသော ခရစ်တော်ရှိရာ အထက်အရပ်နှင့်ဆိုင်သည့်အရာများကို ရှာဖွေရယူကြလော့။ သင်တို့သည် မြေကြီးပေါ်၌ရှိသောအရာတို့ကို စွဲလမ်းခြင်းမရှိဘဲ အထက်အရပ်၌ရှိသောအရာတို့ကိုသာ စွဲလမ်းကြလော့။ အကြောင်းမူကား သင်တို့သည် သေဆုံးခဲ့ကြပြီးဖြစ်၍ သင်တို့၏အသက်တာသည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက် ကွယ်လျက်ရှိသောကြောင့်တည်း။

**ကော်ရိန္သုဩဝါဒစာ ပထမစောင် ၁၀း၁၃။** သင့်အပေါ်ကျရောက်လာသော စုံစမ်းနှောင့်ယှက်ခြင်းများသည် လူတစ်ဦးခံ ထမ်းနိုင်သည်ထက် မပိုပေ။ ဘုရားသခင်သည် သစ္စာရှိတော်မူသဖြင့် သင်တို့အား ခံစေတော်မူလိမ့်မည်မဟုတ်။ သို့ရာတွင် သင်တို့အား

တည်ကြည်မြဲမြံစေခြင်းငှာ စုံစမ်းနှောင့်ယှက်ခြင်းနှင့်အတူ ကိုယ်တော်သည် လွတ်မြောက်ရာလမ်းကိုလည်း ပေးသနား တော်မူလိမ့်မည်။

**ရောမဩဝါဒစာ ၁၂း၁-၂။** ထို့ကြောင့် ညီအစ်ကိုတို့၊ ငါတို့သည် ဘုရားသခင်၏ကရုဏာတော်အားဖြင့် သင်တို့အား တိုက် တွန်းနှိုးဆော်လိုက်သည်မှာ သင်တို့၏ခန္ဓာကိုယ်များကို သက်ရှိယဇ်ကောင်ကဲ့သို့ သန့်ရှင်းမြင့်မြတ်၍ ကိုယ်တော်နှစ်သက်လက်ခံ ဖွယ်ရာအဖြစ် ဆက်ကပ်ပူဇော်ကြလော့။ ဤသည်ကား သင်တို့ပြုအပ်သော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်၏။ သင်တို့သည် ဤလောက၏ တွေးခေါ်ကျင့်ကြံမှုအတိုင်း မလိုက်လျောကြနှင့်။ သို့သော်လည်း ကောင်းမြတ်၍ နှစ်သက်ဖွယ်ရာဖြစ်ပြီးပြည့်စုံသောအရာဖြစ်သည့် ဘုရားသခင်၏အလိုတော်ကို သိရှိနားလည်နိုင်ရန် သင်တို့၏ စိတ်နှလုံးကို အသစ်ပြုပြင်ကြလော့။

## ၅။ စွဲလမ်းမှုပြဿနာ ရှိသောသူများကို ကျွန်တော်တို့ မည်သို့ကူညီနိုင်ပါမည်နည်း။

**ဂလာတိဩဝါဒစာ ၆း၁။** ညီအစ်ကိုတို့၊ လူတစ်ယောက်အပြစ်ကျူးလွန်နေသည်ကိုတွေ့လျှင် ဝိညာဉ်တော်၏ ဆုကျေးဇူးကို ရရှိထားသောသင်တို့သည် နူးညံ့သိမ်မွေ့သောစိတ်ထားနှင့် ထိုသူကို ပြန်လည်ထိန်းကျောင်းပဲ့ပြင်ပေးသင့်၏။ သင်တို့ကိုယ်တိုင်သည်လည်း အပြစ်သို့သွေးဆောင်ခြင်း မခံရစေရန် သတိပြုကြလော့။

**ရှင်လုကာဧဝံဂေလိကျမ်း ၁၁း၂၄-၂၆။** ညစ်ညူးသောနတ်ဆိုးသည် လူတစ်ဦးထံမှထွက်သွား၍ ခြောက်သွေ့သောလွင်ပြင်များတွင် လှည့်လည်ပြီး နားခိုရန်နေရာရှာသော်လည်း မတွေ့သဖြင့် ငါထွက်လာခဲ့သောအိမ်သို့ပြန်သွားမည်ဟု ဆိုလေ၏။ သူပြန်လာသောအခါ ထိုအိမ်မှာ ရှင်းလင်းပြင်ဆင်ထားသည်ကို တွေ့ရလေ၏။ ထိုအခါ သူသည်သွား၍ မိမိထက်ဆိုးသွမ်းသောနတ်ဆိုးခုနစ်ကောင်ကို ခေါ်ဆောင်လာပြီးလျှင် သူတို့သည် ထိုလူ၌နေကြ၏။ ဤသို့ဖြင့် ထိုလူ၏ နောက်ဆုံးအဖြစ်သည် ယခင်အဖြစ်ထက် ပို၍ဆိုး လာသည်ဟု မိန့်တော်မူ၏။

**ဆာလံကျမ်း ၃၇း၂၃-၂၄။** ထာဝရဘုရားသခင်သည် ဖြောင့်မတ်သောသူ၏ခြေလှမ်းများကို ခိုင်မြဲစေတော်မူ၏။ ကိုယ်တော်သည် ထိုသူတို့ကို မိမိမြတ်နိုးတော်မူသောလမ်းစဉ်၌ ခိုင်မြဲစေတော်မူ၏။ ထာဝရ ဘုရားသခင်သည် သူ့အား လက်တော်ဖြင့် ကူညီမစ တော်မူသောကြောင့် သူသည် ခြေချော်သော် လည်း လဲကျလိမ့်မည်မဟုတ်။

**ရောမဩဝါဒစာ ၅း၈။** သို့ရာတွင် ငါတို့သည် အပြစ်သားများဖြစ်နေသောအခါ၌ပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူခြင်းဖြင့် ဘုရားသခင်သည် ငါတို့အပေါ်ထားရှိသော သူ၏ချစ်မေတ္တာကို ပြသတော်မူ၏။

## ၆။ စွဲလမ်းမှုပြဿနာ ကြုံနေရသော မိသားစုဝင်များကို မည်သို့ကူညီမည်နည်း။

# ၇။
# သူတစ်ပါးအား ကူညီပေးသူကို ပြုစုစောင့်ရှောက်ခြင်း

**၁။ မနိုင်ဝန်ထမ်းနေရသော ဓမ္မဆရာကြီး**

**၂။ သူတစ်ပါးကို ကူညီပေးသူတစ်ဦးသည် မနိုင်ဝန်ထမ်းနေရကြောင်း မည်သို့သိနိုင်မည်နည်း။**

**၃။ ကူညီပေးသူတစ်ဦး ဖြစ်ရခြင်း၌ ခက်ခဲသည့်အရာများသည် အဘယ်နည်း။**

(က)___အကူအညီပေးရမည့်သူ အရေအတွက်များလာခြင်း။

(ခ)___လူများ၏အမျက်ဒေါသကို ခံရနိုင်သည်။

(ဂ)___ကူညီပေးသူသည် အခြားသူများ၏ ကြိုးကိုင်အသုံးချမှု ခံရနိုင်သည်။

(ဃ)___ကူညီပေးသူသည် နှုတ်လုံမှုရှိရမည်ဖြစ်သော်လည်း မဖြစ်မနေထုတ်ပြောရမည့် အရာတချို့လည်း ရှိပါသည်။

(င)___ကူညီပေးသူသည် အရာအားလုံး သူ၏အခွင့်အာဏာအောက်တွင် ရှိနေသည်ဟု ဂုဏ်ယူဝင့်ကြွားနိုင်သည်။

(စ)___မိမိကိုယ်ကို ပြုစုစောင့်ရှောက်ရန် ပျက်ကွက်နိုင်သည်။

(ဆ)___မိမိ၏မိသားစုကို စောင့်ရှောက်ရန် ပျက်ကွက်နိုင်သည်။

**၄။ ကူညီပေးသူသည် မိမိကိုယ်ကို မည်သို့စောင့်ရှောက်နိုင်မည်နည်း။**

(က)___ဘုရားသခင်က သင့်ကို ပြုစုစောင့်ရှောက်ပါစေ။

**ဓမ္မရာဇဝင် တတိယစောင် ၁၉း၃-၈။** ထိုအခါ ဧလိယသည်ကြောက်သဖြင့် ထ၍ အသက်လွတ်အောင် ယုဒခရိုင် ဗေရရှေဘမြို့သို့ သွား၏။ ထိုမြို့၌ ကျွန်ကိုထားခဲ့၍ သူကိုယ်တိုင်သည် တောသို့တနေ့ခရီးသွားပြီးလျှင် ရသမ်ပင်အောက်သို့ရောက်၍ ထိုင်လေ၏။ ထိုအခါ ကိုယ်အသက်သေရမည်အကြောင်း ဆုတောင်းလျက်၊ အိုထာဝရဘုရား ယခုတန်ပါ၏။ အကျွန်ုပ်အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ထက် သာ၍မကောင်းပါဟု မြည်တမ်းပြီးလျှင်၊ ရသမ်ပင်အောက်မှာ အိပ်ပျော်၏။ ထိုအခါ ကောင်းကင်တမန်က၊ ထ၍စားလော့ဟု သူ့ကိုတို့လျက်ဆို၏။ ဧလိယသည် မျှော်ကြည့်သောအခါ မီးနှင့်ဖုတ်သောမုန့်ပြားနှင့် ခေါင်းရင်း၌ ရေဘူးရှိသည်ကိုမြင်၍ စားသောက်ပြီးမှ တဖန်အိပ်ပျော်၏။ ထာဝရဘုရား၏ကောင်းကင်တမန်သည် ဒုတိယအကြိမ်လာ၍ သူ့ကိုတို့လျက်၊ သွားရမည့်ခရီးသည် အလွန်ဝေးသောကြောင့် ထ၍စားဦးလော့ဟု ဆိုသည်အတိုင်း ဧလိယသည် ထ၍စားသောက်ပြန်၏။ ထိုအစာအာဟာရကို အမှီပြုလျက် အရက်လေးဆယ်ခရီးသွား၍ ဘုရားသခင်နှင့်ဆိုင်သော ဟောရပ်တောင်သို့ ရောက်၏။

**ရှင်မာကုခဝံဂေလိကျမ်း ၆း၃၀-၃၂။** တပည့်တော်တို့သည် ယေရှုထံသို့ပြန်လာကြ၍ မိမိတို့ပြုလုပ်ခဲ့သမျှနှင့် သွန်သင်ခဲ့သမျှတို့ကို ကိုယ်တော်အား လျှောက်ထားကြ၏။ ကိုယ်တော်ကလည်း လူသူကင်းဝေးရာအရပ်သို့ အခြားသူများမပါဘဲသွားကြ၍ ခေတ္တအနားယူကြလော့ဟု သူတို့အား မိန့်တော်မူ၏။ အကြောင်းမူကား သူတို့ထံ ဝင်ထွက်နေကြသောသူတို့မှာ များပြားလှသောကြောင့် တပည့်တော်တို့သည် အစာစားရန်ပင် အချိန်မရကြချေ။ ထို့ကြောင့် သူတို့သည် လူသူကင်းဝေးရာအရပ်သို့ လှေဖြင့် မိမိတို့ချည်းသာ ထွက်ခွာသွားကြ၏။

## (ခ) ___ သင့်ဝန်ထုပ်များကို အခြားသူများထံ ထုတ်ဖော်ပြောပြပါ။

**ဂလာတိဆီယာသြဝါဒစာ ၆း၂။** သင်တို့အချင်းချင်း တစ်ဦး၏ဒုက္ခကိုတစ်ဦးက ကူညီခံထမ်း၍ ထိုကဲ့သို့ပြုမူခြင်းအားဖြင့် ခရစ်တော်၏ တရားတော်ကို လိုက်နာကျင့်သုံးကြလော့။

## (ဂ) ___ လုပ်ငန်းတာဝန်များကို အခြားသူများအား မျှဝေပေးပါ။

**ထွက်မြောက်ရာကျမ်း ၁၈း၁၃-၂၃။** နက်ဖြန်နေ့၌ မောရှေသည် လူများကို တရားစီရင်ခြင်းငှါ ထိုင်လေ၏။ နံနက်မှစ၍ ညဦးတိုင်အောင် လူများတို့သည် မောရှေရှေ့မှာ နေကြ၏။ မောရှေသည် လူများတို့အား ပြုသမျှကို ယောက္ခမမြင်လျှင်၊ လူများတို့အား ပြုသောအမှု အဘယ်သို့နည်း။ သင်သည် တယောက် တည်းထိုင်လျက် လူအပေါင်းတို့သည် နံနက်မှစ၍ ညဦးတိုင်အောင် သင့်ရှေ့မှာ အဘယ်ကြောင့် နေရကြသနည်းဟု ဆို၏။ မောရှေကလည်း ဤသူတို့သည် ဘုရားသခင် ၏အယူတော်ကိုခံလို၍ ကျွန်ုပ်ထံသို့ လာသောကြောင့် ဤသို့ဖြစ်၏။ သူတို့သည် အမှုရှိလျှင် အကျွန်ုပ်ထံသို့လာ၍ သူတို့၏အမှုကို အကျွန်ုပ်ဆုံးဖြတ်ရ၏။ ဘုရားသခင်၏ ပညတ်တရားများကို သင်ချရ၏ဟု ယောက္ခမအားပြောလျှင်၊ ယောက္ခမက၊ သင်ပြုသောအမှုသည် မတော်သင့်ဖြစ်၏။ သင်မှစ၍ သင်၌ပါသော ဤလူများတို့သည် အမှန်အားလျော့ကြ လိမ့်မည်။ ဤအမှုသည် သင်၌ အလွန်လေး၏။ တယောက်တည်း မတတ်နိုင်သောအမှုဖြစ်၏။ ငါ့စကားကို နားထောင်လော့။ ငါအကြံပေးမည်။ ဘုရားသခင်သည်လည်း သင့်ဘက်၌ ရှိတော်မူလိမ့်မည်။ သင်သည် ဘုရားသခင်နှင့်ဆိုင်သောအမှု၌ လူများတို့၏အမှုကို စောင့်လျက် ဘုရားသခင်အထံတော်သို့ဝင်၍ လျှောက်ရမည်။ သူတို့အားလည်း ပညတ်တရားတော်များကို သင်ချရမည်။ သူတို့သွားရာလမ်း၊ ပြုရသောအမှုကိုလည်း ပြရမည်။ ထိုမှတပါး ဘုရားသင်ကို ကြောက်ရွံ့လျက် သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကိုရွံရှာလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲက ရွေးကောက်၍ တထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တဆယ်အုပ်အရာ၌ ခန့်ထားရမည်။ ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌ လူများတို့ကို တရားစီရင်ကြစေ။ ကြီးသောအမှု၌ သင်၏အယူကို ခံကြစေ။ ငယ်သောအမှုကို အလိုလိုစီရင်ကြစေ။ သို့ဖြစ်လျှင် သူတို့သည် ဝိုင်းညီ၍ အမှုထမ်းသဖြင့် သင်သည်သက်သာလိမ့်မည်။ ထိုသို့ ဘုရားသခင်အခွင့်နှင့်ပြုလျှင် သင်သည် ခိုင်ခံ့လိမ့်မည်။ ဤလူအပေါင်း တို့သည် မိမိနေရာပြည်သို့ ငြိမ်ဝပ်စွာ သွားကြလိမ့်မည်ဟု ပြောဆို ၏။

**ရောမသြဝါဒစာ ၁၂း၄-၈။** အကြောင်းမူကား ငါတို့၏ခန္ဓာကိုယ်၌ ကိုယ်အင်္ဂါပေါင်းများစွာရှိသော်လည်း ထိုအင်္ဂါအစိတ် အပိုင်းအားလုံးသည် လုပ်ဆောင်ချက်မတူညီကြသကဲ့သို့၊ ငါတို့သည် အရေအတွက်များသော်လည်း ခရစ်တော်၌ ကိုယ်ခန္ဓာ တစ်ခုတည်းအဖြစ် တည်ရှိကြ၍ ငါတို့အသီးသီးသည်လည်း တစ်ဦးစီ၏ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်ကြ၏။ သို့ဖြစ်၍ ငါတို့သည် မိမိတို့အသီးသီးခံစားရသည့်ဆုကျေးဇူးတော်နှင့်အညီ ကွဲပြားသောအစွမ်းအစများ ရှိသောကြောင့် ၎င်းတို့ကိုအောက်ပါအတိုင်း အသုံးပြုကြရမည်။ ပရောဖက်ကဲ့သို့ ဟောပြောရမည်ဖြစ်လျှင် မိမိ၏ယုံ ကြည်ခြင်းပမာဏအတိုင်း ပရောဖက်ပြုပါလော့။ သူတစ်ပါးအား အစေခံရပါက မိမိတို့ကိုယ်ကို အစေခံခြင်းအမှု၌ ဆက်ကပ်ထားပါလော့။ သွန်သင်ပေးသောသူဖြစ်ပါက သွန်သင်မှုကိုပြု လော့။ နှိုးဆော်အားပေးသောသူဖြစ်ပါက နှိုးဆော်အားပေးလော့။ ပေးကမ်းဝေငှသောသူဖြစ်ပါက ရက်ရောသောစိတ်နှလုံးဖြင့် ဝေငှလော့။ အုပ်ချုပ်သောသူဖြစ်ပါက လုံ့လဝီရိယနှင့် အုပ်ချုပ်လော့။ ကရုဏာသနားခြင်းအမှုကိုပြုသောသူဖြစ်ပါက ဝမ်းမြောက်ဝမ်းသာ ကူညီမစလော့။

## (ဃ) ___ စိတ်ရှုပ်ထွေးစေသော အခြေအနေများမှ ရှောင်ရှားပါ။

**ရှင်မာကုဧဝံဂေလိကျမ်း ၆း၃၁။** ကိုယ်တော်ကလည်း “လူသူကင်းဝေးရာအရပ်သို့ အခြားသူမပါဘဲ သွားကြ၍ ခေတ္တအနားယူ ကြလော့”ဟု သူတို့အား မိန့်တော်မူ၏၊ အကြောင်းမူကား သူတို့ထံ ဝင်ထွက်နေကြသောသူတို့အမှာ များပြားလှသောကြောင့် တပည့်တော်တို့သည် အစာစားရန်ပင် အချိန်ပင်မရကြချေ။

## (c) _ _ _ သင့်ကိုယ်ခန္ဓာကို ဂရုစိုက်ပါ။

### နိဂုံးချုပ်လေ့ကျင့်ခန်း

**ဆာလံကျမ်း ၁။** ဆိုးယုတ်သောသူတို့၏ အကြံဉာဏ်ကိုငြင်းပယ်လျက် အပြစ်ကျူးလွန်သောသူတို့၏ လမ်းစဉ် ကိုမလိုက်သည့်အပြင် ဘုရားမဲ့သို့တို့နှင့်လည်း မိတ်ဖွဲ့ခြင်းမပြုသောသူသည်မင်္ဂလာရှိ၏။ သူသည် ထာဝရဘုရားသခင်၏ပညတ်တော်၌မွေ့လျော်၍ ကိုယ်တော်၏ ပညတ်တရားကို နေ့ညမပြတ် ဆင်ခြင်အောက်မေ့တတ်၏။ ဤသူသည်ကား စမ်းချောင်းအနီးတွင် စိုက်ထား၍ အသီးသီးချိန်တန်လျှင် အသီးကိုသီးပြီး အရွက်မညှိုးနွမ်းတတ်သောအပင်နှင့် တူ၏။ ဤသူပြု လုပ်သမျှသောအမှုကိစ္စတို့သည် အောင်မြင်တတ်၏။

ဆိုးယုတ်သောသူတို့မူကား ထိုကဲ့သို့မဟုတ်ဘဲ လေတိုက်ရာတွင် လွင့်ပါသွားတတ်သော ကောက်ရိုးမျှင်နှင့် တူကြ၏။ ထို့ကြောင့် အပြစ်ကျူးလွန်သူတို့သည် တရားစီရင်ဆုံးဖြတ်တော်မူသောကာလ၌ ရပ်တည်နိုင်ကြလိမ့်မည်မဟုတ်။ သူတို့သည် ဖြောင့်မတ်သောသူတို့၏ အစုအဝေးတွင် ပါဝင်ကြရလိမ့်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်သည် ဖြောင့်မတ်သောသူတို့ကို ကာကွယ်စောင့်ရှောက်တော်မူ၏။ သူဆိုးယုတ်တို့၏ လမ်းစဉ် မူကား ပျက်စီးခြင်းသို့ရောက်ရလိမ့်မည်။

၈။

# မိမိတို့၏ နာကျင်မှုများကို လက်ဝါးကားတိုင်သို့ ယူဆောင်လာခြင်း

### ၁။ သင့် စိတ်ဒဏ်ရာများကို ဖော်ထုတ်ပါ။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၈း၁၆-၁၇။** ထိုညနေတွင် လူတို့သည် နတ်ဆိုးစီးခြင်းခံရသူများစွာတို့ကို အထံတော်သို့ ခေါ်ဆောင်ခဲ့ကြရာ ကိုယ်တော်သည် အမိန့်တော်တစ်ခွန်းမျှဖြင့် နတ်ဆိုးတို့ကို နှင်ထုတ်၍ မကျန်းမာသူအားလုံးတို့ကိုလည်း ပျောက်ကင်းစေတော်မူ၏။ ထိုအကြောင်းအရာသည်ကား သူသည် ငါတို့၏ဖျားနာခြင်းများကို ယူဆောင်တော်မူ၍ ငါတို့၏ ရောဂါဝေဒနာများကို ခံထမ်း တော်မူ၏ဟူသော ပရောဖက်အီဇာယ၏ ဟောထားချက် ပြည့်စုံစေမည့်အကြောင်းဖြစ်သတည်း။

**ဟေရှာယအနာဂတ္တိကျမ်း ၅၃း၃-၄။** ငါတို့သည် သူ့အား စက်ဆုတ်ရွံရှာ၍ ပစ်ပယ်ထားကြ၏။ သူသည် ဆင်းရဲဒုက္ခနှင့် ဝေဒနာကိုခံရ၏။ သူ့ကိုလှည့်၍ပင်ကြည့်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိ။ ငါတို့သည် သူ့အားတန် ဖိုးမဲ့သူအလား လျစ်လျူရှု၍ ထားကြ၏။ သို့ရာတွင် သူသည် ငါတိုခံထိုက်သည့် ဆင်းရဲဒုက္ခကိုလည်း ကောင်း၊ ငါတိုခံရမည့် ဝေဒနာကိုလည်းကောင်း ခံပေသည်။ ယင်းသို့ သူ ခံစားလျက်နေရသည့် ဒုက္ခဝေဒနာကိုပင်လျှင်၊ သူ့အား ထာဝရဘုရားပေးအပ်သည့် အပြစ်ဒဏ်ဟု ငါတို့ထင်မှတ်ကြ၏။

**ရှင်လုကာဧဝံဂေလိကျမ်း ၄း၁၈-၁၉။** ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ရှိတော်မူ၏။ အကြောင်းမူကား ဆင်းရဲသား တို့အား ဝမ်းမြောက်စရာသတင်းကို ဟောပြောစေခြင်းငှာ ကိုယ်တော်သည်ငါ့ကို ဆီဖြင့် လိမ်းကြံတော်မူပြီ။ ချုပ်နှောင်ခံရသော သူတို့အား လွတ်ငြိမ်းခြင်းကိုကြေညာရန်နှင့် မျက်စိ မမြင်သောသူတို့အား မျက်စိအလင်းကိုပေးရန်လည်းကောင်း၊ ဖိနှိပ်ခံရသော သူတို့အားကယ်တင်စေခြင်းငှာလည်းကောင်း၊ ထာဝရဘုရားသခင်၏ကျေးဇူးတော်မင်္ဂလာနှစ်ကိုကြေညာရန်လည်းကောင်း ကိုယ်တော်သည် ငါ့ကိုစေလွှတ်တော်မူ၏။

**ရှင်လုကာဧဝံဂေလိကျမ်း ၄း၂၀-၂၁။** ထို့နောက် ယေရှုသည် ကျမ်းစာကိုလိပ်ပြီးလျှင် ယင်းကိုတရားဇရပ်မှူးအား ပြန်ပေး၍ ထိုင်တော်မူ၏။ တရားဇရပ်၌ရှိသောလူအပေါင်းတို့သည်လည်း ကိုယ်တော့်ကို စေ့စေ့ကြည့်နေကြ၏။ ထိုအခါ ကိုယ်တော်က ယခုသင်တို့ ကြားရသောကျမ်းစကားသည် ယနေ့ပင်ပြည့်စုံခြင်းသို့ရောက်လေပြီဟု မိန့်တော်မူ၏။

<u>(က) သင်၏ အပြင်းထန်ဆုံးသော စိတ်နာကျင်မှုများကို ရေးချပါ။</u>

<u>(ခ) သင့် စိတ်နာကျင်မှုများကို အဖွဲ့ငယ်တွင် ပြောပြပါ။</u>

### ၂။ သင့် စိတ်နာကျင်မှုများနှင့် စိတ်ဒဏ်ရာများကို သခင်ယေရှုးထံ ယူဆောင်လာ ပါ။

**ဟေရှာယအနာဂတ္တိကျမ်း ၅၃း၄-၆။** သို့ရာတွင် သူသည် ငါတိုခံထိုက်သည့် ဆင်းရဲဒုက္ခကိုလည်းကောင်း၊ ငါတို့ခံရမည့်ဝေဒနာကို လည်းကောင်း ခံပေသည်။ ယင်းသို့ သူခံစားလျက်နေရသည့် ဒုက္ခဝေဒနာကိုပင်လျှင်၊ သူ့အားထာဝရဘုရားပေးအပ်သည့် အပြစ်ဒဏ်ဟု ငါတို့ထင်မှတ်ကြ၏။ သို့နှင့်လည်းသူသည် ငါတို့၏ အပြစ်များအတွက် ထိုးနှက်သည့်ဒဏ်ရာများကို ရရှိလျက်၊ ငါတို့ပြုသည့် မကောင်းမှုများအတွက် ရိုက်နှက်ခြင်းကိုခံရ၏။ သူသည် ယင်းသို့ အပြစ်ဒဏ်ခံယူသည်ဖြစ်၍ ငါတို့သည် အပြစ်ဖြေလွှတ်ခွင့် ကို ရရှိကြ၏။ သူခံရသောဒဏ်ရာဒဏ်ချက်အား ဖြင့် ငါတို့သည် အနာပျောက်ကင်းခွင့်ကို ရရှိကြ၏။ ငါတို့ရှိသမျှသည် သိုးများ ကဲ့သို့လမ်းလွဲကာ မိမိတို့သွားလိုရာလမ်းသို့ လိုက်လျက်နေကြသဖြင့်၊ ထာဝရဘုရားသည် ငါတို့ခံယူထိုက်သည့် အပြစ်ဒဏ်ကို ထိုသူ၏ အပေါ်သို့တင်တော်မူ၏။

(က) သင့် စိတ်နာကျင်မှုတွေကို သခင်ယေရှုအား ပြောပြပါ။

(ခ) ___ သင့် စိတ်နာကျင်မှုအား လက်ဝါးကားတိုင်သို့ ယူဆောင်လာပါ။

(ဂ) ___ စာရွက်များကို မီးရှို့ပါ။

**ဟေရှာယအနာဂတ္တိကျမ်း ၆၁း၁-၃။** ထာဝရအရှင်ဘုရားသခင်သည် ငါ့ကိုတန်ခိုးနှင့် ပြည့်ဝစေတော်မူပြီ။ ဆင်းရဲသူတို့အတွက် သတင်းကောင်းကို ယူဆောင်ကာ၊ စိတ်နှလုံးကြေကွဲသူတို့၏ အနာရောဂါကို ပျောက်ကင်းစေ၍၊ ပြည်နှင်ဒဏ်ခံရသူများနှင့် အချုပ်အနှောင်ခံရသူတို့အား လွတ်ငြိမ်း ချမ်းသာခွင့်ကို ကြေညာရန်၊ ကိုယ်တော်သည် ငါ့ကို ရွေးချယ်စေလွှတ်တော်မူလေပြီ။ ထာဝရဘုရားသည် မိမိ၏လူမျိုးတော်အား ကယ်တင်တော်မူ၍ ရန်သူတို့အား ဖြိုခွင်းတော်မူသည့်အချိန် ကျရောက်ပြီဖြစ်ကြောင်း ကြေညာရန်ငါ့ကို စေလွှတ်တော်မူပြီ။ ဝမ်းနည်းပူဆွေးသူအပေါင်းတို့အား နှစ်သိမ့်မှုပေးရန်၊ ဇိအုန်မြို့တွင်ပူဆွေးဝမ်းနည်း နေသူတို့အား ပူဆွေးခြင်းအစား ဝမ်းမြောက်ခြင်းကိုလည်းကောင်း၊ ဝမ်းနည်းခြင်းအစား ထောမနာသီ ချင်းကိုလည်းကောင်းပေးရန်ကိုယ်တော်သည် ငါ့အားစေလွှတ်တော်မူပြီ။ သူတို့သည် ထာဝရဘုရား၏ဂုဏ်တော်ကို ထင်ရှားစေရန် ကိုယ်တော်တိုင်စိုက်တော်မူသော ဖြောင့်မတ် ခြင်းတည်းဟူသော ဝက်သစ်ချပင်များသဖွယ် စိုပြေဖွံ့ဖြိုးကြလိမ့်မည်။

**၃။ ဘုရားပြုခဲ့သော ကောင်းမြတ်သည့်အရာများကို ပြောပြပါ။**

# ၉။

# ကျွန်ုပ်တို့သည် သူတစ်ပါးကို မည်သို့ခွင့်လွှတ်နိုင်မည်နည်း။

### ၁။ စစ်မှန်သောခွင့်လွှတ်ခြင်းနှင့် ဟန်ဆောင်ခွင့်လွှတ်ခြင်း

### ၂။ ခွင့်လွှတ်ခြင်းမဟုတ်သည့် အရာများမှာ

### ၃။ ကျွန်ုပ်တို့သည် မည်သို့ခွင့်လွှတ်နိုင်မည်နည်း။

**ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂း၂၄။** ငါတို့အပြစ် မကျူးလွန်ကြတော့ပဲ ဖြောင့်မတ်ခြင်း၌ အသက်ရှင်ကြမည့်အကြောင်း ကိုယ်တော်သည် ငါတို့၏ အပြစ်ဒုစရိုက်များကို သစ်တိုင်ပေါ်တွင် ကိုယ်တော်တိုင်ခံထမ်းတော်မူ၏။ ကိုယ်တော်၏ ဒဏ်ရာတော်များ အားဖြင့် သင်တို့သည် ပျောက်ကင်း ချမ်းသာရခဲ့ကြပြီ။

**(က) စိတ်နာကျင်မှုများကို ခရစ်တော်ထံ ယူဆောင်လာပါ။**

**ဧဖက်ဆုဩဝါဒစာ ၄း၂၅။** ထို့ကြောင့် လူတိုင်းသည် မုသားပြောခြင်းကို စွန့်လွှတ်ကြ၍ မိမိနှင့်နီးစပ်သောသူအား မှန်သောစကားကို ပြောဆိုကြလော့။ အကြောင်းမူကား ငါတို့သည် တစ်ဦးနှင့်တစ်ဦး ဆက် နွယ်လျက်ရှိကြသောကြောင့်ဖြစ်၏။

**(ခ) ပြစ်မှားကျူးလွန်သောသူတို့ လာတောင်းပန်မည့် အချိန်ကို မစောင့်ပါနှင့်။**

**ရောမဩဝါဒစာ ၅း၈။** သို့ရာတွင် ငါတို့သည် အပြစ်သားများဖြစ်နေသောအခါ၌ပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူ ခြင်းဖြင့် ဘုရားသခင်သည် ငါတို့အပေါ်ထားရှိသော သူ၏ချစ်ခြင်းမေတ္တာကို ပြသနော်မူ၏။

**ရှင်လုကာဧဝံဂေလိကျမ်း ၂၃း၃၄။** အိုအဖ၊ သူတို့ကို ခွင့်လွှတ်တော်မူပါ။ အကြောင်းမူကား သူတို့ပြုသောအရာကို သူတို့မသိကြပါ။

**(ဂ) အပြီးအပိုင်ခွင့်လွှတ်နိုင်ရန် အချိန်ယူရပါမည်။**

**(ဃ) အပြစ်ကျူးလွန်ခဲ့သူသည် ခံသင့်သောတရားစီရင်မှုကို ခံယူရမည်။**

**ရောမဩဝါဒစာ ၁၂း၁၉-၂၁။** ချစ်မိတ်ဆွေတို့၊ မည်သည့်အခါမျှ လက်စားချေခြင်းမပြုကြနှင့်။ ဘုရားသခင်သာလျှင် အပြစ်ဒဏ် စီရင် တော်မူပါစေ။ အကြောင်းမူကား လက်စားချေခြင်းသည် ငါနှင့်ဆိုင်၏။ အပြစ်နှင့်အလျောက် ငါပြန်၍စီရင်မည်ဟု ထာဝရဘုရားသခင် မိန့်တော်မူ၏ဟူ၍ ကျမ်းစာတော်မြတ်၌ ရေးထား၏။ ထို့ကြောင့် သင်၏ရန်သူသည် ဆာလောင်နေလျှင် သူ့အား အစား အစာကျွေးလော့။ သူရေငတ်လျှင် သူ့အား သောက်စရာပေးလော့။ အကြောင်းမူကား သင်သည် ထိုသို့ပြုခြင်းဖြင့် သူ၏ဦးခေါင်းပေါ်၌ မီးခဲကိုပုံထားသကဲ့သို့ ဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ သူသည် သင့်အပေါ် ပြုမူခဲ့သောအရာအတွက် မိမိကိုယ်ကို အရှက်ရလိမ့်မည်။ မကောင်း မှုသည် သင်တို့ကိုအနိုင်မယူစေနှင့်။ ကောင်းကျိုးပြုခြင်းအားဖြင့် မကောင်းမှုကို အနိုင်ယူကြလော့။

**ရောမဩဝါဒစာ ၁၃း၁-၄။** လူတိုင်းသည် အုပ်ချုပ်သူအစိုးရမင်းတို့ကို ကျိုးနွံနာခံကြပါစေ။ အကြောင်းမူကား ဘုရား သခင်ထံတော်မှ မဟုတ်လျှင် မည်သည့်အစိုးရမင်း၏ဩဇာအာဏာမျှ မတည်နိုင်။ တည်ရှိနေ သောအစိုးရတို့သည် ဘုရားသခင်အားဖြင့် ခန့်ထားခြင်း ခံရ၏။ ထို့ကြောင့် အုပ်ချုပ်သူများကို ဆန့်ကျင်သောသူသည် ဘုရားသခင်စီမံတော်မူရာကို ဆန့်ကျင်သောသူဖြစ်၍ ထိုသို့ ဆန့်ကျင် သောသူတို့သည် စီရင်ခြင်းခံရလိမ့်မည်။ အကြောင်းမူကား ကောင်းမှုပြုလုပ်သောသူတို့အတွက် အုပ်ချုပ်သူတို့သည် ကြောက်ရွံ့စရာ မဟုတ်ပေ။ ဆိုးသွမ်းသောသူတို့သာလျှင် ထိုသူတို့ကို ကြောက်ရွံ့၏။ သင်သည် အုပ်ချုပ်သောသူကို မကြောက်ရွံ့ဘဲ နေလိုသလော။ သို့ဖြစ်လျှင် ကောင်းမှုကိုပြုလော့။ ထိုအခါ သင်သည် သူ၏ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ အကြောင်းမူကား သူသည် သင်တို့၏ ကောင်းကျိုးကိုရည်ရွယ်သော ဘုရားသခင်၏အစေခံဖြစ်၏။ သို့သော် သင်တို့သည် မကောင်းသောအကျင့်ကိုကျင့်လျှင် ကြောက်ရွံ့

ခြင်းရှိကြလော့။ အကြောင်းမူကား သူသည်မကောင်းမှုပြုသောသူတို့အား ထိုက်သင့်သောအပြစ်ဒဏ် ပေးမည့် ဘုရားသခင်၏ အစေခံဖြစ်၏။

**တရားဟောရာကျမ်း ၅း၅-၇။** ထိုအခါ သင်တို့သည် မီးကိုကြောက်၍ တောင်ပေါ်သို့မတက်ဝံ့သောကြောင့် ငါသည် ထာဝရဘုရား၏ အမိန့်တော်ကိုဆင့်ဆိုခြင်းငှါ ထာဝရဘုရားနှင့် သင်တို့စပ်ကြားမှာ ရပ်နေ၏။ မိန့်မြွက်တော်မူသောစကားဟူမူကား ငါသည် သင့်ကို ကျွန်ခံနေရာအဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါမှတပါးအခြားသောဘုရားကို မကိုး ကွယ်နှင့်။

**ကော်လောဆဲသြဝါဒစာ ၁း၂၀-၂၂။** ဘုရားသခင်သည် မြေကြီးပေါ်၌ဖြစ်စေ၊ ကောင်းကင်၌ဖြစ်စေ ရှိသမျှသောအရာအားလုံးကို ကိုယ်တော်အားဖြင့် မိမိနှင့်ပြန်လည်ကျေအေးစေခြင်းငှာ ကိုယ်တော်၏လက်ဝါးကားတိုင်ပေါ်မှ အသွေးတော်အားဖြင့် ငြိမ်းချမ်း ခြင်းကို ဖြစ်စေတော်မူ၏။ သင်တို့သည် တစ်ချိန်တစ်ခါက ဆိုးညစ်သောအမှုများကို ပြုကျင့်လျက် ဘုရားသခင်နှင့်ကင်းကွာ၍ ရန်လို စိတ်ရှိခဲ့ကြ၏။ ယခုအခါတွင် ကိုယ်တော်သည် မိမိ၏အသွေးအသားခန္ဓာကိုယ်၌ အသေခံတော်မူခြင်းဖြင့် သင်တို့နှင့် ပြန်လည် ကျေအေးသင့်မြတ်ခဲ့ပြီး သင်တို့ကို ဘုရားသခင်၏ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာခဲ့၏။ ထိုအခါ သင်တို့သည် သန့်ရှင်းဖြူစင်၍ အပြစ်တင်ခြင်းမှကင်းလွတ်ကြလိမ့်မည်။

## ၄။ ဘုရားသခင်သည် အဘယ်ကြောင့် သူတစ်ပါးကို ခွင့်လွှတ်စေလိုပါသနည်း။

### (က) ခွင့်လွှတ်ခြင်းဖြင့် အမျက်ဒေါသနှင့် ခါးသီးမှုတို့မှ လွတ်မြောက်စေပါသည်။

**ဧဖက်ဆုသြဝါဒစာ ၄း၂၆-၂၇။** သင်တို့သည် အမျက်ထွက်ကြလျှင်ပင် အပြစ်မကျူးလွန်မိကြစေနှင့်။ နေမဝင်မီ သင်၏အမျက်ကို ငြိမ်း စေလော့။ ဆာတန်နတ်ဆိုးအား အခွင့်အရေးမပေးကြလေနှင့်။

**ကော်ရိန္သုသြဝါဒစာ ဒုတိယစောင် ၂း၁၀-၁၁။** သင်တို့ခွင့်လွှတ်သောသူ မည်သူ့ကိုမဆို ငါသည်လည်းခွင့်လွှတ်၏။ အကယ်၍ ငါသည် တစ်စုံတစ်ရာကို ခွင့်လွှတ်ခဲ့ပါလျှင် သင်တို့၏မျက်နှာကိုထောက်၍ ခရစ်တော်ရှေ့တော်၌ ထိုအရာကို ခွင့်လွှတ်ခဲ့ခြင်းဖြစ်၏။ သို့မှ သာလျှင် ဆာတန်သည် ငါတို့အပေါ်အသာစီးမရစေရန် ငါတို့တားဆီးနိုင်ပေလိမ့်မည်။ အကြောင်းမူကား ငါတို့သည် ဆာတန်၏ အကြံ အစည်များကို သိကြသောကြောင့်တည်း။

**ဟေဗြဲဦးသြဝါဒစာ ၁၂း၁၄-၁၅။** လူတိုင်းနှင့် ငြိမ်းချမ်းစွာ နေနိုင်ရန် ကြိုးစားကြလော့။ မွန်မြတ်သန့်ရှင်းရန်လည်း ကြိုးစားကြလော့။ မွန်မြတ်သန့်ရှင်းမှုမရှိလျှင် မည်သူမျှ ဘုရားသခင်ကို ဖူးမြင်ရလိမ့်မည်မဟုတ်။ မည်သူမျှ ဘုရားသခင်၏ကျေးဇူးတော်ကို မခံစားရဘဲ မရှိစေနှင့်။ ခါးသီးသောအမြစ်မှ အပင်ပေါက်လာပြီး အနှောက်အယှက်မပေးရန်လည်း သတိပြုကြလော့။ ယင်းသည် များစွာသော လူတို့အား ညစ်ညူးစေနိုင်၏။

### (ခ) ခွင့်လွှတ်ပေးခြင်းဖြင့် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို လက်ခံရရှိစေသည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၆း၁၄-၁၅။** အကြောင်းမူကား သင်တို့သည် လူတို့၏အပြစ်များကို ခွင့်လွှတ်ကြလျှင် ကောင်းကင်ဘုံ၌ ရှိ တော်မူသော သင်တို့၏အဖသည်လည်း သင်တို့ကို ခွင့်လွှတ်တော်မူလိမ့်မည်။ သို့သော် သင်တို့သည် လူတို့၏အပြစ်များကို ခွင့် မလွှတ်ကြလျှင် သင်တို့အဖသည်လည်း သင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်မဟုတ်။

**ရှင်မာကုဧဝံဂေလိကျမ်း ၁၁း၂၅။** ထို့အတူ သင်တို့သည် မတ်တတ်ရပ်လျက်ဆုတောင်းမေတ္တာပြုသည့်အခါတိုင်း သူတစ်ပါးအပေါ် အပြစ်တင်စရာတစ်စုံတစ်ခုရှိနေပါက ခွင့်လွှတ်ကြလော့။ သို့မှသာ ကောင်းကင်ဘုံ၌ရှိ တော်မူသော သင်တို့၏အဖသည်လည်း သင်တို့ ၏အပြစ်များကို ခွင့်လွှတ်တော်မူလိမ့်မည်။

## (ဂ) ___ခွင့်လွှတ်ပေးခြင်းဖြင့် ခရစ်တော်အသေခံခဲ့ခြင်းနှင့် ကယ်တင်ခြင်းတရားကို နားလည် သဘောပေါက်ကြောင်း ဖော်ပြသည်။

**ရှင်ယောဟန်သြဝါဒစာ ပထမစောင် ၄း၁၀။** ဤအမှုအရာတွင် ချစ်ခြင်းမေတ္တာတည်ရှိလေ၏။ ထိုချစ်ခြင်းမေတ္တာသည်ကား ငါတို့က ဘုရားသခင်ကို ချစ်ခြင်းမဟုတ်ဘဲ။ ဘုရားသခင်က ငါတို့ကိုချစ်တော်မူ၍ မိမိ၏သားတော်ကို ငါတို့၏အပြစ်များအတွက် အပြစ်ဖြေရာယဇ်တော်အဖြစ် စေလွှတ်တော်မူခဲ့ခြင်းပင်ဖြစ် ၏။

**ဧဖက်ဆုသြဝါဒစာ ၄း၃၂။** တစ်ဦးကိုတစ်ဦး သနားကြင်နာ၍ ညှာတာကြလော့။ ဘုရားသခင်သည် ခရစ်တော်၌သင်တို့ကို ခွင့်လွှတ်တော်မူသကဲ့သို့ သင်တို့သည်လည်း တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ကြလော့။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၈း၂၁-၃၅။** ထိုအခါ ပေတရုသည် အထံတော်သို့ချဉ်းကပ်၍ သခင်ဘုရား တပည့်တော်၏ ညီအစ်ကိုသည် တပည့်တော်ကိုပြစ်မှားလျှင် သူ၏အပြစ်ကို အကြိမ်မည်မျှခွင့်လွှတ်ရပါမည်နည်း။ ခုနစ်ကြိမ်တိုင်အောင်လောဟု မေးလျှောက်လေ၏။ ယေဇူးက ခုနစ်ကြိမ်တိုင်အောင်မဟုတ်၊ အကြိမ်ခုနစ်ဆယ်ခုနစ်လီတိုင်အောင် ခွင့်လွှတ်ရမည်ဟု သင့်အားငါဆို၏။

ထို့ကြောင့် ကောင်းကင်နိုင်ငံတော်ကို မိမိအစေခံများနှင့် စာရင်းရှင်းလိုသည့် ဘုရင်တစ်ပါးနှင့် ပုံဥပမာခိုင်းနှိုင်းနိုင်၏။ သူသည် စာရင်းစရှင်းသောအခါ တာလင်တစ်သောင်းအကြွေး တင်သောသူတစ်ယောက်ကို ရှေ့တော်သို့ခေါ်ဆောင်ခဲ့ကြ၏။ ထိုသူသည် အကြွေးမဆပ်နိုင်သောကြောင့် သူ၏သခင်က ထိုသူနှင့်အတူသူ၏သားမယားနှင့် ဥစ္စာပစ္စည်းရှိသမျှကို ရောင်း ချ၍ အကြွေးကိုဆပ်ရမည်ဟု သူ့အား အမိန့်ချမှတ်လေ၏။ ထိုအခါ ထိုအစေခံသည် ဒူးတုပ်ပျပ်ဝပ်လျက် သူ့အား အကျွန်ုပ်ကိုသည်းခံတော်မူပါ။ ရှိသမျှကို အကျွန်ုပ်ပေးဆပ်ပါမည်ဟု တောင်းပန်လေ၏။ ထိုအစေခံ၏သခင်သည်လည်း သနားသောစိတ်ဖြင့် သူ့ကိုလွှတ်ကာ သူ၏အကြွေးကိုလည်း စာရင်းမှပယ်ဖျက်လိုက်လေ၏။ ထိုအစေခံသည်ကား ထွက်သွားစဉ် မိမိအပေါ်၌ ဒေနာရီတစ်ရာအကြွေးတင်သော အစေခံ အဖော်တစ်ယောက်ကိုတွေ့လျှင် ထိုသူ၏လည်ပင်းကိုညှစ်လျက် ငါ့အားသင်ပေးဆပ်ရန်ရှိသည်ကို ပေးလော့ဟုဆို၏။ ထိုအခါ သူ၏ အစေခံအဖော်ကလည်း ပျပ်ဝပ်လျက် အကျွန်ုပ်ကိုသည်းခံပါ၊ အကြွေးရှိသမျှကို အကျွန်ုပ်ဆပ်ပါမည်ဟု သူ့အားတောင်းပန်လေ၏။ သို့သော်သူသည် လက်မခံဘဲ ထိုသူအကြွေးဆပ်သည့်တိုင်အောင် သူ့ကို ထောင်ထဲ၌အကျဉ်းချထားလေ၏။ ဤဖြစ်ရပ်ကို သူ၏အခြားအစေခံအဖော်တို့မြင်သောအခါ အလွန်ဝမ်းနည်းကြသဖြင့် မိမိတို့၏သခင်ထံသို့သွားပြီးလျှင် ဖြစ်ပျက်သမျှကို လျှောက်ထားကြလေ၏။ ထိုအခါ သူ၏သခင်သည် သူ့ကိုခေါ်၍ ဆိုးယုတ်သောကျွန် သင်သည်ငါ့ကိုတောင်းပန်သောကြောင့် ငါသည် သင်၏အကြွေးကိုလွှတ်ခဲ့လေပြီ။ ငါသည် သင့်ကိုသနားသကဲ့သို့ သင်သည်လည်း သင်၏အစေခံအဖော်ကို မသနားအပ်သလောဟု မိန့်တော်မူ၏။ ထို့နောက် သူ၏သခင်သည် အမျက်ထွက်၍ ထိုအစေခံအား သူ၏အကြွေးအားလုံးပေးဆပ်သည့်တိုင်အောင် အကျဉ်းချထားရန် အာဏာသားတို့၏လက်သို့ အပ်လိုက်လေ၏။ သင်တို့သည်လည်း မိမိညီအစ်ကိုတို့၏အပြစ်ကို အတွင်းစိတ်မှခွင့်မလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဖသည်လည်း သင်တို့အသီးသီးကို ထိုနည်းတူစီရင်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏။

## (ဃ)___ခွင့်လွှတ်ပေးခြင်းဖြင့် ကျွန်ုပ်တို့ကို ပြစ်မှားကျူးလွန်သောသူများနှင့် ပြန်လည်သင့်မြတ်စေသည်။

## (င)___ခွင့်လွှတ်ပေးခြင်းဖြင့် ပြစ်မှားကျူးလွန်သူများ၏ ဘဝအသက်တာကို ပြောင်းလဲစေပါ သည်။

**တမန်တော်ဝတ္ထု ၇း၅၉-၈း၁။** ထိုသူတို့သည် မိမိကို ကျောက်ခဲနှင့်ပစ်ပေါက်နေကြစဉ် စတေဖနုက၊ အိုယေဇူးသခင် အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းပိုက်တော်မူပါဟု ဆုတောင်းလေ၏။ ထို့နောက် သူသည် ဒူးထောက်လျက် အိုသခင်ဘုရား သူတို့ပြုကြသောအပြစ်ကို မှတ်တော်မမူပါနှင့်ဟု ကျယ် လောင်သောအသံဖြင့် ကြွေးကြော်ပြီးမှ လဲကျ၍သေဆုံးလေ၏။

ဆောလုသည်လည်း စတေဖနုအသတ်ခံရခြင်း၌ အလိုတူအလိုပါဖြစ်၏။ ထိုနေ့ရက်၌ ဂျေရုဆလင်မြို့ရှိအသင်းတော်၌ ကြီးစွာသော ညှင်းပန်းနှိပ်စက်ခြင်း ဖြစ်ပေါ်သဖြင့် တမန်တော်ကြီးတို့မှအပ ယုံကြည်သူအားလုံးသည် ဂျူဒေးယနှင့်ဆမာရိယနယ်တစ်လျှောက် ကွဲလွင့်သွားကြ၏

## ၅။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သူများဖြစ်ပါက မည်သို့ပြုရမည်နည်း။

### (က) နောင်တရရန် လိုသည်။

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၇း၁ဝ။** ဘုရားသခင်၏ အလိုတော်အရဖြစ်သော ဝမ်းနည်းခြင်းသည် နောင်တတရားကို ဖြစ်ပေါ်စေပြီး ကယ်တင်ခြင်းသို့ပို့ဆောင်သဖြင့် ယင်းအတွက် စိတ်ထိခိုက်ရခြင်းမရှိပေ။ လောကနှင့် ဆိုင်သော ဝမ်းနည်းခြင်းမူကား သေခြင်းကို ဖြစ်ပေါ်စေ၏။

**ပညာအလိမ္မာကျမ်း ၂၈း၁၃။** မိမိ၏အပြစ်နှင့်မကောင်းမှုကို ဖုံးကွယ်ထားသောသူသည် ကြီးပွားချမ်းသာလိမ့်မည်မဟုတ်။ မိမိ၏အပြစ်ကိုဝန်ခံ၍ စွန့်လွှတ်သောသူသည် သနားကရုဏာကို ခံစားရလိမ့်မည်။

**ဆာလံကျမ်း ၃၂း၃-၅။** အကျွန်ုပ်သည် အကျွန်ုပ်၏အပြစ်များကို ဖော်ပြဝန်ခံခြင်းမပြုသောအခါ တစ်နေ့လုံးညည်း တွားရခြင်းကြောင့် အကျွန်ုပ်၏ခန္ဓာကိုယ်သည် အင်အားကုန်ခန်းခဲ့ရပါ၏။ ကိုယ်တော်၏ရွှေလက်တော်သည် အကျွန်ုပ်အပေါ်တွင် နေ့ရောညပါ လေးလံစွာရှိခဲ့ပါ၏။ သို့ဖြစ်၍ နွေရာသီအပူရှိန်ကြောင့် အစိုဓာတ်သည်ခန်းခြောက်သကဲ့သို့ အကျွန်ုပ်၏ခွန်အားသည်လည်း ခန်းခြောက်ခဲ့ရပါ၏။ အကျွန်ုပ်သည် အကျွန်ုပ်၏အပြစ်ကို ကိုယ်တော့်ထံတွင် ဝန်ခံခဲ့ပါ၏။ အကျွန်ုပ်၏မကောင်း မှုကို ဖုံးကွယ်၍မထားခဲ့ပါ။ ငါ၏အပြစ်ကျူးလွန်မှုများအတွက် ထာဝရဘုရားသခင်ထံတော်သို့ ငါဝန်ချတောင်းပန်ပါမည်ဟု မိမိကိုယ်ကို ပြောဆိုသောအခါ ကိုယ်တော်သည် အကျွန်ုပ်ကို အပြစ်၏အနှောင်အဖွဲ့မှ ဖြေလွှတ်တော်မူ၏။

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၁း၉။** ငါတို့သည် မိမိတို့၏အပြစ်များကို ဝန်ခံကြလျှင် ကိုယ်တော်သည် သစ္စာတည်တော်မူ၍ တရား မျှတသဖြင့် ငါတို့၏အပြစ်များကို ခွင့်လွှတ်ပြီးလျှင် ငါတို့အား မကောင်းမှုအပေါင်းမှ စင်ကြယ်စေတော်မူလိမ့်မည်။

**ရှင်ယာကုပ်ဩဝါဒစာ ၅း၁၆။** ထို့ကြောင့် သင်တို့သည် တစ်ဦးနှင့်တစ်ဦး အပြစ်များကိုဝန်ခံကြလျက် အချင်းချင်းဆုတောင်းပေးကြလော့။ ဤသို့ပြုလျှင် သင်တို့သည် ပျောက်ကင်းချမ်းသာရကြလိမ့်မည်။ ဖြောင့်မတ်သောသူ၏ဆုတောင်းပတ္ထနာ၌ ကြီးမားသော တန်ခိုးသက်ရောက်မှုရှိ၏။

**တမန်တော်ဝတ္ထု ၂၆း၂ဝ။** ပထမဦးစွာ ဒါမစကုမြို့သားများအားလည်းကောင်း၊ ထို့နောက် ဂျေရုဆလင်မြို့မှစ၍ ဂျူဒေးယပြည်တစ်ပြည်လုံးရှိလူများနှင့် လူမျိုးခြားတို့အားလည်းကောင်း ဟောပြောပြီး သူတို့ သည် နောင်တရကြ၍ ဘုရားသခင်ထံသို့ ပြောင်းလဲရမည်။ နောင်တတရားနှင့်ဆိုင်သောအကျင့်များကို ကျင့်ရမည်ဟူ၍ ကြွေးကြော်ခဲ့ပါသည်။

**တောလည်ရာကျမ်း ၅း၅-၇။** တဖန် မောရှေအား ထာဝရဘုရားက သင်သည် ဣသရေလအမျိုးသားတို့အားဆင့်ဆိုရမည်မှာ လူပြုတတ်သောဒုစရိုက်ကိုပြု၍ ထာဝရဘုရားကိုပြစ်မှားသဖြင့် အပြစ်ရောက်သောယောကျာ်းမိန်းမသည် ထိုအပြစ်ကိုဘော်ပြ၍ တောင်းပန်ရမည်။ ပြစ်မှားသောအတွက် ငါးစုတစုကိုထပ်၍ ပြစ်မှားခံသောသူအား ပေးရမည်။

### (ခ) လူတို့နောင်တရရန် အသင်းတော်အနေဖြင့် လူတို့ကို မည်သို့ကူညီနိုင်မည်နည်း။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၅း၁-၃။** ငါသည် လုပ်ဖော်ကိုင်ဖက်အကြီးအကဲတစ်ဦးအနေဖြင့်လည်းကောင်း၊ ခရစ်တော်၏ဒုက္ခဝေဒနာခံခြင်းတို့ကို သက်သေခံသူတစ်ဦးအနေဖြင့်လည်းကောင်း၊ ထင်ရှားတော်မူမည့် ဘုန်းဂုဏ်တော်၌ ပါဝင်ခံစားရ မည့်သူတစ်ဦးအနေဖြင့်လည်းကောင်း သင်တို့အထဲမှ အကြီးအကဲ ခေါင်းဆောင်များကို တိုက်တွန်းနှိုးဆော်လိုက်ပါ၏။ သင်တို့အား အပ်ထားသော ဘုရားသခင် ၏သိုးစုကို ထိန်းသိမ်းစောင့်ရှောက်ကြလော့။ ထိုသို့လုပ်ဆောင်ရာတွင်လည်း ဝတ္တရားအရပြုလုပ်ခြင်းမျိုး မဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရသကဲ့သို့ ဝမ်းမြောက်စွာလုပ်ဆောင်ကြလော့။ မသန့်ရှင်းသော ငွေကြေးအတွက်ဟူ၍မဟုတ်ဘဲ သင်ကိုယ်တိုင်က စိတ်အားထက်သန်စွာလုပ်ဆောင်လိုသောစိတ်ဖြင့် စောင့်ရှောက်ထိန်းသိမ်းကြလော့။ သင်တို့အား အပ်နှံထားသောသိုးစုအပေါ် အာဏာဖြင့်မအုပ်စိုးဘဲ သိုးစုအတွက် ပုံသက်သေကောင်းပြသူဖြစ်စေကြလော့။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၈း၁၅-၁၇။** သင်၏ညီအစ်ကိုသည် သင့်ကိုထိခိုက်ပြစ်မှားမိလျှင် သူ့ထံသို့သွား၍ နှစ်ဦးတည်းတွေ့ဆုံဆုံးမလော့။ သင်၏စကားကို သူနားထောင်လျှင် သင်သည် သင်၏ညီအစ်ကိုကို ပြန်ရလေပြီ။ သို့သော် သူသည် စကားကို နားမထောင်လျှင် အခြားတစ်ဦး သို့မဟုတ် နှစ်ဦးတို့ကို သင်နှင့်အတူခေါ်သွားလော့။ သို့မှသာ နှစ်ဦးသို့မဟုတ် သုံးဦးတို့၏သက်သေအား

ဖြင့် သင်ပြောသမျှစကားတို့သည် အတည်ဖြစ်လိမ့်မည်။ အကယ်၍ သူသည် ထိုသူတို့၏စကားကိုလည်း နားမထောင်လျှင် ထို အကြောင်းကို အသင်းတော်အားပြောကြားလော့။ သူသည် အသင်းတော်၏စကားကိုလည်း နားမထောင်လျှင် သူ့အား လူမျိုးခြား တစ်ယောက် သို့မဟုတ် အခွန်ခံသူတစ်ယောက်ကဲ့သို့ သတ်မှတ်လော့။

**ဂလာတိဆီယာသြဝါဒစာ ၆း၁။** ညီအစ်ကိုတို့ လူတစ်ယောက်အပြစ်ကျူးလွန်နေသည်ကိုတွေ့လျှင် ဝိညာဉ်တော်၏ ကျေးဇူးကို ရရှိထား သော သင်တို့သည် နူးညံ့သိမ်မွေ့သောစိတ်ထားနှင့် ထိုသူကို ပြန်လည်ထိန်းကြောင်းပဲ့ပြင်ပေးသင့်၏။ သင်တို့ကိုယ်တိုင်သည်လည်း အပြစ်သို့သွေးဆောင်ခြင်း မခံရစေရန် သတိပြုကြလော့။

## နိဂုံးချုပ်လေ့ကျင့်ခန်း

**ဧဖက်ဆုသြဝါဒစာ ၄း၃၂။** တစ်ဦးကိုတစ်ဦး သနားကြင်နာ၍ ညှာတာကြလော့။ ဘုရားသခင်သည် ခရစ်တော်၌ သင်တို့ကို ခွင့်လွှတ် တော်မူသကဲ့သို့ သင်တို့သည်လည်း တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ကြလော့။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၈း၂၁-၂၂။** ထိုအခါ ပေတရုသည် အထံတော်သို့ချဉ်းကပ်၍ သခင်ဘုရား၊ တပည့်တော်၏ ညီအစ်ကို သည် တပည့်တော်ကိုပြစ်မှားလျှင် သူ၏အပြစ်ကို အကြိမ်မည်မျှခွင့်လွှတ်ရပါမည်နည်း။ ခုနစ်ကြိမ်တိုင်အောင်လောဟု မေးလျှောက် လေ၏။ ယေရှုက ခုနစ်ကြိမ်တိုင်အောင်မဟုတ်၊ အကြိမ်ခုနစ်ဆယ် ခုနစ်လီတိုင်တောင် ခွင့်လွှတ်ရမည်ဟု သင်အား ငါဆို၏။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၈း၃၅။** သင်တို့သည်လည်း မိမိညီအစ်ကိုတို့၏အပြစ်ကို အတွင်းစိတ်မှခွင့်မလွှတ်လျှင် ကောင်းကင် ဘုံ၌ရှိတော်မူသော ငါ၏အဖသည်လည်း သင်တို့အသီးသီးကို ထိုနည်းတူစီရင်တော်မူလိမ့် မည်ဟု မိန့်တော်မူ၏။

**ရောမသြဝါဒစာ ၁၂း၁၄။** သင်တို့ကို ညှဉ်းဆဲသောသူတို့ကို ကောင်းချီးပေးကြလော့။ သူတို့ကို မကျိန်ဆဲဘဲလည်း ကောင်းချီးပေး ကြလော့။

**ရှင်ယောဟန်သြဝါဒစာ ပထမစောင် ၁း၉။** ငါတို့သည် မိမိတို့၏အပြစ်များကို ဝန်ခံကြလျှင် ကိုယ်တော်သည် သစ္စာတည်တော်မူ၍ တရား မျှတသဖြင့် ငါတို့၏အပြစ်များကို ခွင့်လွှတ်ပြီးလျှင် ငါတို့အား မကောင်းမှုအပေါင်းမှ စင်ကြယ်စေတော်မူလိမ့်မည်။

# ၁၀။

# ပဋိပက္ခကြား၌
# ယုံကြည်သူ တစ်ဦးအဖြစ် အသက်ရှင်ခြင်း။

### ၁။ ပဋိပက္ခ အမျိုးအစားနှစ်ခု

### အသင်းတော်အတွင်းပဋိပက္ခ

**တမန်တော်ဝတ္ထု ၆း၁-၇။** ထိုကာလ၌ တပည့်တော်တို့၏အရေအတွက်သည် တိုးပွားလာလေ၏။ ထိုအခါ နေ့စဉ်အစား အစာဝေငှရာ၌ မိမိတို့ထဲမှ မုဆိုးမများသည် လျစ်လျူရှုထားခြင်းခံရသောကြောင့် ဂရိစကား ပြောသူတို့က ဟေဗြဲဦးစကားပြောဆိုသူတို့ကို အပြစ်တင်ကြ၏။ ထို့ကြောင့် တစ်ကျိပ်နှစ်ပါးတို့သည် တပည့်တော်အပေါင်းတို့ကို စုဝေးစေ၍ ဆိုကြသည်မှာ၊ ငါတို့သည် ဘုရားသခင် ၏နှုတ်တော်ထွက်စကားဟောပြောခြင်းအမှုကိုစွန့်၍ ကျွေးမွေးခြင်းအမှုကိုဆောင်ရွက်ရန် မသင့်လျော်ချေ။ ထို့ကြောင့် ညီအစ်ကိုတို့ သင်တို့ထဲတွင် ဂုဏ်သိက္ခာရှိ၍ ဝိညာဉ်တော်မြတ်နှင့်လည်းကောင်း၊ ပညာအမြော်အမြင်နှင့်လည်းကောင်း ပြည့်စုံသော သူ ခုနစ်ဦးကို ရွေးချယ်ကြလော့။ ငါတို့သည် ထိုသူတို့အား ဤတာဝန်ကိုထမ်းဆောင်ကြရန် ခန့်အပ်ထားမည်။ ငါတို့မူကား ဆုတောင်း ပတ္ထနာပြုခြင်းနှင့် နှုတ်တော်ထွက်စကားဟောပြောခြင်းအမှုတော်များ၌ သာ မြဲမြံစွာဆောင်ရွက်ကြမည်ဟု ဆိုကြ၏။ စုဝေးနေကြသူအားလုံးတို့သည် သူတို့ပြောသောစကားကို နှစ်သက်ကြသဖြင့် ယုံကြည်ခြင်းနှင့်လည်းကောင်း၊ ဝိညာဉ်တော်မြတ်နှင့် လည်းကောင်း ပြည့်စုံသော စတေဖာနု၊ ဖိလိပု၊ ပရိခိုရု၊ နိကာနော်၊ တီမွန်၊ ပါမေန၊ ဂျူးဘာသာထဲသို့ဝင်လာသော အန္တိယောခ့်မြို့သား နိကောလတို့ကို ရွေးချယ်ကြ၏။ သူတို့သည် ဤသူတို့ကို တမန်တော်တို့၏ရှေ့သို့ခေါ်ဆောင်လာကြ၍ တမန်တော်တို့သည်လည်း ဆုတောင်းပြီး မိမိတို့၏လက်များကို သူတို့အပေါ်သို့တင်ကြ၏။

ဘုရားသခင်၏နှုတ်တော်ထွက်စကားသည်လည်း ဆက်လက်၍ပျံ့နှံ့လေ၏။ ဂျေရုဆလင်မြို့၌လည်း တပည့်တော်တို့၏ အရေအတွက် သည် များစွာတိုးပွားလာလေ၏။ မြောက်များစွာသောရဟန်းတို့သည်လည်း ယုံကြည်ခြင်းကိုလိုက်နာကြ၏။

### လီဝီနှင့်အိုကီ ပဋိပက္ခ

### ၂။ လူမျိုးစုများအကြား ပဋိပက္ခဖြစ်စေသည့် အကြောင်းအရင်းတချို့သည် ဘယ် အရာများ ဖြစ်သနည်း။

**<u>(က) အရင်းအမြစ်များကို လိုချင်သောစိတ်</u>**

**ရှင်ယာကုပ်ဩဝါဒစာ ၄း၁-၃။** သင်တို့အလယ်တွင် စစ်ပွဲများနှင့်ခိုက်ရန်ဖြစ်ပွားခြင်းတို့ကို မည်သည့်အရာကဖြစ်ပေါ်စေသနည်း။ သင်တို့၏ကိုယ်အင်္ဂါများအတွင်း ပြိုင်ဆိုင်တိုက်ခိုက်နေကြသော သင်တို့၏ရမ္မက်ဆန္ဒများပင်မဟုတ်ပါလော။ သင်အလိုရှိသော အရာသည် သင်၌မရှိသဖြင့် သင်သည် သူ့အသက်ကိုသတ်၏။ ထို့အတူ သင်၌လိုချင်သောလောဘစိတ်ရှိပြီး သင်မရယူနိုင်သောအခါ သင်သည် တိုက်ခိုက်သတ်ပုတ်၏။ သင်သည် မတောင်းလျှောက်သောကြောင့်သာ မရရှိခြင်း ဖြစ်၏။ သင်သည် တောင်းလျှောက် သော်လည်း မရနိုင်သည်မှာ သင်၏ရမ္မက်ဆန္ဒများအတွက်အသုံးပြုရန် လွဲမှားစွာတောင်းလျှောက်သောကြောင့်ဖြစ်၏။

**<u>(ခ) ထိရောက်မှုမရှိသော (သို့) တရားမျှတမှုမရှိသော အုပ်ချုပ်မှု</u>**

**ရောမဩဝါဒစာ ၁၃း၁-၄။** လူတိုင်းသည် အုပ်ချုပ်သူအစိုးရမင်းတို့ကို ကျိုးနွံနာခံကြပါစေ။ အကြောင်းမူကား ဘုရားသခင်အထံ တော်မှ မဟုတ်လျှင် မည်သည့်အစိုးရမင်း၏ဩဇာအာဏာမျှ မတည်ရှိနိုင်။ တည်ရှိနေသောအစိုးရတို့သည် ဘုရားသခင်အားဖြင့် ခန့်ထားခြင်းခံရ၏။ ထို့ကြောင့် အုပ်ချုပ်သူများကို ဆန့်ကျင်သောသူသည် ဘုရားသခင်စီမံတော်မူရာကို ဆန့်ကျင်သောသူဖြစ်၍ ထိုသို့ ဆန့်ကျင်သောသူတို့သည် စီရင်ခြင်းခံရလိမ့်မည်။ အကြောင်းမူကား ကောင်းမှု ပြုလုပ်သောသူတို့အတွက် အုပ်ချုပ်သူတို့သည်

ကြောက်ရွံ့စရာမဟုတ်ပေ။ ဆိုးသွမ်းသောသူတို့သာလျှင် ထိုသူတို့ကို ကြောက်ရွံ့၏။ သင်သည် အုပ်ချုပ်သောသူကို မကြောက်ရွံ့ဘဲ နေလို သလော။ သို့ဖြစ်လျှင် ကောင်းမှုကိုပြုလော့။ ထိုအခါ သင်သည် သူ၏ချီးမွမ်းခြင်းကိုခံရလိမ့်မည်။ အကြောင်းမူကား သူသည် သင်တို့၏ ကောင်းကျိုးကိုရည်ရွယ်သော ဘုရား သခင်၏အစေခံပင်ဖြစ်၏။ သို့သော် သင်တို့သည် မကောင်းသောအကျင့်ကိုကျင့်လျှင် ကြောက်ရွံ့ခြင်းရှိကြလော့။ ကြောင်းမူကား သူသည် ဓားလက်နက်ကို အကျိုးမဲ့ဆောင်ထား သည်မဟုတ်။ သူသည် မကောင်းမှုပြုသော သူတို့အား ထိုက်သင့်သောအပြစ်ဒဏ်ပေးမည့် ဘုရားသခင်၏အစေခံဖြစ်၏။

**တိမောသီဦးသြဝါဒစာ ပထမစောင် ၂း၁-၂။** သင်တို့သည် ဘုရားသခင်ထံ အသနားခံခြင်း၊ ဆုတောင်းခြင်း၊ ကြားဝင် တောင်းလျှောက် ပေးခြင်း၊ ကျေးဇူးတင်ခြင်းတို့ကို လူအားလုံးတို့အတွက် ပြုလုပ်ပေးကြရန် ပထမဦးစွာ ငါတိုက် တွန်းနှိုးဆော်ပါ၏။ ငါတို့သည် တည်ငြိမ်၍ ငြိမ်းချမ်းသာယာသောအသက်တာကို လျှောက်လှမ်းလျက် ဘုရားတရားကြည်ညိုပြီး သင့်တင့်လျောက်ပတ်စွာ အသက်ရှင်နိုင်ကြစေခြင်းငှာ ဘုရင်များနှင့်ကြီးမြတ်သောနေရာကို ယူထားကြသောသူတို့အတွက် ဆုတောင်းပေးကြလော့။

## (ဂ) ___ပြဿနာဖန်တီးသူများ

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၅း၄၃-၄၈။** သင်နှင့်နီးစပ်သောသူကို ချစ်လော့။ သင်၏ရန်သူကို မုန်းလော့ဟူသော ပညတ်စကားရှိသည်ကို သင်တို့ကြားခဲ့ရလေပြီ။ သို့သော် သင်တို့အားငါဆိုသည်မှာ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို နှိပ်စက် ညှဉ်းဆဲသောသူတို့အတွက် ဆုတောင်းပေးကြလော့။ သို့မှသာ သင်တို့သည် ဆိုးသူနှင့်ကောင်းသူတို့အပေါ်၌ မိမိ၏နေကို ထွက်စေတော်မူ၍ ဖြောင့်မတ်သူ၊ မဖြောင့်မတ်သူတို့အပေါ်သို့ မိုးကိုရွာစေတော်မူသော ကောင်းကင်ဘုံ၌ရှိတော်မူသည့် သင်တို့အဖ၏သားသမီးများ ဖြစ်ကြလိမ့်မည်။ အကြောင်းမူကား သင်တို့သည် မိမိတို့အားချစ် သောသူများကိုသာ ချစ်ကြပါမူ အဘယ်အကျိုးကိုခံစားရမည်နည်း။ အခွန်ခံသောသူများပင်လျှင် ထိုနည်းတူပြုမူကြသည်မဟုတ်လော့။သင်တို့၏ညီအစ်ကိုများကိုသာ သင်တို့နှုတ်ဆက် ကြလျှင် သင်တို့သည် အခြားသူများထက် မည်သည့်ထူးခြားချက်ကို ပြုသနည်း။ လူမျိုးခြား တို့ပင်လျှင် ထိုနည်းတူပြုမူကြသည်မဟုတ်လော့။ ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိသော သင်တို့၏အဖသည် ကောင်းမွန်ပြည့်စုံတော်မူသည့်နည်းတူ သင်တို့သည်လည်း ကောင်းမွန်ပြည့်စုံခြင်းရှိကြလော့။

## (ဃ)___အခြေအမြစ်မရှိသော အယူစွဲများ အမွေခံခဲ့ရခြင်း

**တမန်တော်ဝတ္ထု ၁၀း၃၄။** ထိုအခါ ပေတရုသည် မိမိ၏နှုတ်ကိုဖွင့်၍ဆိုသည်ကား ဘုရားသခင်သည် မျက်နှာမလိုက် ကြောင်းကို ငါအမှန်တကယ်သိမြင်လေပြီ။

## ၃။ ပဋိပက္ခကြား၌ ယုံကြည်သူအနေဖြင့် မည်သို့အသက်ရှင်နိုင်ပါမည်နည်း။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၅း၁၃-၁၆။** သင်တို့သည် လောက၏ဆားဖြစ်ကြ၏။ ဆားမူကား ၎င်း၏အရသာကင်းမဲ့ခဲ့လျှင် ထိုအငန်ဓာတ်ကို မည်ကဲ့သို့ ပြန်လည်ရရှိနိုင်မည်နည်း။ ၎င်းသည် မည်သို့မျှ အသုံးမဝင်တော့ဘဲ အပြင်သို့ပစ်လိုက်၍ လူတို့၏ နင်းခြေခြင်းခံရရုံသာရှိပေတော့မည်။ သင်တို့သည် လောက၏အလင်းဖြစ်ကြ၏။ တောင်ပေါ်တွင်တည်ထားသောမြို့ကို ဝှက်ကွယ် ထား၍မရနိုင်။ မည်သူကမျှ ဆီမီးကိုထွန်း၍ တောင်းဇလားအောက်၌ ထားလေ့မရှိ။ ၎င်းကို ဆီမီးခုံပေါ်၌သာတင်ကြသဖြင့် ၎င်းသည် အိမ်သူ အိမ်သားအားလုံးကို အလင်းပေးလေ၏။ ဤနည်းတူပင် လူတို့သည် သင်တို့၏ကောင်းသောအကျင့်များကိုမြင်ကြ၍ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဖ၏ဘုန်းဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ သင်တို့၏အလင်းကို လူတို့ရှေ့တွင် ထွန်းလင်းစေကြလော့။

**ဖိလိပိသြဝါဒစာ ၂း၁၄-၁၆။** သင်တို့ပြုလုပ်သမျှတို့ကို မညည်းတွားမဝေဖန်ဘဲ ပြုမူဆောင်ရွက်ကြလော့။ ဤသို့ဖြင့် ကောက်ကျစ်၍ ဆိုးမိုက်သော လူမျိုးဆက်၏အလယ်တွင် အပြစ်အနာအဆာမရှိသောသင်တို့သည် အပြစ်တင်ခွင့်ကင်းလွတ်၍ ရိုးသားဖြူစင်သော ဘုရားသခင်၏သားသမီးများ ဖြစ်ကြလိမ့်မည်။ သင်တို့သည် ကမ္ဘာလောကတွင် ထွန်းလင်းသောကြယ်တာရာများကဲ့သို့ ထိုသူတို့အလယ်၌ထွန်းလင်းကြလျက် အသက်၏နှုတ်တော်ထွက်စကားကို ထိုသူတို့အား ဝေမျှပေးကြလော့။ သို့မှသာ ငါသည် အကျိုးမဲ့ ပြေးခဲ့ရခြင်း အပင်ပန်းခံခဲ့ရခြင်းမဟုတ်ကြောင်း ခရစ်တော်ကြွလာတော်မူသောနေ့ရက်၌ ဝမ်းမြောက်ဂုဏ်ယူနိုင်လိမ့်မည်။

**ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၇း၂၁။** ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြစေရန် ဆုတောင်းပါ၏။ အိုအဖ၊ ကိုယ်တော်သည် အကျွန်ုပ်၌လည်းကောင်း၊ အကျွန်ုပ်သည်လည်း ကိုယ်တော်၌လည်းကောင်း တည်ရှိသကဲ့သို့ သူတို့သည် တစ်လုံးတစ်ဝ

တည်းရှိကြပြီး အကျွန်ုပ်တို့၌လည်း တည်ရှိစေတော်မူပါ။ ဤသို့ဖြင့် ကိုယ်တော်သည် အကျွန်ုပ်အား စေလွှတ်တော်မူကြောင်းကို ဤလောက သည် ယုံကြည်ပါလိမ့်မည်။

**ရောမသြဝါဒစာ ၁၂း၁-၂။** ထို့ကြောင့် ညီအစ်ကိုတို့ ငါသည် ဘုရားသခင်၏သနားကရုဏာတော်အားဖြင့် သင်တို့အား တိုက်တွန်းနှိုးဆော်လိုသည်မှာ သင်တို့၏ခန္ဓာကိုယ်များကို သက်ရှိယဇ်ကောင်ကဲ့သို့ သန့်ရှင်း မြင့်မြတ်၍ ကိုယ်တော်နှစ်သက် လက်ခံဖွယ်ရာအဖြစ် ဆက်ကပ်ပူဇော်ကြလော့။ ဤသည် ကား သင်တို့ပြုအပ်သော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်၏။ သင်တို့သည် ဤလောက၏ တွေးခေါ်ကျင့်ကြံမှုအတိုင်း မလိုက်လျောကြနှင့်။ သို့သော်လည်း ကောင်းမြတ်၍ နှစ်သက်ဖွယ်ဖြစ်ပြီး ပြည့်စုံသောအရာဖြစ်သည့် ဘုရားသခင်၏အလိုတော်ကို သိရှိနားလည်နိုင်ရန် သင်တို့၏စိတ်နှလုံးကို အသစ်ပြုပြင်ကြလော့။

## (က) ဘုရားသခင်၏အစိုးရမှုအပေါ် ယုံကြည်စေချင်သည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၀း၂၈-၃၁။** ကိုယ်ခန္ဓာကိုသတ်၍ ဝိညာဉ်ကိုမသတ်နိုင်သော သူတို့အား မကြောက်ကြနှင့်။ ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုပါ ငရဲ၌ဖျက်ဆီးနိုင်သောသူကိုသာ ကြောက်ကြလော့။ စာငှက်နှစ်ကောင်ကို ငွေတစ်ပဲဖြင့်ရောင်းရသည် မဟုတ်လော။ သင်တို့၏အဖ အလိုတော်မရှိလျှင် ထိုစာငှက်တစ်ကောင်မျှ မြေပေါ်သို့ကျလိမ့်မည် မဟုတ်။ သင်တို့ဦးခေါင်းရှိ ဆံပင်တို့ကိုပင်လျှင် ရေတွက်ထားတော်မူ၏။ ထို့ကြောင့် ကြောက်ရွံ့ခြင်း မရှိကြနှင့်။ သင်တို့သည် စာငှက်များစွာတို့ ထက်ပို၍တန်ဖိုးရှိကြ၏။

**ရောမသြဝါဒစာ ၈း၂၈။** ဘုရားသခင်သည် မိမိကိုချစ်၍ မိမိ၏ရည်ရွယ်ချက်အတိုင်း ခေါ်ယူထားသောသူတို့နှင့်အတူ အားလုံးသော အရာတို့၌ ကောင်းကျိုးဖြစ်ပေါ်စေရန် လုပ်ဆောင်တော်မူသည်ကို ငါတို့သိကြ ၏။

**ကမ္ဘာဦးကျမ်း ၄၅း၅-၇။** သို့ရာတွင် သင်တို့သည် ကျွန်ုပ်ကိုဤအရပ်သို့ရောင်းလိုက်မိသောကြောင့် စိတ်မညှိုးငယ်ကြ နှင့်။ ကိုယ်ကိုအမျက်မထွက်ကြနှင့်။ အကြောင်းမူကား ဘုရားသခင်သည် လူတို့အသက်ကို စောင့်မစေခြင်းငှါ သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ။ မြေပေါ်မှာ နှစ်နှစ်အစာခေါင်း ပါးခဲ့ပြီ။ လယ်လုပ်ခြင်း၊ စပါးရိတ်ခြင်းကိုမပြုရသောနှစ် ငါးနှစ်ရှိသေး၏။ ဘုရားသခင်သည် သင်တို့ကို မြေကြီးပေါ်မှာ ကျန်ကြွင်းစေခြင်းငှါ၎င်း၊ ကြီးစွာသောကယ်တင်ခြင်းအားဖြင့် သင်တို့အသက်ကို ချမ်းသာစေခြင်းငှါ၎င်း သင်တို့ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။

**တမန်တော်ဝတ္ထု ၃း၁၃-၁၅။** အာဗြဟံ၊ အီဇက်၊ ယာကုပ်တို့၏ဘုရား၊ ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် မိမိသားတော်ယေရှုကို ဘုန်းဂုဏ်တော်ထင်ရှားစေတော်မူ၏။ သင်တို့သည် ထိုသခင်ကို အပ်နှံခဲ့ကြလျက် သူ့ကိုလွှတ်ရန်ဆုံးဖြတ်ထားသော ပီလာတုမင်းရှေ့တွင် သူ့ကိုငြင်းပယ်ခဲ့ကြ၏။ သင်တို့သည်ကား သန့်ရှင်းဖြောင့်မတ်သောသူကို ငြင်းပယ်ခဲ့ကြ၍ လူသတ်သမားတစ်ဦးကို လွှတ်ပေးရန်တောင်းဆိုခဲ့ကြပြီး အသက်သခင်ကို သတ်ဖြတ်ခဲ့ကြ၏။ သို့သော် ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူခဲ့၏။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ငါတို့သည်လည်း သက်သေများဖြစ်ကြ၏။

**ဆာလံကျမ်း ၁၃၉း၁၅-၁၆။** အကျွန်ုပ်သည် မထင်ရှားသောနေရာတွင် ဖန်ဆင်းခံရ၍ ကမ္ဘာမြေကြီးအောက် နက်ရှိုင်း သောအရပ်၌ သေချာစွာပုံသွင်းခြင်းခံရချိန်တွင် အကျွန်ုပ်၏အရိုးတို့သည် ကိုယ်တော်၏ မျက်မှောက်တော်မှ ဖုံးကွယ်ခြင်းမရှိပါ။ အကျွန်ုပ်၏ကိုယ်ခန္ဓာရုပ်လုံးမပေါ် မီကပင် ကိုယ် တော်သည် အကျွန်ုပ်ကိုကြည့်မြင်တော်မူပြီး ဖြစ်ပါ၏။ အကျွန်ုပ်၏နေ့ရက်များသည်လည်း ယင်းတို့မဖြစ်ပေါ် မီကတည်းကပင် ကိုယ်တော်၏မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားပြီးဖြစ်ပါ ၏။

**သေတာဝတ္ထု ၄း၁၃-၁၄။** နန်းတော်၌နေသော်လည်း သင့်အသက်လွတ်မည်ဟု မထင်နှင့်။ ယခုကာလ သင်သည် တိတ်ဆိတ်စွာနေလျှင် သင်နှင့်သင်၏အဆွေအမျိုးသည် ပျက်စီး၍ ယုဒလူတို့အသက်ရှင်ခြင်း၊ ကယ်တင်ခြင်းအကြောင်း တစ်စုံတစ်ခုပေါ်လိမ့်မည်။ ယခုအမှုကိုဆောင်ဘို့ရာ သင်သည်မိဘုရားအရာကိုရသည်ဟုထင်စရာရှိသည်မဟုတ်လောဟု ဧသတာအားပြန်ပြောစေခြင်းငှါ မှာလိုက်၏။

**သက်ဆာလောနိကသြဝါဒစာ ဒုတိယစောင် ၁း၁၁-၁၂။** ထို့ကြောင့် ဘုရားသခင်သည် သင်တို့ကို မိမိ၏ခေါ်တော်မူခြင်းနှင့် ထိုက်တန်သောသူများ ဖြစ်စေလျက်၊ ကောင်းမြတ်သောဆန္ဒရှိသမျှနှင့် ယုံကြည်ခြင်းနှင့်ဆိုင်သောအကျင့်တို့ကို မိမိ၏တန်ခိုးတော်အားဖြင့် ဖြည့်ဆည်းပေးတော်မူရန် သင်တို့အတွက် ငါတို့အစဉ်အမြဲဆု တောင်းပါ၏။ ဤသို့ဖြင့် ငါတို့သခင် ယေရှု၏နာမတော်သည် သင်တို့၌လည်းကောင်း၊ သင်တို့သည်လည်း ကိုယ်တော်၌လည်းကောင်း ဘုရားသခင်နှင့်ယေရှုခရစ်တော်သခင်၏ ကျေးဇူးတော်အတိုင်း ဘုန်းဂုဏ်တော်ထင်ရှားပေလိမ့်မည်။

## (ခ) ခရစ်တော်မှလွဲ၍ အရာအားလုံးကို စွန့်ပယ်နိုင်ဖို့ ဘုရားသခင်အလိုရှိသည်။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၁း၃-၆။** ငါတို့၏ သခင်ယေရှုခရစ်တော်၏ အဖခမည်းတော်ဘုရားအား ကောင်းချီး မင်္ဂလာရှိပါစေသော်။ ကိုယ်တော်၏ မဟာကရုဏာတော်အတိုင်း ငါတို့သည် ယေရှုခရစ်တော်၏ သေခြင်းမှ ရှင်ပြန်ထမြောက် တော်မူခြင်းအားဖြင့် ရှင်သန်သောမျှော်လင့်ချက်သို့လည်းကောင်း၊ သင်တို့အတွက် ကောင်းကင်တွင် သိမ်းဆည်းထားသည့် မပျက်စီးနိုင်သော၊ ညစ်ညူးခြင်းမှကင်းသော၊ ညှိုးနွမ်းမေးမှိန်မသွားနိုင်သော အမွေတော်အတွက်လည်းကောင်း အသစ်တစ်ဖန် မွေးဖွားခြင်းခံခဲ့ကြရ၏။ သင်တို့သည်ကား ကယ်တင်ခြင်းခံရရန် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ယုံကြည်ခြင်း၌ စောင့်ရှောက်ခြင်းခံကြရ၏။ ထိုကယ်တင်ခြင်းမှာ နောက်ဆုံးသောကာလတွင် ထင်ရှားလာခြင်းငှါ အသင့်ရှိနေလေသည်။ ယခုအခါ သင်တို့သည် အမျိုးမျိုးသော စုံစမ်းခြင်းတို့ကို ခေတ္တခဏခံကြရမည်ဖြစ်သော်လည်း ဤအကြောင်းကြောင့် သင်တို့ဝမ်းမြောက်ကြပါလော့။

**ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၁၆-၁၈။** သို့ဖြစ်၍ ငါတို့သည် မည်သူ့ကိုမျှ လူတို့၏ရှုထောင့်မှ မကြည့်တော့ပေ။ ငါတို့သည် ယခင်က ခရစ်တော်ကို လူတို့၏ရှုထောင့်မှ ကြည့်ရှုခဲ့ကြသော်လည်း ယခုအခါတွင် ထိုကဲ့သို့ မကြည့် ရှုကြတော့ပေ။ ထို့ကြောင့် ခရစ်တော်၌ရှိသောသူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်လေ၏။ ဘဝဟောင်းသည် ပျောက်ကွယ်သွားသဖြင့် ဘဝအသစ် ရောက်လာလေပြီ။ ဤအရာအားလုံးတို့သည် ဘုရားသခင်ထံတော်မှ ဖြစ်တည်လာခြင်းဖြစ်၏။ ကိုယ်တော်သည် ခရစ်တော်အားဖြင့်ငါတို့ကို မိမိကိုယ်တော်တိုင်နှင့် ပြန်လည်ကျေအေးသင့်မြတ်စေ၍ ငါတို့အားပြန်လည်သင့်မြတ်စေသည့်အမှုတော်ထမ်းဆောင်ရန် ခန့်ထားတော်မူ၏။

**ဂလားဆီယာဩဝါဒစာ ၂း၂၀။** ယခု အသက်ရှင်လျက်ရှိသည်မှာ ငါမဟုတ်တော့ဘဲ ငါ၌ကိန်းဝပ်တော်မူသော ခရစ်တော်ဖြစ်၏။ ငါ၏ကိုယ်ခန္ဓာ၌ ယခုရှင်သန်နေသောအသက်သည် ဘုရားသခင်၏သားတော်၌ ယုံကြည်ခြင်းအားဖြင့် ရှင်သန်နေခြင်းဖြစ်၏။ ထိုသားတော်သည် ငါ့အားချစ်သဖြင့် ငါ့အ တွက် မိမိကိုယ်ကို စွန့်လွှတ်တော်မူခဲ့၏။

**ဖိလိပိဩဝါဒစာ ၁း၂၁။** အကြောင်းမူကား ငါအသက်ရှင်ခြင်းသည် ခရစ်တော်အတွက်သာဖြစ်၍ သေခြင်းသည် ကောင်းသော အကျိုးကို ရရှိရန်အတွက်ဖြစ်သည်ဟု ငါခံယူထားသောကြောင့်ဖြစ်၏။

**ဖိလိပိဩဝါဒစာ ၃း၇-၉။** သို့သော် ငါရရှိခဲ့သော အကျိုးအမြတ်ဟူသမျှသည် အချည်းနှီးသာဖြစ်သည်ဟု ခရစ်တော်ကို ထောက်၍ ငါမှတ်ယူထား၏။ ထိုထက်မကငါဆိုရသော် ငါ၏သခင်ခရစ်တော်ယေရှုကို သိရခြင်း၏ကြီးမြတ်သောအကျိုးကျေးဇူးကြောင့် ခပ်သိမ်းသောအရာဟူသမျှကို အချည်းနှီးသာဖြစ်သည်ဟု ငါမှတ်ယူ၏။ ငါသည် ကိုယ်တော့်အတွက်ကြောင့် ခပ်သိမ်းသောအရာတို့ကို အဆုံးရှုံးခံခဲ့၏။ ငါသည် ခရစ်တော်ကို ရယူပိုင်ဆိုင်နိုင်ရန် ထိုအရာအားလုံးကို အမှိုက်ကဲ့သို့ပင် ထင်မှတ်၏။ ဤသို့ဖြင့် ငါသည် ပညတ်တရားအပေါ်တွင်အခြေခံသော ဖြောင့်မတ်ခြင်းကို မရရှိဘဲ ခရစ်တော်အပေါ်ယုံကြည်ခြင်းအားဖြင့်ရရှိသည့် ဖြောင့်မတ်ခြင်း တည်းဟူသော ယုံကြည်ခြင်းအပေါ်တွင်အခြေခံသည့် ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကိုရရှိလျက် ကိုယ်တော်နှင့်အတူ ရှိနိုင်မည်ဖြစ်၏။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၁း၁၇-၁၉။** မျက်နှာလိုက်ခြင်းမရှိဘဲ လူတစ်ဦးစီ၏အပြုအမူများအတိုင်း တရားစီရင် တော်မူသော အရှင်ကို အဖခမည်းတော်အဖြစ် သင်တို့တောင်းလျှောက်ကြပါလျှင် ကမ္ဘာလောက၌နေရသောကာလတစ်လျှောက်လုံး ကြောက်ရွံ့ရိုသေခြင်းဖြင့် ကျင့်ကြံနေထိုင်ကြလော့။ သင်တို့၏ဘိုးဘေးတို့ထံမှ အမွေဆက်ခံကြရသည့် အနှစ်သာရကင်းမဲ့သောဘဝမှ သင်တို့ကို ရွေးနုတ်ခဲ့ကြောင်း သင်တို့သိကြ၏။ ထိုသို့ရွေးနုတ်ရာတွင် ပျက်စီးတတ်သောရွှေ၊ ငွေအစရှိသည့်အရာတို့ဖြင့် ရွေးနုတ် ကယ်တင်ခဲ့ခြင်းမဟုတ်ဘဲ အပြစ်အနာအဆာကင်းသော သိုးငယ်တော်ကဲ့သို့ဖြစ်သော ခရစ်တော်၏သွေးတော်အားဖြင့်သာ ရွေးနုတ်ကယ်တင်ခဲ့ကြောင်းကို သင်တို့သိကြ၏။

**တမန်တော်ဝတ္ထု ၁၀း၃၄။** ထိုအခါ ပေတရုသည် မိမိ၏နှုတ်ကိုဖွင့်၍ဆိုသည်ကား ဘုရားသခင်သည် မျက်နှာမလိုက်ကြောင်းကို ငါအမှန် တကယ်သိမြင်လေပြီ။

**ရောမဩဝါဒစာ ၂း၉-၁၁။** ဦးစွာပထမ ဂျူးလူမျိုးများ၊ ထို့နောက် ဂရိလူမျိုးတို့တွင် မကောင်းမှုပြုသူအပေါင်းတို့သည် ဆင်းရဲဒုက္ခနှင့် ပူပန်သောကရောက်ကြလိမ့်မည်။ ကောင်းမှုပြုသောသူတို့မူကား ဘုန်းသရေကိုလည်းကောင်း၊ လေးစားဂုဏ်ပြုခြင်းကိုလည်းကောင်း၊ ငြိမ်းချမ်းသာယာခြင်းကိုလည်း ကောင်း ခံစားကြရလိမ့်မည်။ ထိုသို့ခံစားကြသူတို့မှာ ဦးစွာပထမ ဂျူးလူမျိုးများဖြစ်ပြီး၊ ထို့နောက် ဂရိလူမျိုးများလည်း ပါဝင်ကြလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်သည် ဘက်လိုက်ခြင်းမရှိသောကြောင့်တည်း။

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၂း၉။** သင်တို့သည်ကား ရွေးကောက်ခြင်းခံရသောလူမျိုး၊ တော်ဝင်ရဟန်းမျိုး၊ သန့်ရှင်းမြင့်မြတ်သောလူမျိုးနှင့် ဘုရားသခင်ပိုင်ဆိုင်တော်မူသောလူမျိုးဖြစ်ကြ၏။ ဤသို့ဖြင့် သင်တို့ကို မှောင်မိုက်ထဲမှနေ၍ ကိုယ်တော်၏ အံ့ဖွယ်ရာအလင်းတော်သို့ ခေါ်ထုတ်တော်မူသောသခင် ၏ချီးမွမ်းထိုက်သောအမှုတော်တို့ကို သင်တို့ကြေညာဟောပြောကြရပေလိမ့်မည်။

**ဧဖက်ဆုဩဝါဒစာ ၂း၁၈-၂၂။** အကြောင်းမူကား ငါတို့လူမျိုးနှစ်မျိုးစလုံးသည် ကိုယ်တော်အားဖြင့် ဝိညာဉ်တော်တစ်ပါးတည်း၌ ခမည်းတော်ထံသို့ ဝင်ရောက်ခွင့်ကိုရကြ၏။ ထို့ကြောင့် သင်တို့သည် လူမျိုးခြားများနှင့် ဧည့်သည်များမဟုတ်တော့ပေ။ သင်တို့သည် သူတော်သူမြတ်တို့နှင့်အတူ အမျိုး သားချင်းများဖြစ်ကြ၍ ဘုရားသခင်၏အိမ်တော်သားများလည်း ဖြစ်ကြ၏။ သင်တို့ကို တမန်တော်ကြီးများနှင့် ပရောဖက်တို့၏အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ခရစ်တော်ယေရှုကိုယ်တော်တိုင် တောင့်ချုပ်ကျောက်ဖြစ်တော်မူ၏။ အဆောက်အဦးတစ်ခုလုံးကို ကိုယ်တော်၌ ပုံစံတကျဆက်စပ်ထားသဖြင့် ၎င်းသည် ထာဝရဘုရားသခင်၌ သန့်ရှင်းသောဗိမာန်တော်အဖြစ် တိုးတက်ဖြစ်ပေါ်လာ၏။ သင်တို့ကိုလည်း ခရစ်တော်အားဖြင့် ဘုရားသခင် ကိန်းဝပ်တော်မူသောနေရာအဖြစ် တည်ဆောက်ထားကြလေပြီ။ သို့မှသာ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် သင်တို့အထဲ၌ ကိန်းဝပ်တော်မူမည်ဖြစ်၏။

**ဗျာဒိတ်တော်ကျမ်း ၅း၉-၁၀။** သီချင်းအသစ်ကိုသီဆိုကြသည်ကား ကိုယ်တော်သည် စာလိပ်ကိုယူ၍ ချိပ်တံဆိပ်များကို ဖွင့်လှစ်ရန်ထိုက်တန်သောသူဖြစ်တော်မူပါ၏။ အကြောင်းမူကား ကိုယ်တော်သည် အသေသတ်ခြင်းခံရ၍ ကိုယ်တော်၏ အသွေးတော်အားဖြင့် အမျိုးအနွယ်အသီးသီး၊ ဘာသာစကားအသီးသီး၊ တိုင်းနိုင်ငံအသီးသီးတို့မှလူများကို ဘုရားသခင်အတွက် ရွေးနုတ်တော်မူခဲ့၏။ ကိုယ်တော်သည် သူတို့ကို အကျွန်ုပ်တို့၏ဘုရားသခင်အတွက် နိုင်ငံတော်နှင့်ရဟန်းများဖြစ်စေတော်မူခဲ့၏။ သူတို့သည်လည်း ကမ္ဘာပေါ်တွင်အုပ်စိုးကြလိမ့်မည်ဟူ၍ဖြစ်သတည်း။

**ဖိလိပ္ပိဩဝါဒစာ ၂း၅-၁၁။** ခရစ်တော်ယေရှု၌ရှိသောစိတ်သဘောကို သင်တို့၌လည်း တည်ရှိစေကြလော့။ ကိုယ်တော်သည် ဘုရားအဖြစ်တော်၌ရှိသော်လည်း ဘုရားသခင်နှင့်တန်းတူညီတူအဖြစ်ကို ရယူအပ်သည်ဟု ထင်မှတ်ခြင်းမရှိဘဲ မိမိ၌ရှိသမျှကို စွန့်လွှတ်ပြီးလျှင် အစေခံဘဝကိုယူ၍ လူတို့၏ ပုံသဏ္ဌာန်အတိုင်း မွေးဖွားခြင်းကိုခံတော်မူ၏။ ကိုယ်တော်သည် လူ့အဖြစ်ကိုယူပြီးလျှင် သာမညသေခြင်းမျိုးမဟုတ်ဘဲ လက်ဝါးကားတိုင်ပေါ်တွင် အသေခံတော်မူသည့်တိုင်အောင် နာခံလျက် မိမိကိုယ်ကို နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်အား ထူးကဲစွာချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမတော်ကို အပ်နှင်းတော်မူ ၏။ ဤသို့ဖြင့် ကောင်းကင်မြေကြီးနှင့် မြေကြီးအောက်၌ရှိကြသော သတ္တဝါအပေါင်းတို့ သည် ယေရှု၏နာမတော်၌ ရိုသေပျပ်ဝပ်ကြလျက် ယေရှုခရစ်တော်သည် အရှင်သခင်ဖြစ်တော်မူသည်ဟု နှုတ်ရှိသမျှတို့က ဝန်ခံကြသဖြင့် အဖဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို ထင်ရှားစေကြလိမ့်မည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၉း၂၉။** ငါ၏နာမအတွက်ကြောင့် အိမ်၊ မြေ၊ ညီအစ်ကို၊ နှစ်မ၊ အစ်မ၊ မိဘနှင့်သားသမီးတို့ကို စွန့်လွှတ်ခဲ့သောသူဟူသမျှသည် အဆတစ်ရာသောအကျိုးကိုရရှိပြီး ထာဝရအသက်ရှင်ခြင်းကိုလည်း အမွေခံရလိမ့်မည်။

**ရှင်လုကာဧဝံဂေလိကျမ်း ၉း၂၃။** ထို့နောက် ကိုယ်တော်က မည်သူမဆို ငါ့နောက်သို့လိုက်လိုလျှင် မိမိကိုယ်ကို ငြင်းပယ်စေ။ မိမိလက်ဝါးကားတိုင်ကိုလည်း နေ့စဉ်ထမ်းယူ၍ ငါ့နောက်သို့လိုက်စေ။

## (ဂ) ကလွဲစားချေခြင်းမပြုပဲ ချစ်ခြင်းမေတ္တာပြရန် ဘုရားသခင် မိန့်မှာခဲ့သည်။

**ရောမဩဝါဒစာ ၁၂း၁၉-၂၁။** ချစ်မိတ်ဆွေတို့၊ မည်သည့်အခါမျှ လက်စားချေခြင်း မပြုကြနှင့်။ ဘုရားသခင်သာလျှင် အပြစ်ဒဏ်စီရင်တော်မူပါစေ။ အကြောင်းမူကား လက်စားချေခြင်းသည် ငါနှင့်ဆိုင်၏။ အပြစ်နှင့်အလျောက် ငါပြန်၍စီစဉ်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏”ဟူ၍ ကျမ်းစာတော်မြတ်၌ရေးထား၏။ ထို့ကြောင့် သင်၏ရန်သူသည် ဆာလောင်နေလျှင် သူ့အား အစားအစာကျွေးလော့။ သူရေငတ်လျှင် သူ့အား သောက်စရာရေပေးလော့။ အကြောင်းမူကား သင်သည် ထိုသို့ပြုခြင်းဖြင့် သူ၏ဦးခေါင်းပေါ်၌မီးခဲကို ပုံထားသကဲ့သို့ ဖြစ်လိမ့်မည်။ ဆိုလို သည်မှာ သူသည် သင့်အပေါ် ပြုမူခဲ့သောအရာများအတွက် မိမိကိုယ်ကို အရှက်ရလိမ့်မည်။ မကောင်းမှုသည် သင်တို့ကို အနိုင်မယူစေနှင့်။ ကောင်းကျိုးကိုပြုခြင်းအားဖြင့် မကောင်းမှုကို အနိုင်ယူကြလော့။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၅း၃၈-၄၂။** မျက်စိအစားမျက်စိ၊ သွားအစားသွားဟူသော ပညတ်စကားရှိသည်ကို သင်တို့ကြားခဲ့ရလေပြီ။ သို့သော် သင်တို့အားငါဆိုသည်မှာ ဆိုးယုတ်သောသူကို မတုံ့ပြန်ကြနှင့်။ တစ်စုံတစ် ယောက်သည် သင်၏ညာဘက်ပါးကို ရိုက်လျှင် ကျန်ပါးတစ်ဖက်ကိုလည်း သူ့ထံသို့လှည့်ပေးဦးလော့။ တစ်စုံတစ်ယောက်သည် သင်၏အင်္ကျီကိုရယူလို၍ သင့်ကို

တရားစွဲလျှင် သူ့အား သင်၏ဝတ်ရုံကိုလည်း ယူစေလော့။ တစ်စုံတစ်ယောက်သည် သင့်ကို အနိုင်အထက်ပြု၍ ခရီးတစ်မိုင် သွားစေလျှင် ထိုသူနှင့်အတူ ခရီးနှစ်မိုင်သွားလော့။ သင့်ထံ၌တောင်းခံသောသူအား ပေးကမ်းလော့။ သင့်ထံမှချေးငှားလိုသောသူကိုလည်း မငြင်း ပယ်လေနှင့်။

**ကမ္ဘာဦးကျမ်း ၁း၂၇။** ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျာ်း၊ လူမိန်းမကိုဖန်ဆင်း၏။

**ရောမသြဝါဒစာ ၁၃း၁-၄။** လူတိုင်းသည် အုပ်ချုပ်သူအစိုးရမင်းတို့ကို ကျိုးနွံနာခံကြပါစေ။ အကြောင်းမူကား ဘုရားသခင် အထံတော်မှမဟုတ်လျှင် မည်သည့်အစိုးရမင်း၏ ဩဇာအာဏာမျှမတည်ရှိနိုင်။တည်ရှိနေသောအစိုးရတို့သည် ဘုရားသခင်အားဖြင့် ခန့်ထားခြင်းခံရ၏။ ထို့ကြောင့် အုပ် ချုပ်သူများကို ဆန့်ကျင်သောသူသည် ဘုရားသခင်စီမံတော်မူရာကို ဆန့်ကျင်သောသူဖြစ်၍ ထိုသို့ဆန့်ကျင်သောသူတို့သည် စီရင်ခြင်းခံရလိမ့်မည်။ အကြောင်းမူကား ကောင်းမှုပြုလုပ်သောသူတို့အတွက် အုပ်ချုပ်သူတို့သည် ကြောက်ရွံ့စရာမဟုတ်ပေ။ ဆိုးသွမ်းသောသူတို့သာလျှင် ထိုသူတို့ကို ကြောက်ရွံ့၏။ သင်သည် အုပ်ချုပ်သောသူကို မကြောက်ရွံ့ဘဲ နေလိုသလော။ သို့ဖြစ်လျှင် ကောင်းမှုကို ပြုလော့။ ထိုအခါ သင်သည် သူ၏ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ အကြောင်းမူကား သူသည် သင်တို့၏ကောင်းကျိုးကိုရည်ရွယ်သော ဘုရားသခင် ၏အစေခံဖြစ်၏။ သို့သော် သင်တို့သည် မကောင်းသောအကျင့်ကိုကျင့်လျှင် ကြောက်ရွံ့ခြင်းရှိကြလော့။ အကြောင်းမူကား သူသည် ဓားလက်နက်ကို အကျိုးမဲ့ဆောင်ထားသည်မဟုတ်။ သူသည် မကောင်းမှုပြုသော သူတို့အား ထိုက်သင့်သောအပြစ်ဒဏ်ပေးမည့် ဘုရား သခင်၏အစေခံဖြစ်၏။

**ရှင်ပေတရုသြဝါဒစာ ပထမစောင် ၂း၂၁-၂၃။** အကြောင်းမူကား သင်တို့သည် ဤအတွက်ပင်ခေါ်တော်မူခြင်းခံကြရ၏။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည်လည်း သင်တို့အတွက် ဆင်းရဲဒုက္ခခံ၍ သင်တို့သည် ကိုယ်တော်၏ ခြေရာတော်အတိုင်း လိုက်လျှောက်နိုင်ကြရန် စံနမူနာပြတော်မူခဲ့၏။ ကိုယ်တော်သည် အပြစ်ဒုစရိုက်မကျူးလွန်ခဲ့ပေ။ ကိုယ်တော်၏နှုတ်တော်၌လည်း လိမ်လည်လှည့်ဖြားခြင်းကို မတွေ့ရပေ။ ကိုယ်တော်သည် ကဲ့ရဲ့ရှုတ်ချခံရသောအခါ ပြန်လည်တုံ့ပြန်၍ ကဲ့ရဲ့ရှုတ်ချခြင်း မပြုခဲ့ချေ။ ညှင်းပန်းနှိပ်စက်ခံရသောအခါတွင်လည်း ကိုယ်တော်သည် ခြိမ်းခြောက်ခြင်းမပြုခဲ့ချေ။ သို့သော် ကိုယ်တော်သည် တရားသဖြင့် စီရင်တော်မူသောအရှင့်ထံ၌ မိမိကိုယ်ကို အပ်နှံတော်မူ၏။

## (ဃ) ဘုရားသခင်ထံမှ ခွန်အားရယူရန် ဘုရားအလိုတော်ရှိသည်။

**တိမောသေဦးသြဝါဒစာ ဒုတိယစောင် ၃း၁၆-၁၇။** ကျမ်းရှိသမျှတို့သည် ဘုရားသခင်၏နှိုးဆော်ခြင်းခံခဲ့ရ၍ သွန်သင်ခြင်း၊ ဆုံးမပြစ်တင်ခြင်း၊ အမှားကိုပြုပြင်ပေးခြင်းနှင့် ဖြောင့်မတ်ခြင်း၌လမ်းညွှန်ခြင်းစသည်တို့ကိုပြုလုပ်ရန် အသုံး ဝင်၏။ ဤသို့ဖြင့် ဘုရားသခင်၏အမှုတော်ဆောင်သူသည် ကောင်းမြတ်ပြည့်စုံ၍ ကောင်းသောအမှုအရာအားလုံးအတွက် အသင့်ပြင်ဆင်ပြီး ဖြစ်လိမ့်မည်။

**ရောမသြဝါဒစာ ၁၂း၁-၂။** ထို့ကြောင့် ညီအစ်ကိုတို့၊ ငါသည် ဘုရားသခင်၏သနားကရုဏာတော်အားဖြင့် သင်တို့အား တိုက်တွန်းနှိုးဆော်လိုသည်မှာ သင်တို့၏ခန္ဓာကိုယ်များကို သက်ရှိယဇ်ကောင်ကဲ့သို့ သန့်ရှင်းမြင့်မြတ်၍ ကိုယ်တော်နှစ်သက်လက်ခံ ဖွယ်ရာအဖြစ် ဆက်ကပ်ပူဇော်ကြလော့။ ဤသည် ကား သင်တို့ပြုအပ်သော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်၏။ သင်တို့သည် ဤလောက၏တွေးခေါ်ကျင့်ကြံမှုအတိုင်း မလိုက်လျောကြနှင့်။ သို့သော်လည်း ကောင်းမြတ်၍နှစ်သက်ဖွယ်ဖြစ်ပြီး ပြည့်စုံသောအရာဖြစ်သည့် ဘုရားသခင်၏အလိုတော်ကို သိရှိနားလည်နိုင်ရန် သင်တို့၏စိတ်နှလုံးကို အသစ်ပြုပြင်ကြလော့။

**ဖိလိပိသြဝါဒစာ ၄း၆-၇။** မည်သည့်အမှုအတွက်မျှ စိုးရိမ်ပူပန်ခြင်းမရှိကြနှင့်။ အမှုအရာအားလုံးတို့၌ ကျေးဇူးတင်ချီးမွမ်းလျက် ဆုတောင်းပတ္ထနာနှင့် အသနားခံတောင်းလျှောက်ခြင်းအားဖြင့် ဘုရားသခင်အား သင်တို့တောင်းလျှောက်သောအရာတို့ကို သိစေကြလော့။ လူတို့သိနားလည်သမျှအရာအားလုံးတို့ထက် ကြီးမြတ်သောဘုရားသခင်၏ ငြိမ်းချမ်းသာယာခြင်းသည်လည်း ခရစ်တော်ယေရှု၌ သင်တို့၏စိတ်နှလုံးများနှင့် အကြံအစည်များကို ထိန်းသိမ်းစောင့်ရှောက်တော်မူလိမ့်မည်။

**ရှင်မာကုဧဝံဂေလိကျမ်း ၆း၃၁၊ ၄၅-၄၆။** ကိုယ်တော်ကလည်း လူသူကင်းဝေးရာအရပ်သို့ အခြားသူများမပါဘဲ သွားကြ၍ ခေတ္တအနားယူကြလော့ဟု သူတို့အားမိန့်တော်မူ၏။ အကြောင်းမူကား သူတို့ထံဝင်ထွက်နေကြသောသူတို့မှာ များပြားလှသောကြောင့် တပည့်တော်တို့သည် အစာစားရန်ပင် အချိန်မရကြချေ။ ထို့နောက် ကိုယ်တော်သည် လူအစုအဝေးတို့ကို ပြန်လွှတ်တော်မူစဉ် မိမိ၏တပည့်တော်တို့ကို ချက်ချင်းပင်လှေပေါ်သို့တက်စေ၍ တဖက်ကမ်းရှိ ဘက်ဇိုင်းဒါမြို့သို့ မိမိရှေ့မှ ဦးစွာသွားစေတော်မူ၏။ လူအစုအဝေးတို့အား ပြန်လွှတ်ပြီးနောက် ကိုယ်တော်သည် ဆုတောင်းခြင်းငှာ တောင်ပေါ်သို့တက်ကြွတော်မူ၏။

**တမန်တော်ဝတ္ထု ၁း၈။** သို့ရာတွင် ဝိညာဉ်တော်မြတ်သည် သင်တို့အပေါ်သို့ ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကျေးဇူးတော်ကို ခံယူကြရလိမ့်မည်။ ထိုအခါ သင်တို့သည် ဂျေရုဆလင်မြို့မှစ၍ ဂျုဒေးယပြည်၊ ဆမာရိယပြည်နှင့် ကမ္ဘာမြေကြီးစွန်းတိုင်အောင် ငါ့ကို သက်သေခံသောသူများ ဖြစ်ကြလိမ့်မည်ဟု သူတို့အားမိန့်တော်မူ၏။

**ကော်ရိန့်သုဩဝါဒစာ ပထမစောင် ၁၂း၉-၁၀။** ထိုဝိညာဉ်တော်ကပင် လူတစ်ဦးအား ယုံကြည်ခြင်းကျေးဇူးကိုလည်းကောင်း၊ အခြားတစ်ဦးအား အနာရောဂါကို ကုသပျောက်ကင်းစေနိုင်သော တန်ခိုးကိုလည်းကောင်း၊ နောက်တစ်ဦး အား အံ့ဖွယ်ရာများကို ပြနိုင်သောတန်ခိုးကိုလည်းကောင်း၊ အခြားတစ်ဦးအား ပရောဖက်ဉာဏ်နှင့် ဟောနိုင်သောအခွင့်ကိုလည်းကောင်း၊ နောက်တစ်ဦးအား ဝိညာဉ်တော်မှရရှိသော ဆုကျေးဇူးများ ဟုတ်မဟုတ် ပိုင်းခြားသိရှိနိုင်သောအခွင့်ကိုလည်းကောင်း၊ အခြားတစ်ဦးအား ဘာသာ စကားအမျိုးမျိုးပြောဆိုနိုင်သော အခွင့်ကိုလည်းကောင်း၊ အခြားသူတစ်ဦးအား ဘာသာစကားအမျိုးမျိုး၏ အနက်အဓိပ္ပာယ် ကို ပြန်ဆိုနိုင်သောအခွင့်ကိုလည်းကောင်း ပေးတော်မူ၏။

**ဟေဗြဲဦးဩဝါဒစာ ၁၀း၂၅။** သို့သော်လည်း ခဏကြာပြီးမှ သူတို့သည် ပျက်စီးခြင်းသို့ရောက်သောအားဖြင့် ငါ့အမျက်သည်ငြိမ်း၍ ငါ့စိတ်လည်းပြေလိမ့်မည်။

**ရှင်ယာကုပ်ဩဝါဒစာ ၅း၁၆။** ထို့ကြောင့် သင်တို့သည် တစ်ဦးနှင့်တစ်ဦး အပြစ်များကို ဝန်ခံကြလျက် အချင်းချင်းဆု တောင်းပေး ကြလော့။ ဤသို့ပြုလျှင် သင်တို့သည် ပျောက်ကင်းချမ်းသာရကြလိမ့်မည်။ ဖြောင့်မတ်သောသူ၏ဆုတောင်းပတ္ထနာ၌ ကြီးမားသော တန်ခိုးသက်ရောက်မှုရှိ၏။

**ကော်ရိန့်သုဩဝါဒစာ ပထမစောင် ၁၄း၂၆။** ညီအစ်ကိုတို့၊ သို့ဖြစ်လျှင် ငါမည်သို့ပြုလုပ်ရမည်နည်း။ သင်တို့သည် ဝတ်ပြုကိုးကွယ်ရန် စုဝေးကြသောအခါ တစ်ဦးက ဓမ္မသီချင်းသီဆိုချီးမွမ်းခြင်း၊ သွန်သင်ခြင်း၊ ဗျာဒိတ်တော်ကို ပြန်ကြားပေးခြင်း၊ ဘာသာစကား အသစ် ဖြင့် ပြောဆိုခြင်း၊ အနက်အဓိပ္ပာယ်ပြန်ဆိုခြင်း စသည်တို့ကို ပြုလုပ်ကြ၏။ ဤအရာအားလုံးတို့ကို ယုံကြည်သူအစုအဝေးအား အကျိုးပြုစေရန် ရည်ရွယ်၍ပြုလုပ်ကြပါလော့။

## ၄။ ပြန်လည်သင့်မြတ်နိုင်ရန် ကျွန်ုပ်တို့ မည်သို့ကူညီနိုင်မည်နည်း။

### (က) ပဋိပက္ခဖြစ်နေသောအဖွဲ့များကြား ပေါင်းကူးတံတားဖြစ်သင့်သည်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၅း၄၃-၄၈။** သင်နှင့်နီးစပ်သောသူကို ချစ်လော့။ သင်၏ရန်သူကို မုန်းလော့ဟူသော ပညတ်စကား ရှိသည်ကို သင်တို့ကြားခဲ့ရလေပြီ။ သို့သော် သင်တို့အားငါဆိုသည်မှာ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို နှိပ်စက်ညှဉ်းဆဲ သောသူတို့အတွက် ဆုတောင်းပေးကြလော့။ သို့မှသာ သင်တို့သည် ဆိုးသူနှင့်ကောင်းသူတို့အပေါ်၌ မိမိ၏နေကို ထွက်စေတော်မူ၍ ဖြောင့်မတ်သူ၊ မဖြောင့်မတ်သူတို့အပေါ်သို့ မိုးကိုရွာစေတော်မူသော ကောင်းကင်ဘုံ၌ရှိတော်မူသည့် သင်တို့အဖ၏သားသမီးများ ဖြစ်ကြလိမ့်မည်။ အကြောင်းမူကား သင်တို့သည် မိမိတို့အားချစ် သောသူများကိုသာ ချစ်ကြပါမူ အဘယ်အကျိုးကိုခံစားရမည်နည်း။ အခွန်ခံသောသူများပင်လျှင် ထိုနည်းတူပြုမူကြသည်မဟုတ်လော့။သင်တို့၏ညီအစ်ကိုများကိုသာ သင်တို့နှုတ်ဆက် ကြလျှင် သင်တို့ သည် အခြားသူများထက် မည်သည့်ထူးခြားချက်ကို ပြသနည်း။ လူမျိုးခြား တို့ပင်လျှင် ထိုနည်းတူပြုမူကြသည်မဟုတ်လော့။ ထို့ ကြောင့် ကောင်းကင်ဘုံ၌ရှိသော သင်တို့၏အဖသည် ကောင်းမွန်ပြည့်စုံတော်မူသည့်နည်းတူ သင်တို့သည်လည်း ကောင်းမွန်ပြည့် စုံခြင်းရှိကြလော့။

**ဧဖက်ဆုဩဝါဒစာ ၂း၁၁-၂၂။** ထို့ကြောင့် ကိုယ်ကာယ၌ပြုလုပ်သည့် အရေဖျားလှီးခြင်းခံရသောသူတို့က အရေဖျားလှီးခြင်း မခံရ သောသူများဟူ၍ ခေါ်ဝေါ်ခဲ့ကြသောသင်တို့သည် တစ်ချိန်က ရုပ်ပိုင်းဆိုင်ရာအား ဖြင့် လူမျိုးခြားများဖြစ်ခဲ့ကြသည်ကို သတိရကြ လော့။ ထိုအချိန်က သင်တို့သည် ခရစ်တော်နှင့်ကင်းကွာလျက် အစ္စရာအဲလ်လူမျိုးတို့၏အစုအဖွဲ့၌လည်း ပါဝင်ခွင့်မရကြပေ။ သင်တို့ သည် ကတိတော်ခံရသော ပဋိညာဉ်များနှင့်လည်း မသက်ဆိုင်ပေ။ သင်တို့သည် မျှော်လင့် ချက်မရှိဘဲ ဘုရားမဲ့လျက် ဤလောက၌ နေခဲ့ရသည်ကို သတိရကြလော့။ သို့သော် တစ်ချိန်က ဝေးလံစွာနေခဲ့ကြရသောသင်တို့သည် ယခုအခါ ခရစ်တော်ယေဇူးနှင့် ကိုယ် တော်၏ အသွေးတော်အားဖြင့် နီးစပ်လာခဲ့ကြလေပြီ။ အကြောင်းမူကား လူမျိုးနှစ်မျိုးကို တစ်လုံး တစ်ဝတည်းဖြစ်စေခဲ့သော ကိုယ်တော်သည် ငါတို့၏ငြိမ်းချမ်းသာယာခြင်းဖြစ်၍ ပိုင်းခြားထားသော ရန်လိုမုန်းတီးမှုတံတိုင်းကို ဖြိုချတော်မူ၏။ ကိုယ်တော်သည် ပညတ်တရားနှင့်သွန်သင်ချက်တို့၏ ဥပဒေကို မိမိ၏ကိုယ်ခန္ဓာ၌ ပယ်ဖျက်ခြင်းအားဖြင့် လူမျိုးနှစ်မျိုးအစား လူမျိုးသစ်တစ်မျိုး

တည်းကို မိမိ၌ပင်ဖြစ်ပေါ်စေလျက် ငြိမ်းချမ်းသာယာခြင်းကို တည် ထောင်တော်မူ၏။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခြင်းဖြင့် ငါတို့လူမျိုးနှစ်မျိုးကို ဘုရားသခင်နှင့်တစ်ပေါင်းတစ်စည်းတည်း ပြန်လည်သင့်မြတ်စေလျက် ရန်လိုမုန်းတီးခြင်းကို အဆုံးသတ်စေခဲ့၏။ ကိုယ်တော်သည် ကြွလာ၍ အဝေးတွင်ရှိသောသင်တို့နှင့် အနီးတွင်ရှိသောသူတို့အား ငြိမ်းချမ်းသာယာခြင်းကို ကြေညာဟောပြောခဲ့လေ ၏။ အကြောင်းမူကား ငါတို့လူမျိုးနှစ်မျိုးစလုံးသည် ကိုယ်တော်အားဖြင့် ဝိညာဉ်တော် တစ်ပါးတည်း၌ ခမည်းတော်ထံသို့ ဝင်ရောက်ခွင့်ကိုရကြ၏။ ထို့ကြောင့် သင်တို့သည် လူမျိုးခြားများနှင့် ဧည့်သည်များ မဟုတ်တော့ပေ။ သင်တို့သည် သူတော်သူမြတ်တို့နှင့်အတူ အမျိုးသားချင်းများဖြစ်ကြ၍ ဘုရားသခင်၏အိမ်တော်သားများလည်း ဖြစ်ကြ၏။ သင်တို့ကို တမန်တော်ကြီးများနှင့် ပရောဖက်တို့၏အုတ်မြစ်ပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်ပြီး ခရစ်တော်ယေရှုကိုယ်တော်တိုင် ထောင့်ချုပ်ကျောက်ဖြစ်တော်မူ၏။ အဆောက်အဦးတစ်ခုလုံးကို ကိုယ်တော်၌ပုံစံတစ်ကျ ဆက်စပ်ထားသဖြင့် ၎င်းသည် ထာဝရဘုရားသခင်၌ သန့်ရှင်းသောဗိမာန်တော်အဖြစ် တိုးတက်ဖြစ်ပေါ်လာ၏။ သင်တို့ကိုလည်း ခရစ်တော်အားဖြင့် ဘုရားသခင် ကိန်းဝပ်တော်မူသော နေရာအဖြစ် တည်ဆောက်ထားကြလေပြီ။ သို့မှသာ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် သင်တို့အထဲ၌ ကိန်းဝပ်တော်မူမည်ဖြစ်၏။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၅း၉။** ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူ ကား သူတို့သည် ဘုရားသခင်၏သားများဟု အခေါ် ခံကြရလိမ့်မည်။

**ရှင်ပေတရုသြဝါဒစာ ပထမစောင် ၁း၁-၂။** ယေရှုခရစ်တော်၏တမန်တော် ပေတရုထံမှ ပွန္တုပြည်၊ ဂလာတိယာပြည်၊ ကပ္ပဒေါကိယပြည်၊ အာရှပြည်နှင့် ဘီသိနိယပြည်တို့တွင် ပြန့်နှံ့နေထိုင်လျက်ရှိကြသော ဧည့်သည်အာဂန္တုများဖြစ်ကြသည့် ခမည်းတော် ဘုရား၏ ရွေးချယ်သတ်မှတ်ထားခြင်းခံရသောသူအပေါင်းတို့ထံသို့ စာရေးလိုက်ပါ၏။ သူတို့သည် ယေရှုခရစ်တော်ကို နာခံရန်နှင့် ကိုယ်တော်၏ သွေးတော်ဖြင့် ဆေးကြောခြင်းခံယူရန် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်လာကြသောသူ များဖြစ်ကြ၏။ ကျေးဇူးတော်နှင့် ငြိမ်းချမ်းသာယာခြင်းသည် သင်တို့၌ တိုးပွားပါစေသော်။

**ဟေရှာယဦးသြဝါဒစာ ၁၁း၁၃-၁၆။** ဧဖရိမ်အမျိုးသည် ငြူစူသောစိတ် ငြိမ်းလိမ့်မည်။ ရန်ပြုတတ်သော ယုဒအမျိုးသားတို့သည်လည်း ရန်ပြေကြလိမ့်မည်။ ဧဖရိမ်အမျိုးသည် ယုဒအမျိုးကို မငြူစူရ။ ယုဒအမျိုးလည်း ဧဖရိမ်အမျိုးကို ရန်မပြုရ။ သူတို့သည် အနောက်ဘက်၌ ဖိလိတ္တိလူများကို လိုက်၍တိုက်ကြလိမ့်မည်။ အရှေ့ပြည်သားတို့၏ဥစ္စာကို အတူလုယူကြလိမ့်မည်။ ဧဒုံအမျိုးနှင့် မောဘအမျိုးကိုလည်း လုပ်ကြံကြလိမ့်မည်။ အမ္မုန်အမျိုးသားတို့သည် သူတို့၏အုပ်စိုးခြင်းကို ခံရကြလိမ့်မည်။ ထာဝရဘုရားသည်လည်း အဲဂုတ္တုပင်လယ်၏လျှာကို ဖျောက်ဖျက်တော်မူမည်။ ပြင်းစွာသောလေတော်နှင့်တကွ လက်တော်ကို မြစ်ပေါ်မှာလှုပ်၍ ချောင်းခုနစ်သွယ်ဖြစ်စေ ခြင်းငှါ ရိုက်ခတ်တော်မူသဖြင့် လူတို့သည် ခြေနင်းစီးလျက် ကျော်သွားကြလိမ့်မည်။ ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည်မှထွက်သွားသောအခါ၌ဖြစ်သကဲ့သို့ အာရှုရိပြည်မှ ကျန်ကြွင်းသောကိုယ်တော်၏လူတို့သွားရာ လမ်းမကြီးဖြစ်ရလိမ့်မည်။

**ရောမသြဝါဒစာ ၁၂း၁၇-၂၁။** မည်သူ့ကိုမျှ မကောင်းမှုကိုမကောင်းမှုဖြင့် မတုံ့ပြန်ကြနှင့်။ လူအပေါင်းတို့၏အမြင်၌ မွန် မြတ်သောအရာကိုကျင့်ကြလော့။ သင်တို့အနေဖြင့် လူတိုင်းနှင့်တတ်နိုင်သမျှ ငြိမ်းချမ်းစွာ နေထိုင်ကြလော့။ ချစ်မိတ်ဆွေတို့ မည်သည့်အခါမျှ လက်စားချေခြင်းမပြုကြနှင့်။ ဘုရားသခင်သာလျှင် အပြစ်ဒဏ်စီရင်တော်မူပါစေ။ အကြောင်းမူကား လက်စားချေခြင်းသည် ငါနှင့်ဆိုင်၏။ အပြစ်နှင့်အလျောက် ငါပြန်၍စီရင်မည်ဟု ထာဝရဘုရားသခင် မိန့်တော်မူ၏ ဟူ၍ ကျမ်းစာတော်မြတ်၌ ရေးထား၏။ ထို့ကြောင့် သင်၏ရန်သူသည် ဆာလောင်နေလျှင် သူ့အား အစားအစာကျွေးလော့။ သူရေငတ်လျှင် သူ့အား သောက်စရာရေပေးလော့။ အကြောင်းမူကား သင်သည် ထိုသို့ပြုခြင်းဖြင့် သူ၏ဦးခေါင်းပေါ်၌ မီးခဲကိုပုံထားသကဲ့သို့ဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ သူသည် သင့်အပေါ် ပြုမူခဲ့သောအရာအတွက် မိမိကိုယ်ကို အရှက် ရလိမ့်မည်။ မကောင်းမှုသည် သင်တို့ကို အနိုင်မယူစေနှင့်။ ကောင်းကျိုးကို ပြုခြင်းအားဖြင့် မကောင်းမှုကိုအနိုင်ယူကြလော့။

### (ခ) ကျန်းမာသက်သာလာစေရန်နှင့် အပြစ်မှနောင်တရရန် ခရစ်တော်ထံ ပို့ဆောင်ပေးရမည်။

**ကော်ရိန္သုသြဝါဒစာ ဒုတိယစောင် ၅း၁၇-၂၀။** ထို့ကြောင့် ခရစ်တော်၌ရှိသောသူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်လေ၏။ ဘဝဟောင်းသည် ပျောက်ကွယ်သွားသဖြင့် ဘဝအသစ်ရောက်လာလေပြီ။ ဤအရာအားလုံးတို့သည် ဘုရားသခင်ထံတော်မှ ဖြစ်တည်လာခြင်းဖြစ်၏။ ကိုယ် တော်သည် ခရစ်တော်အားဖြင့် ငါတို့ကို မိမိကိုယ်တော်တိုင်နှင့် ပြန်လည်ကျေအေးသင့်မြတ်စေ၍ ငါတို့အားပြန်လည်သင့်မြတ်စေသည့် အမှုတော်ထမ်းဆောင်ရန် ခန့်ထားတော်မူ၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် ခရစ်တော်အားဖြင့် လောကီသား

တို့အား မိမိနှင့်ပြန်လည် ကျေအေး သင့်မြတ်စေ၍ လူသားတို့အချင်းချင်းကျူးလွန်ခဲ့သော အပြစ်ဒုစရိုက်များကို မှတ်ထားခြင်းမရှိဘဲ ပြန်လည်ကျေအေး သင့်မြတ်စေသည့်သတင်းကို ဟောပြောရန် ငါတို့အား တာဝန်အပ်နှင်းတော်မူ၏။ ထို့ကြောင့် ငါတို့သည် ခရစ်တော်၏သံတမန်များဖြစ်ကြ၍ ဘုရားသခင်သည် ငါတို့မှတဆင့် သင်တို့ကို မေတ္တာရပ်ခံတော်မူ၏။ သင်တို့သည် ဘုရားသခင်နှင့် ပြန်လည်ကျေအေးသင့်မြတ် ကြမည့် အကြောင်း ခရစ်တော်၏ကိုယ်စား ငါတို့တောင်းပန်ပါ၏။

## (ဂ) ___ တစ်ဖွဲ့လုံး (သို့) တစ်မျိုးနွယ်လုံး နောင်တရရန် ကူညီပေးသင့်သည်။

**ဒံယေလအနာဂတ္တိကျမ်း ၉း၄-၉။** ထိုသို့အပြစ်ကို ဘော်ပြတောင်းပန်၍ ငါကိုးကွယ်သောဘုရားသခင် ထာဝရဘုရားထံ ငါပြုသော ပဌနာဟူမူကား ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကို စောင့်သောသူတို့အား သစ္စာတော်မပျက် ကရုဏာတရားကို စောင့်တော်မူထသော အလွန်ကြီးမြတ်၍ကြောက်ရွံ့ဘွယ်ဖြစ်တော်မူသောအရှင် ဘုရားသခင်၊ အကျွန်ုပ်တို့သည် ပြစ်မှားမိပါပြီ။ ဒုစရိုက်ကို ပြုမိပါပြီ။ မတရားသဖြင့်ကျင့်မိပါပြီ။ ပုန်ကန်မိပါသည်။ စီရင်ထုံးဖွဲ့တော်မူသောတရားလမ်းမှ လွဲမိပါပြီ။ အကျွန်ုပ်တို့၏ရှင်ဘုရင်၊ မင်းသား၊ အသက်ကြီးသူမှစ၍ ပြည်သူပြည်သားအပေါင်းတို့အား ကိုယ်တော်၏အခွင့်နှင့်ဟောပြောသော ကိုယ်တော်၏ ကျွန်ပရောဖက်တို့၏ စကားများကို အကျွန်ုပ်တို့သည် နားမထောင်ဘဲနေကြပါပြီ။ အိုဘုရားရှင် ကိုယ်တော်သည် တရားနှင့် ဆိုင်တော်မူ၏။ ကိုယ်တော့်ကိုပြစ်မှားသောအပြစ် ကြောင့် နှင်ထုတ်တော်မူ၍ နီးသောပြည်၊ ဝေးသောပြည်အရပ်ရပ်တို့၌ နေရသော ယုဒပြည်သူ ယေရုရှလင်မြို့သားမှစ၍ ဣသရေလလူအပေါင်းတည်းဟူသော အကျွန်ုပ်တို့သည် ယနေ့ ၌ရှိသည်အတိုင်း မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြပါ၏။ အိုဘုရားရှင် ကိုယ်တော့်ကိုပြစ်မှားသော ကြောင့် အကျွန်ုပ်တို့၏ရှင်ဘုရင်၊ မင်းသား၊ အသက်ကြီးသူမှစ၍ အကျွန်ုပ်တို့သည် မျက်နှာပျက်ခြင်းနှင့်ဆိုင်ကြပါ၏။ အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပုန်ကန်သော်လည်း အကျွန်ုပ်တို့အရှင်ဘုရားသခင်သည် ကရုဏာကိုပြခြင်း၊ အပြစ်ကိုဖြေရှင်းခြင်းအခွင့်နှင့်ဆိုင်တော်မူ၏။

**နေဟမိမှတ်စာ ၉း၁-၃၆။** ထိုလနှစ်ဆယ့်လေးရက်နေ့တွင် ဣသရေလအမျိုးသားတို့သည် အစာရှောင်လျက် လျော်တေအဝတ်ကိုဝတ်လျက် ကိုယ်၌မြေမှုန့်ကိုတင်လျက် စည်းဝေးကြ၏။ ထိုအခါ ဣသရေလအမျိုးစစ်ဖြစ်သောသူတို့သည် တပါးအမျိုးသားရှိသမျှတို့နှင့်ကွာ၍ ကိုယ်အပြစ်နှင့်ဘိုးဘေးတို့၏အပြစ်များကို ဘော်ပြတောင်းပန်ကြ၏။ မိမိတို့နေရာ၌ရပ်နေ၍ မိမိတို့ဘုရားသခင် ထာဝရဘုရား၏ပညတ္တိကျမ်းစာကို နေ့လေးစုတစုဖတ်ကြ၏။ အပြစ်ကို ဘော်ပြတောင်းပန် ၍ မိမိတို့ဘုရားသခင် ထာဝရဘုရား ကို နေ့လေးစုတစုကိုးကွယ်ကြ၏။ ထိုအခါ လေဝိသားယောရှု၊ ဗာနိ၊ ကပ်မျေလ၊ ရှေဗနိ၊ ဗုန္နိ၊ ရှေရဘိ၊ ဗာနိ၊ ခေနနိတို့သည် ပလ္လင်ပေါ်မှာရပ်၍ သူတို့၏ဘုရားသခင်ထာဝရဘုရားအား ကြီးစွာသောအသံနှင့် ကြွေး ကြော်ကြ၏။ တဖန် လေဝိသားယောရှု၊ ကပ်မျေလ၊ ဗာနိ၊ ဟာရှဗနိ၊ ရှေရဘိ၊ ဟောဒိယ၊ ရှေဗနိ၊ ပေသဟိတို့က ထကြလော့၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် အစဉ်အမြဲမင်္ဂလာရှိတော်မူစေသတည်းဟု ကောင်းကြီးပေးကြလော့။ ကောင်းကြီးပေးခြင်း၊ ချီးမွမ်းခြင်းအမျိုးမျိုးထက် ကြီးမြင့်၍ ဘုန်းကြီးသော ကိုယ်တော်၏နာမတော်သည် မင်္ဂလာရှိပါစေသတည်း။ ကိုယ်တော်သာလျှင် ထာဝရဘုရားဖြစ်တော်မူပါ၏။ အမြင့်ဆုံးသောကောင်းကင်နှင့် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ကိုင်၎င်း၊ မြေကြီးနှင့်မြေကြီးပေါ်မှာရှိရှိသမျှတို့ကိုင်၎င်း၊ ပင်လယ်နှင့် ပင်လယ်၌ရှိသမျှတို့ကိုင်၎င်း ဖန်ဆင်းတော်မူ၏။ အလုံးစုံတို့ကို စောင့်မတော်မူ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် ကိုယ်တော်ကို ကိုးကွယ်ကြပါ၏။ အိုထာဝရအရှင်ဘုရားသခင် ကိုယ်တော်သည် အာဗြံကိုရွေးချယ်၍ ခါလဒဲပြည် ဥရမြို့မှခေါ် ခဲ့ပြီးလျှင် အာဗြဟံဟူသောအမည်ကို ပေးတော်မူ၏။ ရှေ့တော်၌ သူ့သဘောဖြောင့်သည်ကိုတွေ့သောကြောင့် ခါနနိပြည်၊ ဟိတ္တိပြည်၊ အာမောရိပြည်၊ ဖေရဇိပြည်၊ ယေဗုသိပြည်၊ ဂိရာဂါရှိပြည်တို့ကို အာဗြဟံအမျိုးအနွယ်အား ငါပေးမည်ဟု ဝန်ခံသည်အတိုင်း သစ္စာတော် မပျက်ပြုတော်မူ၏။ အဲဂုတ္တုပြည်၌ အကျွန်ုပ်တို့၏ဘိုးဘေးများခံရသော ညှဉ်းဆဲခြင်းကိုမြင်၍ ဒေါ့ပင်လယ်နားမှာ သူတို့အော်ဟစ်သော အသံကို ကြားတော်မူ၏။ ဖာရောဘုရင်နှင့်သူ၏ကျွန်များ ပြည်သူပြည် သားအပေါင်းတို့သည် အကျွန်ုပ်တို့၏ဘိုးဘေးတို့ကို စော်ကားစွာပြုသောကြောင့် ကိုယ် တော်သည် ကြည့်ရှု၍နေတော်မမူ။ ထိုပြည်သားတို့၌ နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကို ပြတော်မူ၍ သိတင်းတော်သည် ယနေ့တိုင်အောင်ကျော်စောလျက်ရှိပါ၏။ သူတို့သည် ပင်လယ်အလယ်၌မြေပေါ်မှာ လျှောက်သွားမည်အကြောင်း သူတို့ရှေ့မှာ ပင်လယ်ကိုခွဲတော်မူ၏။ ညှဉ်းဆဲသောသူတို့ကိုကား နက်သောရေထဲသို့ ကျောက်ကိုပစ်သကဲ့သို့ ပစ်တော်မူ၏။ ထိုမှတပါး နေ့အချိန်၌ မိုဃ်းတိမ်တိုင်အားဖြင့်၎င်း၊ ညအချိန်၌ သူတို့သွားရာလမ်းကို လင်းစေသောမီးတိုင်အားဖြင့်၎င်း သူတို့ကို ပို့ဆောင်တော်မူ၏။ ကိုယ်တော်တိုင်လည်း သိနာတောင်ပေါ်သို့ဆင်းသက်၍ မိုဃ်းကောင်းကင်ထဲက ဗျာဒိတ်သံကိုလွှင့်သဖြင့် ဟုတ်မှန်ဖြောင့်မတ်သော စီရင်ထုံးဖွဲ့ချက် ပညတ်တရားတို့ကို အပ်ပေးတော်မူ၏။ သန့်ရှင်းသောဥပုဒ်နေ့ရက်တော်ကို ဘော်ပြ၍ ကိုယ်တော်ကျွန် မောရှေအားဖြင့် နည်းနာဥပဒေပညတ်တရားတို့ကိုလည်း ထားတော်မူ၏။ သူတို့မွတ်သိပ်ခြင်းနှင့်ရေငတ်ခြင်းကို ပြေစေခြင်းငှါ မိုဃ်းကောင်း ကင်မုန့်နှင့် ကျောက်ထဲကထုတ်သောရေကို ပေးတော်မူ၏။ သူတို့ပိုင်ဘို့ကျိန်ဆိုတော်မူသော ပြည်ထဲသို့ ဝင်၍ သိမ်းယူမည့်အကြောင်း မိန့်တော်မူ၏။ သို့ရာတွင် အကျွန်ုပ်တို့ဘိုးဘေးတို့သည် မာနထောင်လွှား၍ ခိုင်မာသောလည်ပင်းနှင့်

ပညတ်တော်ကို နားမထောင်ကြ။ သူတို့တွင်ပြုတော်မူသော အံ့ဘွယ်သောအမှုတို့ကို မအောက်မေ့။ အာဏာတော်ကိုငြင်းဆန်လျက် လည်ပင်းခိုင်မာသည်ဖြစ်၍ ကျွန်ခံရာအဲဂုတ္တုပြည်သို့ ပြန်လိုသောငှါ လူကြီးတဦးကို ချီးမြှောက်ကြ၏။ သို့ရာတွင် ကိုယ်တော်သည် အပြစ်ကိုဖြေတတ်သောဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းနှင့် ကြွယ်ဝသောဘုရား ဖြစ်တော်မူသောကြောင့် သူတို့ကို စွန့်ပစ်တော်မမူ။ ထိုမျှမက သူတို့သည် နွားသငယ်အရုပ်ကိုသွန်း၍ အိုဣသရေလအမျိုး ဤဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်၏ဘုရားဖြစ်တော်မူ၏ဟုဆိုလျက် အလွန်ပြစ်မှားသော်လည်း ကိုယ်တော်သည် အထူးသဖြင့် သနားတတ်သောဘုရားဖြစ်တော်မူ၍ တော၌သူတို့ကို စွန့်ပစ်တော်မမူ။ နေ့အချိန် ၌လမ်းပြသော မိုဃ်းတိမ်တိုင် မပျောက်၊ ညအချိန်၌သူတို့သွားရာလမ်းကို လင်းစေသောမီး တိုင်လည်းမကွယ်။ သူတို့အား သွန်သင်စရာဘို့ ကောင်းသော ဝိညာဉ်တော်ကို ပေးတော်မူ ၏။ သူတို့စားရသော ကိုယ်တော်၏မန္နကို ရုပ်သိမ်းတော်မမူ။ သူတို့အငတ်ပြေစေခြင်းငှါ ရေကိုလည်းပေးတော်မူ၏။ အနှစ်လေးဆယ်ပတ်လုံးသူတို့ကို အလျှင်းမဆင်းရဲစေခြင်းငှါ ကျွေး မွေးတော်မူ၏။ သူတို့အဝတ်မဟောင်းမနွမ်းရ၊ သူတို့ခြေသည်လည်း မပွန်းမရောင်ရ။ နောက်မှ တပါးအမျိုးသားတို့၏ တိုင်းနိုင်ငံများကို သူတို့အား အကုန်အစင်ဝေဖန်၍ ပေးသနားတော်မူသဖြင့် သူတို့သည် ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်နှင့် ဗာရှန်ရှင်ဘုရင်သြဃ အစိုးရသောပြည်သူတို့ကို သိမ်းယူကြ၏။ သူတို့သားမြေးတို့ကို မိုဃ်းကောင်းကင်ကြယ်ကဲသို့များ ပြားစေတော်မူ၏။ အကြင်ပြည်ထဲသို့ သူတို့ဝင်၍သိမ်းယူမည်အကြောင်း သူတို့၏ဘိုးဘေးတို့အား ဂတိထားတော်မူ၏။ ထိုပြည်ထဲသို့ သွင်းတော်မူသဖြင့် သားမြေးတို့သည် ဝင်၍ သိမ်းယူကြ၏။ သူတို့ရှေ့မှာ ထိုပြည်သား ခါနာနိလူတို့ကို နှိပ်စက်တော်မူ၍ ရှင်ဘုရင်အစရှိသော ပြည်သူပြည်သားတို့ကို ပြုချင်သမျှပြုရသောအခွင့်နှင့် သူတို့လက်သို့အပ်တော်မူ၏။ ထိုသို့ သူတို့သည် ခိုင်ခံ့သောမြို့များ၊ မြေကောင်းသောပြည်၊ ဥစ္စာနှင့်ပြည့်သောအိမ်၊ တူးပြီးသောရေတွင်း၊ များပြားသောစပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ် အသီးသီးသောအပင်တို့ကို သိမ်းယူ၍ ဝစွာစားသောက်လျက် အသားဆူဖြိုး၍ ကျေးဇူးတော်ကြွယ်ဝခြင်း၌ မွေ့လျော်ကြ၏။ သို့ရာတွင် အမိန့်တော်ကို နားမထောင်၊ ပုန်ကန်လျက် တရားတော်ကို ကျောနောက် သို့ပစ်ထားကြ၏။ အထံတော်သို့ ပြန်လာစေခြင်းငှါ ဆုံးမသောကိုယ်တော်၏ပရောဖက်တို့ကို သတ်၍ အလွန်ပြစ်မှားခြင်းကိုပြုကြ၏။ ထို့ကြောင့် သူတို့ကို နှောင့်ရှက်သောရန်သူလက်သို့ အပ်လိုက်တော်မူ၏။ ဆင်းရဲခံရ၍ ကိုယ်တော်ကို အော်ဟစ်ကြသောအခါ ကောင်းကင်ဘုံက နားထောင်၍ ကရုဏာကျေးဇူးတော်ကြွယ်ဝသည်အတိုင်း ရန်သူလက်မှကယ်လွှတ်သော ကျေးဇူးရှင်တို့ကို ပေါ်ထွန်းစေတော်မူ၏။ တဖန် ချမ်းသာရသောအခါ ရှေ့တော်၌ဒုစရိုက်ကို ပြုပြန်ကြသောကြောင့် ရန်သူအစိုးရမည်အကြောင်း တဖန်အပ်တော်မူ၏။ သူတို့သည် ပြန်လာ၍ ကိုယ်တော်ကို အော်ဟစ်ကြသောအခါ ကောင်းကင်ဘုံကနားထောင်၍ ကရုဏာတော်ရှိသည်အတိုင်း အထပ်ထပ်ကယ်တင်တော်မူ၏။ တရားတော်ကို ကျင့်ပြန်စေခြင်းငှါ ဆုံးမတော်မူသော်လည်း သူတို့သည် နားမထောင် မာနထောင်လွှားကြ၏။ ကျင့်သောသူ၌ အသက်ရှင် စရာအကြောင်းဖြစ်သော စီရင်တော်မူချက်တို့ကို လွန်ကျူးကြ၏။ ခိုင်မာသောလည်ပင်းနှင့်ရုန်းလျက် နားမထောင်ဘဲနေကြ၏။ နှစ်ပေါင်းများစွာ သူတို့ကိုသည်းခံ၍ ကိုယ်တော်၏ပရောဖက်တို့၌ရှိသော ကိုယ်တော်၏ ဝိညာဉ်တော် အားဖြင့် ဆုံးမတော်မူသော်လည်း သူတို့သည် နားမထောင်သောကြောင့် ဤပြည်သူပြည်သားတို့လက်သို့ အပ်တော်မူ၏။ သို့ရာတွင် ကိုယ်တော်သည် ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံသောဘုရားဖြစ်၍ ကရုဏာတော်ကြွယ်ဝသောကြောင့် သူတို့ကို ရှင်းရှင်းဖျက်ဆီးတော်မမူ။ စွန့်ပစ်တော်မမူ။ သို့ဖြစ်၍ အိုအကျွန်ုပ်တို့၏ဘုရား ကြီးမြတ်၍မဟာတန်ခိုးနှင့်ပြည့်စုံလျက် ကြောက်မက်ဘွယ်သောဘုရား၊ ကရုဏာပဋိညာဉ်တော်ကို စောင့်တော်မူသောဘုရား၊ အာရှုရိရှင် ဘုရင်လက်ထက်မှစ၍ ယနေ့တိုင်အောင် အကျွန်ုပ်တို့ရှင်ဘုရင်၊ မှူးမတ်၊ ယဇ်ပုရောဟိတ်၊ ပရောဖက်၊ အဆွေအမျိုးသူကြီး၊ ကိုယ်တော်၏လူအပေါင်းတို့ အပေါ်သို့ရောက်သော ဘေးဒဏ်ရှိသမျှကို ပမာဏမပြုဘဲ နေတော်မမူပါနှင့်။ ကိုယ်တော်မူကား အကျွန်ုပ်တို့အပေါ်သို့ ရောက်စေသမျှသောအမှု၌ တရားတော်မူ၏။ အကျွန်ုပ်တို့သည် မတရားသဖြင့် ပြုကြပါပြီ။ ကိုယ်တော်သည် တရားသဖြင့်သာ စီရင်တော်မူပြီ။ အကျွန်ုပ်တို့ရှင်ဘုရင်၊ မှူးမတ်၊ ယဇ်ပု ရောဟိတ်၊ အဆွေအမျိုးသူကြီးတို့သည် တရားတော်ကိုမစောင့် ပေးထားတော်မူသောပညတ်များနှင့် သက်သေခံချက်များတို့ကို နားမထောင်ကြ။ ကြီးသောကျေးဇူးကိုပြုလျက် အပ်ပေးတော်မူ၍ သူတို့ပိုင်သောနိုင်ငံ သနားတော်မူသော ပြည်ကြီးပြည်ကောင်း၌ နေရသော်လည်း အမှုတော်ကိုမဆောင်မရွက် မိမိတို့ပြုသောဒုစရိုက်ကိုမရှောင်ဘဲ နေကြပါ၏။ ဘိုးဘေးတို့သည် အလွန်မြတ်သောအသီးအနှံကို စားရသောအခွင့်နှင့် သူတို့အားပေးသနားတော်မူသောပြည်၌ အကျွန်ုပ်တို့သည် ယနေ့ အစေခံကျွန်ဖြစ်ကြပါ၏။ သူ့ကျွန်ခံရကြပါ၏။

**ဧဇရမှတ်စာ ၉း၅-၁၅။** ညဦးယံယဇ်ပူဇော်ချိန်တွင် စိတ်ပျက်ရာမှထ၍ အတွင်းအဝတ်၊ ပြင်အဝတ်ကိုဆုတ်ပြီးလျှင် ဒူးထောက်၍ ငါ၏ဘုရားသခင်ထာဝရဘုရားထံတော်သို့ လက်ဝါးတို့ကိုဖြန့်လျက် အိုအကျွန်ုပ်ဘုရားသခင်၊ ကိုယ်တော်သို့ မမျှော်မကြည့်ဝံ့၊ ရှက်ကြောက်၍မျက်နှာနီပါ၏။ အကျွန်ုပ်ဘုရားသခင် အကျွန်ုပ်တို့ပြုမိသော ဒုစရိုက်တို့သည် အကျွန်ုပ်တို့ခေါင်းပေါ်မှာ အထပ်ထပ်လွှမ်းမိုး၍ ကြီးစွာသောအပြစ်သည် မိုဃ်းကောင်းကင်သို့မှီပါ၏။ ဘိုးဘေးလက် ထက်မှစ၍ ယနေ့တိုင်အောင် အလွန်ပြစ်မှားပါပြီ။ ကိုယ်အပြစ်ကြောင့် ရှင်ဘုရင်နှင့်ယဇ်ပု ရောဟိတ်မှစ၍ အကျွန်ုပ်တို့သည် ယနေ့တိုင်အောင်ခံသကဲ့သို့ တပါးအမျိုးသားရှင် ဘုရင်လက်သို့အပ်ခြင်း၊ အသေသတ်ခြင်း၊ သိမ်းသွားခြင်း၊ လုယက်ခြင်း၊ မျက်နှာပျက်ခြင်းကိုခံရပါ၏။ ယခုခဏတွင် အကျွန်ုပ်တို့၏

ဘုရားသခင် ထာဝရဘုရားသည် အကျွန်ုပ်တို့ကိုဘေးမဲ့ လွတ်၍ ကျန်ကြွင်းစေလျက် သန့်ရှင်းသောဌာနတော်၌ စွဲထားသော တံစို့ကို ပေးတော်မူသော ကျေးဇူးတော်ကြီးလှပါ၏။ အကျွန်ုပ်တို့ဘုရားသခင်သည် အကျွန်ုပ်တို့မျက်စိကိုလင်းစေ၍ အကျွန်ုပ်တို့ ကျွန်ခံနေရာ၌ အသက်ရှုပြန်ရသောအခွင့်ကို ပေးတော်မူ၏။ အကျွန်ုပ်တို့သည် ကျွန်ခံလျက်နေရပါ၏။ ထိုသို့ကျွန်ခံလျက်နေရသော်လည်း အကျွန်ုပ်တို့၏ဘုရားသခင်သည် စွန့်ပစ်တော်မမူ။ အကျွန်ုပ်တို့အသက်လွတ်ခြင်းငှါ၎င်း၊ အကျွန်ုပ်တို့ဘုရားသခင်၏အိမ်တော်ကို ထူထောင်၍ ပြိုပျက်ရာတို့ကို ပြုပြင်ခြင်းငှါ၎င်း၊ ယုဒပြည် ယေရုရှလင်မြို့၌ ခိုလှုံရာအရပ်ကို အကျွန်ုပ်အား ပေးခြင်းငှါ၎င်း၊ ပေရသိရှင်ဘုရင်တို့သည် အကျွန်ုပ်တို့၌ ကျေးဇူးပြုချင်သောစေတနာစိတ်ကို ပေးသနားတော်မူသည်။ ယခုလည်း အိုအကျွန်ုပ်တို့၏ ဘုရားသခင် ဤသို့ပြုမိပြီးမှ အဘယ်သို့ လျှောက်ရပါမည်နည်း။ ကိုယ်တော်က သင်တို့သွား၍သိမ်းယူ လတံ့သော ပြည်သည် ပြည်သူ ပြည်သား တို့အညစ်ကြေးကြောင့် ညစ်ညူးသောပြည်ဖြစ်၏။ တပြည်လုံးကိုရွံရှာဘွယ်အမှုတို့နှင့်ပြည့်စေကြပြီ။ သို့ဖြစ်၍ သင်တို့ သမီးကို သူတို့သားအား မပေးစားကြနှင့်။ သူတို့၏သမီးကို သင်တို့သားနှင့် မစုံဘက်စေကြနှင့်။ သူတို့ချမ်းသာနှင့်သူတို့စည်းစိမ်ကို အလျှင်းမပြုကြနှင့်။ သင်တို့သည် ခွန်အားကြီး၍ မြေအသီးအနှံကိုစားရသောအခွင့် ထိုမြေကိုကိုယ်သားမြေးတို့၌ နိစ္စအမွေမြေ ဖြစ်စေ၍ အပ်ရသောအခွင့်ရှိစေခြင်းငှါ ထိုသို့ကျင့်၍နေကြလော့ဟု ကိုယ်တော်ကျွန်ပရောဖက်တို့အားဖြင့် မှာထားတော်မူသော ပညတ်စကားတော်ကို အကျွန်ုပ်တို့သည် နားမထောင်ပါတကား။ အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရားတည်း ဟူသော ကိုယ်တော်သည် အကျွန်ုပ်တို့ခံထိုက်သမျှသောအပြစ်ဒဏ်ကို ပေးတော်မမူသော်လည်း အကျွန်ုပ်တို့သည် ကိုယ်တိုင်ပြုမိသော ဒုစရိုက်အမှုကြီးစွာသောလွန်ကျူးခြင်းအပြစ်ကြောင့် ဤမျှလောက်ခံရပြီးမှ၎င်း၊ ကိုယ်တော်သည် ဤမျှလောက်ချမ်းသာ ပေးတော်မူပြီးမှ၎င်း၊ အကျွန်ုပ်တို့သည် ပညတ်တရားတော်တို့ကို တဖန်လွန်ကျူး၍ ဤရွံရှာဘွယ်အမှုတို့ကို ပြုတတ်သောလူမျိုးနှင့် ပေါင်းဘော် လျှင် တယောက်မျှမလွတ် မကျန်ကြွင်းစေခြင်းငှါ အမျက်တော်ထွက်၍ အကျွန်ုပ်တို့ကို ဖျက်ဆီးတော်မူမည်မဟုတ်လော။ အိုဣသရေလ အမျိုး၏ ဘုရားသခင်ထာဝရဘုရား ကိုယ်တော်သည် ဖြောင့်မတ်တော်မူ၏။ အကျွန်ုပ်တို့သည် ယနေ့အသက်လွတ်၍ ကျန်ကြွင်း သေးသောသူဖြစ်ပါ၏။ ကိုယ်အပြစ်များကို ရှေ့တော်၌တောင်းပန်ပါ၏။ ထိုအပြစ်ကြောင့် ရှေ့တော်၌ နေရာမရနိုင်ပါဟု တောင်းလျှောက်လေ၏။

**ဝတ်ပြုရာကျမ်း ၂၆း၄ဝ။** သို့ရာတွင် သူတို့သည် ငါ့ကိုပြစ်မှား၍ ငါ့ကိုဆန့်ကျင်ဘက်ပြုကြ၏။

**(ဃ) အဖွဲ့များသည် ပြဿနာများကို ပွင့်လင်းစွာ ဆွေးနွေးပြီး အဖြေရှာသင့်ပါသည်။**

**(င) ခရစ်တော်နှင့် သူ၌ရှိသောညီညွတ်မှုကို အတူဆင်နွှဲပါ။**

**ဧဖက်ဆုဩဝါဒစာ ၂း၁၄။** အကြောင်းမူကား လူမျိုးနှစ်မျိုးကို တစ်လုံးတစ်ဝတည်းဖြစ်စေခဲ့သော ကိုယ်တော်သည် ငါတို့၏ ငြိမ်းချမ်းသာယာခြင်းဖြစ်၍ ပိုင်းခြားထားသော ရန်လိုမုန်းတီးမှုတံတိုင်းကို ဖြိုချတော်မူ၏။

**နိဂုံးချုပ်လေ့ကျင့်ခန်း**

**ရှင်ပေတရုဩဝါဒစာ ပထမစောင် ၄း၈။** အထူးသဖြင့် သင်တို့အချင်းချင်း စွဲမြဲစွာချစ်ခင်လေးစားကြလော့။ အကြောင်းမူကား ချစ်ခြင်း မေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးလွှမ်းထားနိုင်သောကြောင့်ဖြစ်၏။

# ၁၁။

# အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း။

### ၁။ ထေနီးဆာဒေသသို့ လှမ်းလာနေသော ပြဿနာ

### ၂။ အနာဂတ်အတွက် အဘယ်ကြောင့် ကြိုတင်ပြင်ဆင်သင့်ပါသနည်း။

**ပညာအလိမ္မာကျမ်း ၂၂း၃။** ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် လိမ္မာပါးနပ်သောသူသည် ဘေးအန္တရာယ်ကို ကြိုတင်မြင်တတ်၍ ပုန်းရှောင်တတ်၏။ ရိုးအသောသူမူကား မတိမ်းရှောင်သောကြောင့် ဘေးဒုက္ခ ရောက်ရ၏။

**တမန်တော်ဝတ္ထု ၂၀း၂၆-၃၁။** ထို့ကြောင့် သင်တို့အားလုံး၏သွေးနှင့် ငါကင်းလွတ်ကြောင်း ယနေ့၌ပင် သင်တို့အား ငါသက်သေခံပါ၏။ အကြောင်းမူကား ငါသည် ဘုရားသခင်၏ညွှန်ကြားချက်ကို သင်တို့အား အကုန်အစင်ဟောပြောခဲ့သောကြောင့်ဖြစ်၏။ သို့ဖြစ်၍ သင်တို့သည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ သခင်ဘုရားကိုယ်တော်တိုင် မိမိ၏သွေးဖြင့်ရယူထားပြီး ဝိညာဉ်တော်မြတ်က သင်တို့အုပ်ချုပ်ကြရန်အပ်နှံထားသော ကိုယ်တော်၏သိုးစုတစ်စုလုံးကိုလည်းကောင်း သတိနှင့်ကြည့်ရှုကြလော့။ ငါထွက်သွားပြီး နောက် သိုးစုကိုမညှာမတာကိုက်ဖြတ်စားသောက်တတ်သော ဝံပုလွေတို့သည် သင်တို့အလယ်သို့ဝင်လာကြမည်ကို ငါသိ၏။ သင်တို့အထဲမှ အချို့တို့သည်လည်း တပည့်တော်များကို သူတို့နောက်သို့လိုက်စေခြင်းငှါ လွဲမှားသောအရာများကိုပြောဆိုရန် ထွက်ပေါ်လာကြလိမ့်မည်။ ထို့ကြောင့် ငါသည် သုံးနှစ်ပတ်လုံး နေ့ညမပြတ် သင်တို့တစ်ဦးစီကို မျက်ရည်နှင့်သတိပေးဆုံးမခဲ့ကြောင်းကို အောက်မေ့လျက် သတိထားကြလော့။

**ယေရမိအနာဂတ္တိကျမ်း ၂၃း၁။** ထာဝရဘုရားမိန့်တော်မူသည်ကား ငါ့ထံမှာကျက်စားသော သိုးတို့ကိုဖျက်ဆီး၍ အရပ်ရပ်သို့ ကွဲပြားစေသောသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။

### ၃။ မည်သို့သောနည်းဖြင့် လက်တွေ့ကျကျ ပြင်ဆင်နိုင်မည်နည်း။

### ၄။ အန္တရာယ်ကျရောက်သောအခါ မည်သို့အဆက်အသွယ်ပြုကြမည်နည်း။

(က) ___ မိသားစုဝင်များ

(ခ) ___ အသင်းတော်နှင့် ရပ်ကွက်အတွင်း နေထိုင်ကြသူများ

(ဂ) ___ အခြားဒေသ (သို့) အခြားနိုင်ငံ၌ နေထိုင်ကြသူများ

### ၅။ ပဋိပက္ခဖြစ်ချိန်တွင် ဝိညာဉ်ရေးပြင်ဆင်မှုများ မည်သို့ပြုနိုင်ပါမည်နည်း။

### (က) __ အကယ်၍ လက်နက်ကိုင်တစ်ဦးက လူတစ်ယောက်ယောက်ကို သင်မသတ်ပါက သင့်ကိုသတ်မည်ဟုဆိုခဲ့သော် မည်သို့ပြုမည်နည်း။

**ဗျာဒိတ်တော်ကျမ်း ၂၁း၁-၇။** ထို့နောက် ကောင်းကင်သစ်နှင့်ကမ္ဘာသစ်ကို ငါမြင်ရ၏။ အကြောင်းမူကား ပထမကောင်း ကင်နှင့် ပထမကမ္ဘာသည် ကွယ်ပျောက်သွားခဲ့ပြီး ပင်လယ်သည်လည်း မရှိတော့ချေ။ ဘုရား သခင်စံမြန်းတော်မူရာကောင်းကင်မှ သန့်ရှင်းသောဂျေရုဆလင်မြို့တော်သစ်ကြီးသည် မိမိခင်ပွန်းအတွက် ဆင်မြန်းထားသော မင်္ဂလာဆောင်သတို့သမီး ကဲ့သို့ပြင်ဆင်လျက် ဆင်းသက်လာသည်ကို ငါမြင်ရ၏။ ထို့နောက် ပလ္လင်တော်ပေါ်မှ ကျယ်လောင်သောအသံကို ငါကြားရသည်ကား ကြည့်လော့၊ ဘုရား သခင်စံမြန်းတော်မူရာအိမ်တော်သည် လူတို့နှင့်အတူရှိ၏။ ကိုယ်တော်သည် လူတို့နှင့်အတူစံမြန်းတော်မူ၍ သူတို့သည် ကိုယ်တော်၏

လူမျိုးတော်ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည်လည်း ကိုယ်တော်တိုင် သူတို့နှင့်အတူရှိတော်မူလိမ့်မည်။ ကိုယ်တော်သည် သူတို့၏ မျက်စိများထဲမှ မျက်ရည်ရှိသမျှကို သုတ်ပေးတော်မူလိမ့်မည်။ သေခြင်းသည်လည်း ရှိလိမ့်မည်မဟုတ်။ ဝမ်းနည်းပူဆွေးခြင်း၊ ငိုကြွေး ခြင်းနှင့် နာကျင်ခြင်းများသည်လည်း ရှိကြလိမ့်မည်မဟုတ်။ အကြောင်းမူကား ယခင်ကရှိခဲ့သောအရာတို့သည် ပျောက်ကွယ်သွား ကြလေပြီဟူ၍ ဖြစ်သတည်း။

ထိုအခါ ပလ္လင်တော်၌ စံနေတော်မူသောအရှင်က ကြည့်လော့၊ ငါသည် အရာခပ်သိမ်းကို အသစ်ဖန်ဆင်းလေပြီဟု မိန့်တော်မူ၏။ ထို့ အပြင်သူက ဤအရာကို ရေးမှတ်လော့။ အကြောင်းမူကား ဤစကားများမှာ ယုံကြည်ထိုက်၍ မှန်ကန်ကြသည်ဟု မိန့်တော်မူ၏။ ထို့နောက် သူက ဤအရာများသည် ပြီးဆုံးလေပြီ။ ငါသည် အာလ်ဖာနှင့်အိုမီကာ အစနှင့်အဆုံးဖြစ်တော်မူ၏။ ရေငတ်သောသူအား အသက်၏ စမ်းရေမှရေကို အဖိုးအခမယူဘဲ ငါပေးမည်။ အောင်မြင်သောသူသည် ဤအမွေတော်ကို ခံစားရလိမ့်မည်။ ငါသည် သူ၏ ဘုရားဖြစ်၍ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။

**ထွက်မြောက်ရာကျမ်း ၂၀း၁၃။** လူအသက်ကို မသတ်နှင့်။

## (ခ) လက်နက်ကိုင်တစ်ဦးက သင်ပိုင်ဆိုင်သမျှကို တောင်းသည့်အခါ သင်မည်သို့ပြုမည်နည်း။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၆း၂၄-၃၃။** မည်သူမှ သခင်နှစ်ပါးကိုအစေမခံနိုင်။ အကြောင်းမူကား သူသည် သခင်တစ်ပါးကိုမုန်းပြီး ကျန်တစ်ပါးကို ချစ်၍သော်လည်းကောင်း၊ သခင်တစ်ပါးကို သစ္စာခံပြီး ကျန်တစ်ပါးကို မထီ မဲ့မြင်ပြု၍သော်လည်းကောင်း ရှိလိမ့် မည်။ သင်တို့သည် ဘုရားသခင်နှင့် ဥစ္စာဓနနှစ်ပါးစလုံးကို အစေမခံနိုင်။ ထို့ကြောင့် သင်တို့အားငါဆိုသည်ကား သင်တို့၏ဘဝ အသက် ရှင်ရေးအတွက် မည်သည့်အရာကို စားသောက်ရမည်ဟူ၍လည်းကောင်း၊ သင်တို့၏ခန္ဓာကိုယ်အတွက် မည်သည့်အရာကို ဝတ်ဆင်ရ မည်ဟူ၍လည်းကောင်း စိုးရိမ်ပူပန်ခြင်းမရှိကြနှင့်။ အသက်သည် အစာထက်မြတ်သည်မဟုတ်လော။ ခန္ဓာကိုယ်သည် အဝတ် ထက်မြတ်သည်မဟုတ်လော။ မိုးကောင်း ကင်ငှက်တို့ကို ကြည့်ကြလော။ ထိုငှက်တို့သည် မျိုးစေ့လည်းမကြဲ၊ ကောက်နှံများကိုလည်း မရိတ်သိမ်း၊ ကျီများတွင်လည်း သိုလှောင်ခြင်းမပြုကြချေ။ သို့သော် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဖသည် ထိုငှက်တို့ကို ကျွေးမွေးတော်မူ၏။ သင်တို့သည် ထိုငှက်များထက် သာ၍မြတ်ကြသည်မဟုတ်လော။ သင်တို့တွင် မည်သူသည် စိုးရိမ်ကြောင့်ကြ ခြင်းဖြင့် မိမိဘဝသက်တမ်းကို အနည်းငယ်မျှ တိုးစေနိုင်သနည်း။ သင်တို့သည် အဘယ် ကြောင့်အဝတ်အထည်အဖို့ စိုးရိမ်ကြောင့်ကြ နေကြသနည်း။ လယ်ကွင်းပြင်ရှိ တောနှင်းပန်းတို့ မည်ကဲ့သို့ရှင်သန်နေကြသည်ကို ဆင်ခြင်သုံးသပ်ကြလော့။ ၎င်းတို့သည် အလုပ် လည်းမလုပ်၊ ဗိုင်းလည်းမငင်ကြချေ။ သို့သော်လည်း သင်တို့အားငါဆိုသည်မှာ ဘုန်းတန်ခိုးကြီး သော ဆောလမွန်ဘုရင်သည်ပင်လျှင် ထိုပန်းပင်တစ်ပင်ကဲ့သို့ မဆင်မြန်းခဲ့ရပေ။ ယုံကြည်ခြင်းအားနည်းသောသင်တို့ ယနေ့ရှင်သန်လျက် မနက်ဖြန် မီးဖိုထဲသို့ ပစ်ချခြင်း ခံရသော လယ်ကွင်းပြင်မှတောမြက်တို့ကိုပင် ဘုရားသခင်သည် ဤသို့ဆင်ယင်ပေးတော်မူလျှင် သင်တို့ကိုမူကား ထိုထက်မက အဆပေါင်း များစွာ ဆင်ယင်ပေးတော်မူမည် မဟုတ်လော။ ထို့ကြောင့် အကျွန်ုပ်တို့ မည်သည့်အရာကိုစားသောက်ကြရမည်နည်း၊ မည်သည့် အရာကို ဝတ်ဆင်ကြရမည်နည်းဟုဆို၍ စိုးရိမ်ပူပန်ခြင်းမရှိကြနှင့်။ အကြောင်းမူကား ဘုရားမဲ့သောသူတို့သာလျှင် ဤအရာခပ်သိမ်းတို့ကို ရှာဖွေတတ်ကြ၏။ ကောင်းကင်ဘုံရှင် သင်တို့အဖသည် ဤအရာအလုံးစုံကို သင်တို့လိုအပ်ကြောင်း သိတော် မူ၏။ ဘုရားသခင်၏ နိုင်ငံတော်နှင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။ ထိုအခါ သင်တို့အား ဤအရာ အလုံးစုံကို ထပ်လောင်း၍ ပေးသနားတော်မူလိမ့်မည်။

**ဟေဗြဲဦးသြဝါဒစာ ၁၀း၃၄။** တောအုပ်ကို ပုဆိန်နှင့်ခုတ်ပယ်တော်မူ၍ လေဗနုန်တောသည် တန်ခိုးကြီးသောသူ၏လက်အားဖြင့် လဲလျက်နေလိမ့်သတည်း။

**ရှင်လုကာဧဝံဂေလိကျမ်း ၁၂း၁၅။** ထို့နောက် ကိုယ်တော်က လောဘစိတ်လွန်ကျူးခြင်းကို သတိပြု၍ ရှောင်ကြဉ်ကြလော့။ အကြောင်းမူကား လူ၏အသက်သည် ဥစ္စာနေကြွယ်ဝခြင်း၌ တည်သည်မဟုတ်ဟု သူတို့အား မိန့်တော်မူ၏။

## (ဂ) ရန်သူက သင်အသက်ရှင်နိုင်ရန် ခရစ်တော်ကို ငြင်းပယ်ရမည်ဟုဆိုသော် အဘယ်သို့ပြုမည်နည်း။

**ရှင်မာကုဧဝံဂေလိကျမ်း ၈း၃၁-၉း၁။** ထိုအခါ ကိုယ်တော်က လူသားသည် ကြီးစွာသောဒုက္ခဝေဒနာ ခံရမည့်အကြောင်းကိုလည်း ကောင်း၊ သက်ကြီးဝါကြီးများ၊ ကျမ်းတတ်ဆရာများနှင့် ရဟန်းအကြီးအကဲများ၏ ငြင်းပယ်ခြင်းကိုခံရ၍ အသေသတ်ခြင်း ခံရမည့် အကြောင်းကိုလည်းကောင်း၊ သုံးရက်လွန်ပြီးသော အခါတွင် ရှင်ပြန်ထမြောက်မည့်အကြောင်းကိုလည်းကောင်း သူတို့အား စတင်

သွန်သင်တော်မူ၏။ ကိုယ်တော်သည် ဤအကြောင်းကို ပွင့်လင်းစွာမိန့်မြွက်တော်မူသောအခါ ပေတရုသည် ကိုယ်တော့်ကို ခေါ်ထုတ်၍ စတင်ပြစ်တင်ပြောဆိုလေ၏။ သို့သော် ကိုယ်တော်သည် တပည့်တော်များဖက်သို့လှည့်၍ကြည့်လျက် ပေတရုအား အချင်းဆာတန် ငါ့နောက်သို့ဆုတ်လော့။ သင်သည် ဘုရားသခင်နှင့်ဆိုင်ရာကို စိတ်မစွဲဘဲ လူတို့နှင့်ဆိုင်ရာကိုသာစိတ်စွဲလျက်ရှိသည်ဟု ပြစ်တင်ပြောဆိုတော်မူ၏။

ကိုယ်တော်သည် မိမိတပည့်တော်များနှင့်အတူ လူအစုအဝေးတို့ကို အထံတော်သို့ခေါ် ပြီးလျှင် သူတို့အားမိန့်တော်မူသည်ကား ငါ၏နောက်သို့လိုက်လိုသောသူသည် မိမိကိုယ်ကို ငြင်းပယ်စေ။ မိမိ၏လက်ဝါးကပ်တိုင်ကိုလည်းထမ်း၍ ငါ၏နောက်သို့လိုက်စေ။ အကြောင်း မူကား မိမိ၏အသက်ကို ကယ်တင်လိုသောသူသည် အသက်ဆုံးရှုံးလိမ့်မည်။ ငါ့အတွက်နှင့် ဧဝံဂေလိတရားတော် အတွက်ကြောင့် အသက်ဆုံးရှုံးရသောသူသည် မိမိ၏အသက်ကို ကယ် တင်လိမ့်မည်။ လူသည် စကြဝဠာတစ်ခုလုံးကိုအစိုးရသော်လည်း မိမိ၏အသက်ဝိညာဉ်ဆုံး ရှုံးလျှင် အဘယ်အကျိုးရှိမည်နည်း။ လူသည် မိမိ၏အသက်ကို မည်သည့်အရာနှင့်လဲလှယ်နိုင်မည်နည်း။ အကြောင်းမူကား အပြစ်ကျူးလွန်၍ စာရိတ္တဖောက်ပြန်တတ်သော ဤလူမျိုးဆက်တွင် မည်သူမဆို ငါနှင့်ငါ့စကားများကြောင့် ရှက်လျှင် လူသားသည် သန့်ရှင်းသောကောင်းကင်တမန်တော်များနှင့်အတူ ခမည်းတော်၏ဘုန်းဂုဏ်တော်၌ ကြွလာတော်မူသော အခါ ထိုသူ့အတွက် ရှက်လိမ့်မည်ဟု မိန့်တော်မူ၏။ထို့နောက် ကိုယ်တော်က ဤနေရာတွင် ရပ်နေကြသောသူအချို့တို့မူကား ဘုရားသခင်၏နိုင်ငံတော်သည် တန်ခိုးအာဏာနှင့်ရောက်လာသည်ကို မမြင်ရမီ သေခြင်းကို မမြည်းစမ်းရဟု သူတို့အားမိန့်တော်မူ၏။

**တမန်တော်ဝတ္ထု ၄း၁၃-၂၁။** ထိုသူတို့သည် ပေတရုနှင့်ယောဟန်တို့၏ ရဲစွမ်းသတ္တိကိုမြင်ကြလျှင် သူတို့သည် ပညာတတ်များ မဟုတ်ဘဲ သာမန်လူများဖြစ်ကြသည်ကို သိသဖြင့် အံ့သြကြလေ၏။ ဤသူနှစ်ဦးတို့ သည် ယေရှုနှင့်အတူရှိခဲ့ကြသည်ကိုလည်း သူတို့ သတိရကြ၏။ သို့သော် ရောဂါပျောက် ကင်းသွားသောသူသည် သူတို့၏နံဘေးတွင်ရပ်လျက်နေသည်ကို သူတို့မြင်ကြသောအခါ သူတို့၌ ငြင်းခုံစရာအကြောင်းမရှိတော့ချေ။ ထို့ကြောင့် သူတို့သည် တမန်တော်တို့ကို လွှတ်တော်အပြင်သို့ ထွက်သွားစေပြီးမှ အချင်းချင်း ဆွေးနွေးတိုင်ပင်လျက် ဆိုကြသည်မှာ ဤသူတို့ကို ငါတို့မည်သို့ပြုရမည်နည်း။ အကြောင်းမူကား သူတို့သည် ထူးခြားသော တန်ခိုးလက္ခဏာတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း ဂျေရုဆလင်မြို့သူမြို့သားများ ထင်ရှားစွာသိမြင်ကြသဖြင့် ယင်းကိုငြင်းဆိုခြင်းငှာ ငါတို့ မတတ်နိုင်ကြ။ သို့သော် ဤသတင်းသည် လူတို့အကြားတွင် နောက်ထပ်မပျံ့နှံ့စေခြင်းငှာ ဤအမည်နာမကိုအမှီပြု၍ မည်သူ့ကိုမျှ ထပ်မံဟောပြောခြင်းမပြုစေရန် ဤသူနှစ်ယောက်ကို ခြိမ်းခြောက်ကြစို့ဟု ဆိုကြ၏။

ထို့နောက် သူတို့သည် တမန်တော်တို့ကိုခေါ် ပြီးလျှင် ယေရှု၏နာမကိုအမှီပြုလျက် ထပ်မံဟောပြောသွန်သင်ခြင်း လုံးဝမပြုလုပ်ရန် တားမြစ်ကြ၏။ သို့သော် ပေတရုနှင့်ယောဟန်တို့က ဘုရားသခင်၏စကားကို နားမထောင်ဘဲ သင်တို့၏စကားကို နားထောင်ခြင်းသည် ဘုရား သခင်၏မျက်မှောက်တွင် မှန်သည်မမှန်သည်ကို သင်တို့သာလျှင် ဆုံးဖြတ်ကြလော့။ အ ကြောင်းမူကား ငါတို့သည် ငါတို့မြင်ခဲ့ကြားခဲ့ရသောအရာများကို မဟောပြောဘဲမနေနိုင်ဟု ပြန်ပြောကြ၏။ ထိုသူတို့သည်လည်း တမန်တော်တို့ကို အပြစ်ပေးရန် နည်းလမ်းရှာမတွေ့ကြသဖြင့် သူတို့ကို ထပ်မံခြိမ်းခြောက်ကြပြီးလျှင် လွှတ်လိုက်ကြ၏။ အကြောင်းမူကား လူအပေါင်းတို့သည် ဖြစ်ပျက် ခဲ့သောအခြင်းအရာအတွက် ဘုရားသခင်ကို ချီးမွမ်းကြသော ကြောင့်ဖြစ်၏။

**ဗျာဒိတ်တော်ကျမ်း ၃း၇-၁၀။** ဖိလာဒေးဖိယမြို့တွင်ရှိသော အသင်းတော်၏တမန်တော်ထံသို့ ဤအတိုင်းရေးသားလော့။ သန့်ရှင်းမြင့်မြတ်သောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိတ်မင်း၏သော့ကိုကိုင်၍ သူဖွင့်လျှင် မည်သူမျှမပိတ်နိုင်။ သူပိတ်လျှင် မည်သူမျှ မဖွင့်နိုင်သောသူ၏ အမိန့်စကားသည်ကား ဤသို့တည်း။ သင်၏လုပ်ဆောင်ချက်များကို ငါသိ၏။ ကြည့်လော့၊ မည်သူမျှမပိတ်နိုင်သောတံခါးကို သင်၏ ရှေ့၌ငါဖွင့်ထား၏။ သင်၌တန်ခိုးအာဏာနည်းပါးကြောင်း ငါသိ၏။ သို့သော် သင်သည် ငါ၏စကားကို စောင့်ထိန်း၍ ငါ၏ နာမတော်ကို မငြင်းပယ်ခဲ့ပေ။ ကြည့်လော့၊ ဂျူးလူမျိုးမဟုတ်ဘဲ မိမိတို့ကိုယ်ကို ဂျူးလူမျိုးဖြစ်သည်ဟု လိမ်ညာပြောဆိုသော ဆာတန်၏တရားဇရပ်မှလူတို့ကို သင်၏ခြေရင်း၌ လာရောက်ပျပ်ဝပ်စေမည်။ ငါသည် သင့်ကို ချစ်ခင်ကြောင်း သူတို့အားသိစေမည်။ သင်သည် ငါ၏သည်းခံခြင်းတရားကို လိုက်နာစောင့်ထိန်းသောကြောင့် ကမ္ဘာပေါ်၌နေထိုင်ကြသောသူများကို စစ်ဆေးရမည့် အချိန်ကာလကျရောက်သောအခါ ငါသည်သင့်ကို ကာကွယ်စောင့်ရှောက်မည်။

**(ဃ) သင်သည် သတ်ဖြတ်ခြင်းခံနေရသည့် လူမျိုးနွယ်စုတစ်ခုမှ လူတချို့ကို သင့်နေအိမ်တွင် ပုန်းကွယ်ခွင့်ပေးထားသည် ဆိုပါစို့။ ရန်သူများရောက်လာပြီး ထိုသူများ မည်သည့်အရပ်တွင်ရှိကြောင်း မေးမြန်းခဲ့သော် အမှန်တိုင်းပြောပြမည်လော။**

**ယောရှုမှတ်စာ ၂း၁-၁၆။** နုန်၏သားယောရှုသည် သူလျှိုနှစ်ယောက်ကို ရှိတ္တိမ်မြို့မှ တိတ်ဆိတ်စွာစေလွှတ်လျက် ခါနန်ပြည် ယေရိခေါမြို့ကိုသွား၍ ကြည့်ရှုကြလော့ဟု မှာထားလိုက်သည်အတိုင်း သူတို့သည် သွားပြီးလျှင် ရာခပ်အမည်ရှိသော ပြည့်တန်ဆာ မိန်းမအိမ်သို့ဝင်၍ နေလေ၏။ ပြည်သားအချို့တို့ကလည်း ဤပြည်ကို စူးစမ်းခြင်းငှါ ဣသရေလအမျိုးသားအချို့တို့သည် ယနေ့ညမှာ မြို့တွင်းသို့ဝင်ပါပြီဟု ယေရိခေါမင်းကြီးအား လျှောက်ကြားကြသည်ရှိသော် ယေရိခေါမင်းကြီးသည် ရာခပ်အား သင့်ဆီသို့ ရောက်လာ၍ သင့်အိမ်သို့ဝင်သောသူတို့ကို အပ်လော့။ သူတို့သည် တပြည်လုံးကိုစူးစမ်းခြင်းငှါ ရောက်လာပြီဟု အမိန့်တော်နှင့် စေလွှတ်လေ၏။ ရာခပ်သည် ထိုသူနှစ်ယောက်တို့ကို ဝှက်ထားနှင့်ပြီးမှ ကျွန်မဆီသို့လူရောက်သည်မှန်ပါ၏။ သို့ရာတွင် အဘယ် အရပ်ကလာသည်ကို မသိပါ။ မိုဃ်းချုပ်၍ တံခါးပိတ်ချိန်ရှိသောအခါ သူတို့သည် ထွက်သွားကြပါ၏။ အဘယ်အရပ်သို့ ထွက်သွား သည်ကို မသိပါ။ အလျှင်အမြန်လိုက်ကြလော့။ မှီကောင်းမှီပါလိမ့်မည်ဟု ပြန်ပြော၏။ သို့ဆိုသော်လည်း ထိုသူတို့ကို အိမ်အပေါ်သို့ တက်စေ၍ အမိုးပေါ်မှာဖြန့်ထားသော ပိုက်ဆန်ရိုးထဲ၌ ဝှက်ထားနှင့်ပြီး မင်းလုလင်တို့ သည် ယော်ဒန်မြစ်ကူးရာလမ်းသို့ လိုက်ကြ၏။ မြို့ပြင်သို့ရောက်ကြပြီးမှ မြို့တံခါးများကို ပိတ်ကြ၏။

သူလျှိုတို့သည် မအိပ်မှီ မိန်းမသည် သူတို့ရှိရာအိမ်မိုးပေါ်သို့တက်၍ ထာဝရဘုရားသည် သင်တို့အားဤပြည်ကို ပေးတော်မူကြောင်း ကိုငှင်း၊ သင်တို့ကို ငါတို့ကြောက်လန့်အားကြီး၍ သင်တို့ကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် စိတ်ပျက်ကြောင်းကိုငှင်း ကျွန်မသိပါ၏။ သင်တို့သည် အဲဂုတ္တုပြည်မှထွက်လာသောအခါ ဒေ့ပင်လယ်ရေကို ထာဝရဘုရား ခန်း ခြောက်စေတော်မူကြောင်းကို ငှင်း၊ ယော်ဒန်မြစ်တဘက်၌နေ၍ သင်တို့ရှင်းရှင်းဖျက်ဆီးသော အာမောရိရှင်ဘုရင် ရှိဟုန်နှင့်ဩဃတို့၌ သင်တို့ပြုသောအမှုကိုငှင်း အကျွန်ုပ်တို့ကြားရကြပြီ။ ထိုသိတင်းကိုကြားသောအခါ အကျွန်ုပ်တို့သည် စိတ်ပျက်၍ သင်တို့ကြောင့် တစုံတယောက်သောသူ၌မျှ ရဲရင့်ခြင်းသတ္တိအလျှင်းမကျန်ကြွင်းပါ။ အကြောင်းမူကား သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် အထက်ကောင်းကင်ဘုံ၌ငှင်း၊ အောက်အရပ်မြေကြီး၌ငှင်း အစိုးရသောဘုရားသခင်ဖြစ်တော်မူ၏။ သို့ဖြစ်၍ သင်တို့၌ ကျွန်မသည် ကျေးဇူးပြုသောကြောင့် သင်တို့ သည် ကျွန်မပေါက်ဘော်တို့၌ ကျေးဇူးပြု၍ ကျွန်မမိဘ၊ ညီအစ်မ၊ မောင်အစရှိသောသူတို့နှင့်ဆိုင်သမျှသောသူတို့ကို မသတ်ဘဲ အသက်ချမ်းသာပေးမည်ဟု ထာဝရဘုရားကို တိုင်တည်၍ကျိန်ဆိုကြပါ။ မှန်သောလက္ခဏာသက်သေကိုလည်း ပေးခဲ့ကြပါဟုဆိုလျှင် ထိုသူတို့က သင်သည် ငါတို့အမှုကို မဘော်မပြလျှင် သင့်အသက်အတွက် ငါတို့ သည် အာမခံဖြစ်စေတော့။ ဤပြည်ကို ထာဝရဘုရား ပေးတော်မူသောအခါ သင်၌သစ္စာစောင့်၍ ကျေးဇူးပြုမည်ဟု ဝန်ခံကြ၏။ ထိုမိန်းမနေရာအိမ်သည် မြို့ရိုးနားမှာရှိသောကြောင့် ထို သူတို့ကို ပြတင်းပေါက်ကကြိုးနှင့်လျှော့ချလျက် သင်တို့သည် လိုက်၍ရှာသောသူတို့နှင့် လွတ်မည်အကြောင်း တောင်ပေါ်သို့ပြေး၍ သုံးရက်ပုန်းနေကြပါ။ ရှာသောသူတို့သည် ပြန်သောနောက်မှ သွားကြပါဟုဆို၏။

**(င) အကယ်၍ ---- ဖြစ်ခဲ့သော် မည်သို့ပြုမည်နည်းဆိုသည့် အခြေအနေများတွင် သင့် အသိုင်းအဝိုင်းအတွက် အထောက်အကူဖြစ်စေမည့် အရာများကို ဆွေးနွေးရန်။**

## ၆။ အထောက်အကူဖြစ်မည့် ယေဘုယျဆန်သော ဆုံးဖြတ်ချက်များ

**ရှင်လုကာဧဝံဂေလိကျမ်း ၁၂း၁၂။** အကြောင်းမူကား ဝိညာဉ်တော်မြတ်သည် သင်တို့အား ထိုအချိန်နာရီ၌ မည်သည့်အရာကို ပြောဆိုရ မည့်အကြောင်း သွန်သင်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏။

# ၁၁(က)။
# သဘာဝဘေးအန္တရာယ် ဖြစ်ပြီးပြီးချင်း လူထုကိုကူညီခြင်း

**၁။ မြေပြိုမှု**

**၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက်ပိုင်းအတွက် ပြင်ဆင်ခြင်း**

**ဆာလံကျမ်း ၃၄း၁၈။** ထာဝရဘုရားသခင်သည် စိတ်နှလုံးကြေကွဲသောသူတို့၏အနီးတွင် ရှိတော်မူ၍ စိတ်နှလုံးကျိုးပဲ့ ကြေမွသောသူတို့ကို ကယ်တင်တော်မူ၏။

**ရောမသြဝါဒစာ ၈း၃၈-၃၉။** အကြောင်းမူကား သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ ကောင်းကင်တမန်တော်ကဖြစ်စေ၊ အုပ်စိုးသူများက ဖြစ်စေ၊ ပစ္စုပ္ပန်ကာလ၌ရှိသောအရာများကဖြစ်စေ၊ အနာဂတ်ကာလ၌ရှိလာမည့်အရာများကဖြစ်စေ၊ အာဏာတန်ခိုးဖြင့် ဖြစ်စေ၊ အထက်အရပ်မှဖြစ်စေ၊ အောက်အရပ်မှဖြစ်စေ၊ ဖန်ဆင်းထားသောအရာအားလုံးထဲမှ မည်သည့်အရာကပင်ဖြစ်စေ ငါတို့ကို ငါတို့၏သခင်ယေရှုးခရစ်တော်၌တည်ရှိသော ဘုရားသခင်၏မေတ္တာတော်မှ မကွဲကွာစေနိုင်ဟု ငါစွဲမြဲစွာခံယူသောကြောင့်တည်း။

**၃။ ကပ်ဘေးဖြစ်ပြီးပြီးချင်း ဒုက္ခသည်များကို စုစည်း၍ တွေ့ဆုံပါ။**

<u>က။ စိတ်ဒဏ်ရာကို တုံ့ပြန်လေ့ရှိသော အပြုအမူများအား သဘောပေါက်နားလည်စေပါ။</u>

<u>ခ။ မည်သည့်အရာသည် သင့်ကိုလျင်မြန်စွာသက်သာစေရန် အထောက်အကူဖြစ်စေသည်ကို သိထားပါ။</u>

<u>ဂ။ ပြန်လည်သက်သာလာစေရန်အတွက် အဟန့်အတားဖြစ်မည့်အရာများကို သတိထားပါ။</u>

**၄။ တစ်ဦးချင်းကို နားထောင်ပေးခြင်း**

**၅။ အဆက်မပြတ် ဂရုစိုက်ပေးခြင်း**

# ခွင့်လွှတ်ခြင်းအခမ်းအနား

### အစပြုခြင်း မိတ်ဆက်

**ရှင်လုကာဧဝံဂေလိကျမ်း ၁၁း၄။** သင်တို့သည် သူတစ်ပါးတို့ပြစ်မှားသည့် အပြစ်များကို ဖြေလွှတ်ပါလျှင် ကောင်းကင်ဘုံရှင် သင်တို့၏ အဖသည်လည်း သင်တို့၏အပြစ်များကို ဖြေလွှတ်တော်မူလိမ့်မည်။ သို့ရာတွင် သင်တို့သည် သူတစ်ပါးတို့ပြစ်မှားသည့် အပြစ်များကို မဖြေမလွှတ်ကြလျှင်မူကား သင်တို့အဖသည်လည်း သင်တို့၏အပြစ်များကို ဖြေလွှတ်တော်မူလိမ့်မည်မဟုတ်။

**ရှင်မာတေးဦးဧဝံဂေလိကျမ်း ၁၈း၂၇-၃၀။** ထိုအစေခံ၏သခင်သည်လည်း သနားသောစိတ်ဖြင့် သူ့ကိုလွှတ်ကာ သူ၏အကြွေးကိုလည်း စာရင်းမှပယ်ဖျက်လိုက်လေ၏။ ထိုအစေခံသည်ကား ထွက်သွားစဉ် မိမိအပေါ်၌ဒေနာရီတစ်ရာအကြွေးတင်သော အစေခံအဖော်တစ်ယောက်ကိုတွေ့လျှင် ထိုသူ၏လည်ပင်းကိုညှစ်လျက် ငါ့အားသင်ပေးဆပ်ရန်ရှိသည်ကိုပေးဆပ်လော့ဟု ဆို၏။ ထိုအခါ သူ၏ အစေခံအဖော်ကလည်း ပျပ်ဝပ်လျက်၊ အကျွန်ုပ်ကိုသည်းခံပါ။ အကြွေးရှိသမျှကို အကျွန်ုပ်ဆပ်ပါမည်ဟု သူ့အား တောင်းပန်လေ၏။ သို့သော် သူသည် လက်မခံဘဲ ထိုသူအကြွေးဆပ်သည့်တိုင်အောင် သူ့ကိုထောင်ထဲ၌ အကျဉ်းချထားလေ၏။

**ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၁း၉။** ငါတို့သည် မိမိတို့၏အပြစ်များကို ဝန်ခံကြလျှင် ကိုယ်တော်သည် သစ္စာတည်တော်မူ၍ တရားမျှတသဖြင့် ငါတို့၏အပြစ်များကို ခွင့်လွှတ်ပြီးလျှင် ငါတို့အား မကောင်းမှုအပေါင်းမှ စင်ကြယ်စေတော်မူလိမ့်မည်။

**ဟေဗြဲဦးဩဝါဒစာ ၉း၂၈။** လူအများတို့၏အပြစ်များကို ဖြေလွှတ်ခြင်းငှာ မိမိကိုယ်ကို တစ်ကြိမ်တည်းပူဇော်ခြင်းခံတော်မူသည်။

**ဟေဗြဲဦးဩဝါဒစာ ၁၀း၁၀။** ထိုအခါ ဘုရားသခင်၏အလိုတော်နှင့်အညီ ယေရှုခရစ်တော်၏ခန္ဓာကိုယ်ကို တစ်ကြိမ်တည်းနှင့် အပြီးအပိုင်ပူဇော်ခြင်းအားဖြင့် ငါတို့သည် သန့်ရှင်းစင်ကြယ်လာကြလေ၏။

**ရောမဩဝါဒစာ ၁၂း၁၉-၂၁။** ချစ်မိတ်ဆွေတို့၊ မည်သည့်အခါမျှ လက်စားချေခြင်း မပြုကြနှင့်။ ဘုရားသခင်သာလျှင် အပြစ်ဒဏ်စီရင်တော်မူပါစေ။ အကြောင်းမူကားလက်စားချေခြင်းသည်ငါနှင့်ဆိုင်၏။ အပြစ် နှင့်အလျောက် ငါပြန်၍စီရင်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏ဟူ၍ ကျမ်းစာတော် မြွက်၍ ရေးထား၏။ ထို့ကြောင့် သင်၏ရန်သူသည် ဆာလောင်နေလျှင် သူ့အား အစားအစာကျွေးလော့။ သူရေငတ်လျှင် သူ့အား သောက်စရာရေပေးလော့။ အကြောင်းမူကား သင်သည် ထိုသို့ပြုခြင်းဖြင့် သူ့၏ဦးခေါင်းပေါ်၌ မီးခဲကို ပုံထားသကဲ့သို့ဖြစ်လိမ့်မည်။ ဆိုလိုသည်မှာ သူသည် သင့်အပေါ် ပြုမူခဲ့သောအရာအတွက် မိမိကိုယ်ကို အရှက်ရလိမ့်မည်။ မကောင်း မှုသည် သင်တို့ကို အနိုင်မယူစေနှင့်။ ကောင်းကျိုးကိုပြုခြင်းအားဖြင့် မကောင်းမှုကို အနိုင်ယူကြလော့။

### ခါးသီးမှု၊ အပြစ်နှင့်နာကျင်မှုများကို ကားတိုင်သို့ ယူဆောင်လာခြင်း(၁၀ မိနစ်)။

**ဟေရှာယအနာဂတ္တိကျမ်း ၅၃း၄-၆။** သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ့်လမ်းသို့အသီးအသီးလိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။

**ဆာလံကျမ်း ၁၀၃း၁၂။** အရှေ့အရပ်သည် အနောက်အရပ်နှင့်ဝေးကွာသကဲ့သို့ ကိုယ်တော်သည် အကျွန်ုပ်တို့၏ ပြစ် မှားမှုများကို အကျွန်ုပ်တို့ထံမှ ဝေးကွာစေတော်မူ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၆၁း၁-၄။** ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကို စည်းစေခြင်းငှါင်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှါင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို

ကြားပြောစေခြင်းငှါငှင်း၊ စိတ်မသာညည်းတွားသောသူတို့အား နှစ်သိမ့်စေခြင်းငှါငှင်း၊ စိတ်မသာညည်းတွားသော ဇိအုန်မြို့သားတို့ အဘို့ စီရင်၍၊ ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်သောစိတ်သဘော အရာ၌ ချီးမွမ်းခြင်း အဝတ်တန်ဆာကို သူတို့အား ပေးစေခြင်းငှါငှင်း၊ ငါ့ကို စေလွှတ်တော်မူပြီ။ ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်းအသရေ တော်ဘို့ ထာဝရဘုရားစိုက်ပျိုး တော်မူသောအပင်ဟူ၍ သမုတ်ခြင်းကို ခံရကြလိမ့်မည်။ ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌ သုတ်သင်ပယ်ရှင်းရာတို့ကို တည်ဆောက်ကြလိမ့်မည်။ ဆိတ်ညံ သောမြို့ရာ၊ အစဉ်အဆက် စွန့်ပစ်ရာအရပ်တို့ကို ပြုစုကြလိမ့်မည်။

## အဖွဲ့အစည်းများကြား ပဋိပက္ခရှိနေသောအဖွဲ့များ ပါဝင်ပါက လုပ်ဆောင်ရန်

**ဟေရှာယအနာဂတ္တိကျမ်း ၆၁း၄။** ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌ သုတ်သင်ပယ်ရှင်းရာတို့ကို တည်ဆောက် ကြလိမ့်မည်။ ဆိတ်ညံသောမြို့ရာ အစဉ်အဆက်စွန့်ပစ်ရာအရပ်တို့ကို ပြုစုကြ လိမ့်မည်။